# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> **မိမိအဖို့ အကျိုးများနိုင်**
>
> သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။
>
> **ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)**


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ်(၀၅၁)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် တရုတ်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## ရခိုင်ပြည်နယ်အတွင်း လုံခြုံတည်ငြိမ် အေးချမ်းရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော်  နိုဝင်ဘာ  ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအချိန်ကာလသစ်၌ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အိမ်နီးချင်းကောင်း မိတ်ဆွေရင်း နိုင်ငံကြီးပီသစွာ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအား ဘက်စုံကဏ္ဍစုံတွင် ကူညီဆောင်ရွက်ပေးခဲ့မှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း လုံခြုံတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

# အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၏ ပူးပေါင်းပါဝင် ကူညီမှုများမှာ အင်မတန်အရေးကြီး

## ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံဆွေးနွေးပြီး လက်ရှိပြဿနာများ အမြန်ဆုံးဖြေရှင်းနိုင်ရေး လိုလား

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိနှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ရပ်ဝန်းနှင့် လမ်းကြောင်း စီမံကိန်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များ လဲလှယ်ပွဲကို ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ ရှေ့မှောက်၌ အမျိုးသားဇာတ်ရုံ (ရန်ကုန်) ပြုပြင်မွမ်းမံရေးစီမံကိန်း သဘောတူညီချက်ကိုသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း သဘောတူညီချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့က လည်းကောင်း၊ အမျိုးသားအားကစားရုံ(၁) ပြုပြင်မွမ်းမံမည့် စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ သဘောတူညီချက်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန

*စာမျက်နှာ ၃ ကော်လံ ၁* ✻


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by EUROMONEY 2017

မြန်မာ့အလင်း

# အမျိုးသားတိုးတက်ရေးနှင့် အမျိုးသားစာပေဆု

အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုပေးပွဲ ရန်ကုန်မြို့တွင် ကျင်းပသည်။

အမျိုးသားစာပေဆုဆိုသည်က စာပေနှင့်ပတ်သက်လျှင် မြန်မာနိုင်ငံတွင် ပေးအပ်သည့် အမြင့်မားဆုံးဆုဟု ဆိုရမည်ဖြစ်ပါသည်။ အမျိုးသားစာပေဆုနှင့် ပတ်သက်၍ မြန်မာပြည်သူတို့၏ စိတ်ဝင်စားမှု လျော့နည်းနေရာက ယခု ပြည်သူ့အစိုးရခေတ်တွင် ပြည်သူတို့ စိတ်ဝင်တစားရှိလာသည်ကို မြင်တွေ့ရပါသည်။

ယနေ့ကာလကဲ့သို့သော တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် အင်တိုက်အားတိုက် အကောင်အထည်ဖော်နေချိန်တွင် စာပေမြင့်မားတိုးတက်ရေးဆိုသည်က လွန်စွာအရေးကြီးပါသည်။ ယခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာမောင်သာနိုးမိန့်မြွက်သလို တိုးတက်သည့် နိုင်ငံများကိုကြည့်လျှင် ထိုနိုင်ငံသားတို့ အလွန်စာဖတ်ကြတာတွေ့ရမည်ဟူသည့်အတိုင်း တိုးတက်သည့် နိုင်ငံဖြစ်လိုလျှင် နိုင်ငံသားတို့စာဖတ်ကြရန်လိုပါမည်။

စာမတတ်သူ ပပျောက်ရေးမျှမကဘဲ စာမဖတ်သူ ပပျောက်ရေးကို အလေးအနက် ဆောင်ရွက်ကြရန်လိုပါမည်။ စာအုပ်စာပေ ဖတ်ရှုသူများ၏ ထင်ရှားသော လက္ခဏာတစ်ခုမှာ ကျိုးကြောင်းဆက်စပ် ဆင်ခြင်စဉ်းစားဉာဏ်ရင့်သန်လာခြင်းဖြစ်ပါသည်။ စာပေဖတ်ရှုဖန်များလာသည့်အခါ စာထဲမှာပါသည်များထဲမှ မတူကွဲပြားသည်တို့၊ မိမိသဘောနှင့် မညီမှု ညီမှုတို့ကို ဆက်စပ်စဉ်းစားကြည့်သည့် အလေ့အထ ဖြစ်စေပါသည်။ အထူးသဖြင့် ရသစာပေများကို ဖတ်ရှုရင်း သူတစ်ပါးကို စာနာထောက်ထားသည့် စိတ်နှလုံးနူးညံ့မှု၊ သုတစာပေများမှရရှိသည့် ဆင်ခြင်ဉာဏ်ရင့်သန်မှုစသည့် ပညာတိုးပွားမှုမှာ ဘဝကို ဖြတ်သန်းရရှိသည့် အတွေ့အကြုံများကဲ့သို့ပင် တန်ဖိုးကြီးလှပါသည်။

စာအုပ်စာပေကို လွန်စွာမြတ်နိုးရှိသေ တန်ဖိုးထားတတ်သည့် မြန်မာလူမျိုးတို့သည် မိမိတို့ကိုယ်ကိုယ် ယဉ်ကျေးသည့် လူမျိုးအဖြစ် အမြဲအစဉ် ဂုဏ်ယူခဲ့ကြသူများ ဖြစ်ပါသည်။

ဒီမိုကရေစီအမှောင်ခေတ်၊ အာဏာရှိသူများ၏ ကိုယ်ကျိုးရှာအခွင့်ထူးခံသည့်ခေတ်ကို ဖြတ်သန်းရင်း ဆင်းရဲမွဲတေမှုနွံတွင်းမှာ နေခဲ့ကြရ သည့် ပြည်သူတို့မှာ စာပင်မသင်နိုင်ကြတော့ဘဲ ဝမ်းရေးတစ်လုပ်အတွက်ကိုပင် ပင်ပင်ပန်းပန်း လုပ်ကိုင်လာကြရသည့်အခါ စာအုပ်စာပေတို့နှင့် ဝေးခဲ့ကြရသည်မှာ အမှန်။

သည်လိုနှင့် စာမဖတ်နိုင်၊ စာမဖတ်နိုင်သည့်အတွက် မတိုးတက်၊ မတိုးတက်သည့်အတွက် ဆင်းရဲတွင်းကမတက်။ ဆင်းရဲခြင်းကြောင့်ပင် စာဖတ်ဖို့ အခြေအနေမပေး၊ ထို့ကြောင့် စာမဖတ်နိုင်စသည့် သံသရာတွင်းမှာ တလည်လည် ဖြစ်နေခဲ့ကြရသည်။

တိုးတက်သည့် နိုင်ငံများအားလုံးတွင် စာဖတ်ခြင်းကို အားပေးသည့် အလေ့အထကို တွေ့မြင်ရပါမည်။ အထင်ရှားဆုံးက စာကြည့်တိုက်များပဲဖြစ်ပါလိမ့်မည်။ စာကြည့်တိုက်များ အများအပြားရှိသည့်အတွက် စာအုပ်ရေးသူများနှင့် ထုတ်ဝေသူများကလည်း အများအပြား အပြိုင်အရိုင်းတိုးတက်နေသည်။ တိုင်းပြည်အစိုးရက စာကြည့်တိုက်များ ပေါ်ထွန်းရေးအတွက် အထူးတလည် အားပေးသည်။ ပြည်သူ့အခွန်အခများကို စနစ်တကျသုံးစွဲ၍ သည်နေရာမှာ မြှုပ်နှံသည်။ ကလေးငယ်များအတွက် စာကြည့်တိုက်များ၊ ကလေးစာပေများကို မြှင့်တင်ထုတ်လုပ်နိုင်ရန် အစီအစဉ်များ ချမှတ်သည်။ ကလေးများ စာဖတ်ခြင်းဖြင့် စာဖတ်ဝါသနာရင့်သန်လာကာ စာဖတ်သူများ တိုင်းပြည်တွင်း ပေါ်များလာရေးကို အားပေးခြင်းဖြစ်သည်။

စာပေဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသော မှုတစ်ခုအနေဖြင့် အစိုးရများက ခံယူကာ ဆောင်ရွက်ကြသည်။

အချုပ်ကိုဆိုရလျှင် မြန်မာနိုင်ငံ တိုးတက်ရေးသည် မြန်မာစာပေတိုးတက်ရေးနှင့် ပတ်သက်ဆက်စပ်နေသည်။ စဉ်းစားဆင်ခြင်ဉာဏ်ရင့်သန်သော နိုင်ငံသားများ၊ တွေးခေါ်မြော်မြင်မှုအားကောင်းသော နိုင်ငံသားများ၊ အမှားအမှန်ကို ခွဲခြားဆန်းစစ်နိုင်သော နိုင်ငံသားဖြင့်သာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာတည်ဆောက်၍ ရမှာဖြစ်သည်ဟု ယုံကြည်မှုဖြင့် အမျိုးသားစာပေဆု ချီးမြှင့်ပေးအပ်သည့် အခမ်းအနားကို ဂုဏ်ပြုလိုက်ရပါသည်။ ။

# ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ Level 3 အဆင့် ပွဲစဉ် (၃) ရန်ကုန်မြို့၌ ကျင်းပ






**ရန်ကုန် နိုဝင်ဘာ ၁၉**

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲ Level 3 အဆင့် ပွဲစဉ်(၃)ကို ယနေ့ည ၈ နာရီခွဲက ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း ရွှေထွင်ဋ္ဌတင်ဝင်းအတွင်းရှိ Hexagon Complex ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**(အပေါ်ပုံ)**

အခမ်းအနားတွင် ငြိမ်းချမ်းရေးဂီတပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စေပိုင်ဆောက်လုပ်ရေးကုမ္ပဏီက အလှူငွေကျပ်သိန်းတစ်ရာ၊ MY Multi Media Co., Ltd မှ ဦးသီဟအောင်နှင့်ဇနီး ဒေါ်နန်းစောထွေး မိသားစုက အလှူငွေကျပ် သိန်းနှစ်ဆယ်တို့ကို လှူဒါန်းကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါသီချင်းဆိုပြိုင်ပွဲကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV မှ မြို့နေရာများသတ်မှတ်ကာ ပြိုင်ပွဲများကိုကျင်းပပေးခဲ့သည်။

Level 1 အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ဘားအံ၊ ကလေးမြို့တို့တွင် ကျင်းပခဲ့ပြီး အဆိုပါမြို့များမှ ဒေသလက်ရွေးစင် ၃၆ ဦး ထွက်ပေါ်လာခဲ့သည်။ ဆက်လက်၍ Level 2 အဆင့်ပွဲစဉ်(၄)ခုကို ကျင်းပခဲ့ပြီးနောက် ပြိုင်ပွဲဝင် ၁၁ ဦးကို Level 3 အဆင့်အတွက် ရွေးချယ်ခဲ့ကြောင်း သိရသည်။

Level 3 အဆင့်ကို ပွဲစဉ်(၄)ခုခွဲ၍ ကျင်းပလျက်ရှိရာ အဆိုပါပွဲစဉ်များတွင် ဒိုင်များ၏ ဆုံးဖြတ်ချက်အပြင် ပရိသတ်များ၏ Voting စနစ်လည်း ပါဝင်ကြောင်း သိရသည်။ ပရိသတ်များအနေဖြင့် မိမိကိုင်ဆောင်သည့် Operator အလိုက် SMS ပေးပို့နိုင်သည့် Code များမှာ MPT (7676)၊ Telenor (6600)၊ Ooredoo (6031) တို့သို့ ပြိုင်ပွဲကျင်းပပြီးစီးသည့်အချိန်မှ ၄၈ နာရီအတွင်း SMS ပေးပို့နိုင်ကြောင်း သိရသည်။

Level 3 အဆင့်ပွဲစဉ် (၁)ကို နိုဝင်ဘာ ၅ ရက်တွင် နေပြည်တော်၌လည်းကောင်း၊ ပွဲစဉ်(၂)ကို နိုဝင်ဘာ ၁၂ ရက်တွင် ရန်ကုန်မြို့၌ လည်းကောင်း ကျင်းပပေးခဲ့ပြီးဖြစ်ရာ ပွဲစဉ်(၂)မှ ဆက်လက်ယှဉ်ပြိုင်ရန် ရွေးချယ်ခံရသူများကို ယနေ့ ရန်ကုန်မြို့ Hexagon Complex ၌ ကျင်းပသည့် Level 3 အဆင့် ပွဲစဉ်(၃)တွင် ကြေညာပြီး ယင်းရွေးချယ်ခံရသူ ခုနစ်ဦးက ဆက်လက်ယှဉ်ပြိုင်ကြသည်။ Level 3 အဆင့် ပွဲစဉ်(၃)မှ ရွေးချယ်ခံရသူများကို နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပမည့် Level 3 အဆင့် ပွဲစဉ်(၄)တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Level 3 အဆင့်ပြိုင်ပွဲသို့ ရွေးချယ်ခံထားရသည့် ဆန်ခါတင် ၁၁ ဦး အနက်မှ သုံးဦးအား ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုများ ရွေးချယ်ကာ ပထမဆုအား ငွေကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ ဒုတိယဆုအား ငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ တတိယဆုအား ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ စီဖြင့် စုစုပေါင်း နှစ်သိမ့်ဆုရှစ်ဆု ချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များနှင့် ကျန်လက်ရွေးစင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဂီတပွဲတော်ကြီးအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် ၂၀၁၇ သီချင်းဆိုပြိုင်ပွဲများကို အဆိုပါပြိုင်ပွဲကျင်းပသည့်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ ည ၈ နာရီ သတင်းအပြီးတွင် တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtv webmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-လှမိုး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၉-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၅၅/၇၆၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၀/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၀၅/၈၁၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၇၅/၇၈၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၀ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ . ၆ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၈၈ |
| တရုတ် | တစ်ယွမ် | ၂၀၅ . ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၆ . ၄၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ *ရှေ့ဖုံးမှ*

ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံ အမတ်ကြီး မစ္စတာ ဟုန်လျန်တို့က လည်းကောင်း အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ရန်ကုန်မြို့၌ တည်ဆောက်ထားသည့် တရုတ်ယဉ်ကျေးမှု ဗဟိုဌာန ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တရုတ်နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဝမ်ယိတို့က ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဝမ်ယိတို့က နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။

**အရေးကြီးသော အစိတ်အပိုင်းဖြစ်**

သတင်းစာရှင်းလင်းပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိက ဒေါ်အောင်ဆန်းစုကြည်နှင့် ပထမဦးဆုံး စတင်တွေ့ဆုံစဉ်ကတည်းက တရုတ်-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု စင်္ကြံတစ်ခုကို သဘောတူညီခဲ့ကြပါကြောင်း၊ ယင်းပူးပေါင်းဆောင်ရွက်မှုစင်္ကြံသည် မန္တလေးတိုင်းဒေသကြီးကို ဖြတ်ကျော်ပြီး အရှေ့ဘက်တွင် ရန်ကုန်အထိရောက်ရှိကာ အနောက်ဘက်တွင် ကျောက်ဖြူအထိ ရောက်ရှိမည်ဖြစ်ပါကြောင်း၊ အဆိုပါစင်္ကြံမှာ One Belt & One Road ၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု စင်္ကြံ အကောင်အထည်ဖော်ခြင်းဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပြီး အရေးကြီးသော အစိတ်အပိုင်းဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ အမြင်ကို လက်ခံပါကြောင်း၊ ရခိုင်ပြည်နယ်ပြဿနာ ဖြေရှင်းရာတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ တွေ့ဆုံဆွေးနွေးအဖြေရှာကြရန် လိုအပ်သည်ဟု ယူဆပါကြောင်း။

**ကူညီပံ့ပိုးမည်**

ထိုသို့ တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကူညီပံ့ပိုးရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံဘက်မှ နှစ်နိုင်ငံအပြန်အလှန် ဒေါ်အောင်ဆန်းစုကြည်က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံမှာ အင်အားအရ၊ အတိုင်းအဆအရ အလွန်ကွာခြားသော်လည်း အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှုတို့တွင် တူညီသော မိတ်ဆွေ နိုင်ငံများဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တူညီသော မိတ်ဆွေစိတ်ဓာတ်ဖြင့် နှစ်နိုင်ငံအတွက် မျှတသောဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးသည် အင်မတန် လိုအပ်ပြီး ကောင်းမွန်သောလုပ်ရပ် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကလိုအပ်ချက်များမှာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအပြင် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါကြောင်း၊ ယခု လိုအပ်ချက်များအတွက် ကြိုးပမ်းသည့်နေရာတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၏ ပူးပေါင်းပါဝင်ကူညီမှုများမှာ အင်မတန်မှ အရေးပါပါကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါအချက်များကို သေသေချာချာ ဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ပါက မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက်သာမက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အမြန်ဆုံး အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
သတင်းစဉ်




တရုတ်ယဉ်ကျေးမှုဗဟိုဌာန ဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ ဖွင့်လှစ်ပေးစဉ်။
သတင်းစဉ်

ပါကြောင်း။

**တန်ဖိုးထား**

ရခိုင်ပြည်နယ်နှင့် ပတ်သက်သည့် အင်မတန်ရှုပ်ထွေးသော၊ နက်နဲသိမ်မွေ့လှသော ကိစ္စရပ်များအပေါ် တရုတ်နိုင်ငံက နားလည်မှုပေးသည့်အတွက် မြန်မာနိုင်ငံက တန်ဖိုးထားပါကြောင်း၊ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အဆိုပြုသော အချက်သုံးချက်မှာ မိမိတို့၏ အမြင်နှင့်လည်းတိုက်ဆိုင်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးအကြောင်း မိမိတို့ အမြဲပြောသည်မှာ တည်ငြိမ်ရေးအတွက်၊ ပဋိပက္ခ မဖြစ်စေရေးအတွက် ဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံဆွေးနွေးပြီး လက်ရှိပြဿနာများကို အမြန်ဆုံး ဖြေရှင်းနိုင်ရေးကို မြန်မာနိုင်ငံအနေဖြင့် များစွာလိုလားပါကြောင်း၊ တတိယအချက်ဖြစ်သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးတို့မှာ မိမိတို့အစိုးရ၏ ရခိုင်ပြည်နယ်အတွက်သာမက မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအတွက် မျှော်လင့်ချက်များ၊ ရည်ရွယ်ချက်များ ဖြစ်ပါကြောင်း၊ ယင်းသို့ အမျိုးမျိုးသော ပြဿနာများနှင့် ရင်ဆိုင်နေရချိန်တွင် မိတ်ဆွေကောင်းနေရာမှ ဝိုင်းဝန်းပံ့ပိုးကူညီပေးသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အင်မတန်အားတက်ရပါကြောင်း၊ အမြဲတမ်း အိမ်နီးနားချင်းနိုင်ငံများ ဖြစ်နေရမည့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အမြဲတမ်းမိတ်ဆွေကောင်း နိုင်ငံများ ဖြစ်ပါစေဟု ဆုတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်တွင်းသတင်းမီဒီယာများကိုယ်စား MITV မှ မေးမြန်းချက်နှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက တရုတ်နိုင်ငံ၏ မျှော်လင့်ချက်မှာ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးဖြစ်ပြီး ***စာမျက်နှာ ၄ သို့***

များ ပြုလုပ်ရန် ဆန္ဒရှိခဲ့ကြပါကြောင်း၊ ယခုအခါ (၁၃) ကြိမ်မြောက် အာဆမ် အစည်းအဝေး လာရောက်စဉ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံသည့်အခါ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ပိုမိုမြှင့်တင်နိုင်အောင် ဆွေးနွေးခဲ့ကြပါကြောင်း၊ လက်ရှိအစိုးရအနေဖြင့် ပြည်သူလူထု၏ ဆန္ဒအတိုင်း အကောင်အထည်ဖော်ရန် တရုတ်နိုင်ငံက ထောက်ခံခဲ့ပါကြောင်း၊ ထို့ပြင် စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ စားဝတ်နေမှုအဆင့်အတန်း မြှင့်တင်နိုင်ရေးအတွက် တရုတ်နိုင်ငံက အားပေးတိုက်တွန်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး လုပ်ငန်းအကောင်အထည်ဖော်ရာတွင် တရုတ်နိုင်ငံက ပူးပေါင်းထောက်ခံခဲ့ပါကြောင်း၊ ယခု ကျင်းပနေသော (၁၃) ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ပံ့ပိုးကူညီခဲ့ပါကြောင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ မိမိတို့ နိုင်ငံခြားရေးဝန်ကြီး နှစ်ဦးစလုံးက ထဲထဲဝင်ဝင် ဆွေးနွေးခဲ့ကြပြီး စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပူးပေါင်းတွေ့ဆုံဆွေးနွေးရန် သဘောတူထားပြီးဖြစ်ပါကြောင်း၊ ထိုပြဿနာဖြေရှင်းရေးအတွက် အခန်းကဏ္ဍသုံးခု ခွဲခြားရန် လိုအပ်သည်ဟုရှုမြင်ပါကြောင်း၊ ပထမအနေဖြင့် တည်ငြိမ်မှု၊ အေးချမ်းမှုရရှိပြီး နောက်ထပ်ပစ်ခတ်တိုက်ခိုက်မှု မဖြစ်ပေါ်စေရေးအတွက် ထိန်းသိမ်းရန် ဖြစ်ပါကြောင်း၊ ဒုတိယအနေဖြင့် ဆွေးနွေးပွဲအတွက် ကောင်းမွန်သော နည်းလမ်းရှာဖွေရန်ဖြစ်ပြီး တတိယအနေဖြင့် သဘောတူညီချက်စာချုပ်ကို အမြန်ဆုံး ချုပ်ဆိုကာ ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးကို ဖော်ဆောင်ရန် ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှု မရှိခြင်း၏ အကြောင်းရင်းမှာ ဆင်းရဲနွမ်းပါးမှုကြောင့် ဖြစ်ပါကြောင်း၊ ဆင်းရဲနွမ်းပါးမှု လျော့ချရေးတွင်လည်း နိုင်ငံတကာမှ ပိုမိုကူညီပံ့ပိုးရန်လိုအပ်ပါကြောင်း၊ ယခုအခါ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး အခန်းကဏ္ဍသစ်ကို ရောက်ရှိနေပြီဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး တိုးတက်မှုရှိရန်အတွက် ကူညီပံ့ပိုးမှုများ လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အထောက်အကူပြု**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိတို့ နှစ်နိုင်ငံသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။
သတင်းစဉ်



အမျိုးသားဇာတ်ရုံ(ရန်ကုန်) ပြုပြင်မွမ်းမံရေးစီမံကိန်း သဘောတူညီချက်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့ အပြန်အလှန် လဲလှယ်စဉ်။

သတင်းစဉ်



ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့ အပြန်အလှန် လဲလှယ်စဉ်။

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

အခန်းကဏ္ဍသုံးခု ခွဲထားပါကြောင်း၊ ထိုသို့ ကဏ္ဍခွဲရာတွင်လည်း မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ အသံကို နားထောင်ပြီး ကဏ္ဍခွဲခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ဖြေကြားသည်။

**ပြန်လည်ဖြေကြား**

ထို့အတူ ပြည်ပသတင်းဌာနများကိုယ်စား ဆင်ဟွာသတင်းဌာနမှ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်က မိမိတို့နှစ်နိုင်ငံအကြား အဓိကတိုးတက်မှုမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နားလည်မှုတိုးတက်လာခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နားလည်မှုရှိပါက မည်သည့်ပြဿနာမျိုးကိုမဆိုဖြေရှင်းနိုင်စွမ်းရှိသောကြောင့် အရေးအကြီးဆုံး တိုးတက်မှုဖြစ်ပါကြောင်း၊ Belt & Road သာမက အခြားနှစ်နိုင်ငံအတွက် အကျိုးရှိမည့်ကိစ္စများ၊ အကျိုးရှိမည့် စီမံကိန်းများဆိုပါက နှစ်နိုင်ငံအကျိုးရှိမည့် ကိစ္စဖြစ်သောကြောင့် မြန်မာနိုင်ငံအနေဖြင့် လိုလားပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အဓိကထားသည်မှာ နှစ်နိုင်ငံအကြား၊ ပြည်သူပြည်သားများအကြား ပိုမိုခိုင်မာလာသော မိတ်ဆွေဖြစ်ရေးဖြစ်ပါကြောင်း၊ Belt & Road နှင့်ပတ်သက်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို မကြာမီဘေကျင်းရောက်သည့်အခါ အသေးစိတ်ဆက်လက် ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**တည်ခင်းဧည့်ခံ**

သတင်းစာရှင်းလင်းပွဲ အပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီအား M- Gallery Sofitel ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

တွေ့ဆုံပွဲ၊ သဘောတူညီချက်များ လဲလှယ်ပွဲနှင့် နေ့လယ်စာစားပွဲတို့သို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျော်သဲအိမ်၊ ကျော်ထိုက်စိုး၊ မျိုးမြင့်**

# တပ်မတော်နှစ်ရပ်အကြား နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာတိုးတက်ကောင်းမွန်မှု အခြေအနေများဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီအား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် အခြေအနေမှန်များအား နိုင်ငံတကာမှ သိရှိအောင် ဆောင်ရွက်သင့်သည့် အခြေအနေများ၊ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ခိုင်မာသည့် ဆက်ဆံရေးမှတစ်ဆင့် နှစ်နိုင်ငံ ဆက်ဆံရေး ခိုင်မာတိုးတက်ကောင်းမွန်မှု အခြေအနေများအား အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီတို့ တွေ့ဆုံဆွေးနွေးစဉ်။

သတင်းစဉ်

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

သတင်းစဉ်




**အေဆမ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASEM Senior Official's Meeting) တတိယနေ့ ကျင်းပစဉ်။** သတင်းစဉ်

❖ *ကျောဖုံးမှ*

ထို့ပြင် (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေး အစီအစဉ်မူကြမ်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် အစည်းအဝေးများ၏ အခမ်းအနား အစီအစဉ်များ၊ (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးထုတ်ပြန်ကြေညာချက်၊ အခြားကိစ္စရပ်များနှင့် လာမည့် အေဆမ်အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကျင်းပရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဥရောပကော်မရှင်တို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ဥရောပသမဂ္ဂ အဖွဲ့ဝင် ၂၈ နိုင်ငံ၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံ နှစ်နိုင်ငံ၊ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ အရှေ့မြောက်နှင့် တောင်အာရှအုပ်စုဝင် ၁၁ နိုင်ငံ စုစုပေါင်း အဖွဲ့ဝင် ၅၁ နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးမဏ္ဍိုင်များသည် အေဆမ်၏ မဏ္ဍိုင်သုံးခုဖြစ်ပြီး တန်းတူမိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမှုတို့သည် အေဆမ်၏ အဓိကအခြေခံမူ သုံးရပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၁)ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၁၉

**(၁၁)ကြိမ်မြောက် အာရှ - ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ တုံဂပူရီဟိုတယ်၌ ဆက်လက်ကျင်းပရာ အာရှ-ဥရောပ ဖောင်ဒေးရှင်း (ASEF) မှ တာဝန်ရှိသူများ၊ အာရှ-ဥရောပ ဖောင်ဒေးရှင်းအဖွဲ့ဝင်နိုင်ငံများမှ မီဒီယာကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမှ မီဒီယာကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။** (ယာပုံ)




နှီးနှောဖလှယ်ပွဲတွင် **စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု တွင် မီးမောင်းထိုးသူအဖြစ် မီဒီယာ၏ အခန်းကဏ္ဍ** ခေါင်းစဉ်ဖြင့် အာရှ-ဥရောပ ဖောင်ဒေးရှင်းမှ Ms. Nathalie SAJDA၊ Myanmar Press Council မှ ဦးမြင့်ကျော်၊ Polish Press Agency မှ Mr. Pawel SKAWINSKI၊ မွန်ဂိုလီးယားနိုင်ငံမှ အယ်ဒီတာချုပ် Ms. Bolor ZAAANKHUU နှင့် အိုင်ယာလန်နိုင်ငံမှ သတင်းထောက် Mr. Chai BRADY တို့က ဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးရာတွင် မီဒီယာအနေဖြင့် ငြိမ်းချမ်းရေး၊ တရားမျှတရေးလုပ်ငန်းစဉ်များကို ကောင်းစွာသိရှိနားလည်ရန်လိုပြီး ပြည်သူများအား အသိပညာပေးသည့်ပုံစံဖြင့် တင်ပြနိုင်ရေး၊ ဂျာနယ်လစ်များ၏ လေ့လာသင်ယူမှု အခြေအနေနှင့် ဘဝတစ်လျှောက်လုံး လေ့လာသင်ယူမှုများ ဆောင်ရွက်ရေး၊ အသိပညာပေး သတင်းဆောင်းပါးများ၏ သတင်းတန်ဖိုးနှင့် စံနှုန်းများ၊ ကလေးသူငယ်များ အာဟာရမလုံလောက်မှု၊ ပညာမသင်ကြားရသည့် အခြေအနေများနှင့် ပတ်သက်သည့် သတင်းများရေးသားနေမှု၊ ရိုက်ကူးထုတ်လွှင့်မှု၊ ပညာပေးသူအနေဖြင့် ရှိသင့်သော အရည်အသွေးများ၊ သတင်းများကို ပြည်သူများ ရှင်းလင်းမြင်သာအောင် မီဒီယာအနေဖြင့် တင်ဆက်ရေး၊ ထိလွယ်ရှလွယ်ဖြစ်သည့် ကိစ္စရပ်များနှင့် ပတ်သက်၍ သတင်းများရေးသားရမည့် အခြေအနေများကို အပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက် Royal Melbourne Institute of Technology မှ Senior Lecturer Dr Alex WAKE က **စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်အတွက် အသိပညာပေးရာတွင် မီဒီယာနှင့်ပညာရေးတို့ ပူးပေါင်းဆောင်ရွက်ရမည့်နည်းလမ်းများ** ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးရာ မီဒီယာအနေဖြင့် ပညာရေးကဏ္ဍနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များအတွက် စည်းရုံးလှုံ့ဆော်ရေးသားမှုများတွင် ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာများ၊ ဂျာနယ်လစ်များအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်ရွယ်ချက်များနှင့် ပတ်သက်၍ သေချာမေးမြန်းဆွေးနွေးရန် လိုအပ်မှုများကို ထည့်သွင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် သတင်းစာဆရာများက ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် **စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွင် ယဉ်ကျေးမှု၏ အခန်းကဏ္ဍကို ထဲထဲဝင်ဝင် နားလည်သဘောပေါက်ရန် မီဒီယာအနေဖြင့် ပံ့ပိုးရမည့်နည်းလမ်းများ** ခေါင်းစဉ်ဖြင့် Asia-Europe Foundation (ASEF)မှ Ms. Valentina RICCARD၊ Myanmar Press Council မှ ဦးဇေယျာလှိုင်၊ ဩစတြေးလျနိုင်ငံမှ အလွတ်တန်းသတင်းထောက် Ms. Claire WILSON နှင့် မလေးရှားနိုင်ငံမှ အလွတ်တန်းသတင်းထောက် Ms. Sharmilla GANESAN တို့က ဆွေးနွေးကြသည်။

ဆွေးနွေးရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၌ ယဉ်ကျေးမှုအခန်းကဏ္ဍ ဆက်စပ်ပါဝင်ခြင်းသည် ကောင်းမွန်ပါကြောင်း၊ ယဉ်ကျေးမှုနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဖော်ထုတ်ရေးသားခြင်းဖြင့် လူမှုဘဝများကို ပိုမိုနားလည်သိရှိလာမည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများကို အဓိကထား ရေးသားကြသူများအနေဖြင့် ကောင်းမွန်သည့်




(၁၁)ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၆ သို့*

# အေဆမ်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်


လူလေးဝိုင်း

*ယမန်နေ့မှအဆက်*

အခုအေဆမ် (ASEM)ရဲ့အတိတ်သမိုင်းကို ကြည့်ရအောင်ပါ။ အေဆမ်ကို ၁၉၉၆ ခုနှစ် မတ်လ ၁ ရက်နေ့မှာ စတင်ထူထောင်ခဲ့တာပါ။ ဥရောပသမဂ္ဂနဲ့ အာဆီယံတို့ပါဝင်တဲ့ ထိပ်သီးအစည်းအဝေးကနေ အေဆမ်ကို ဖွဲ့စည်းခဲ့တာပါ။ ဒီထိပ်သီးအစည်းအဝေးကို တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတွေပါ တက်ရောက်ခဲ့ပါတယ်။ အဲဒီထိပ်သီးအစည်းအဝေးကျင်းပရာ နေရာက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ပါ။

အေဆမ်မှာအစောပိုင်းကတင်ပြခဲ့သလို အဓိက ဒေါက်တိုင်ကြီးသုံးရပ် (ဒါမှမဟုတ်) မဏ္ဍိုင်ကြီးသုံးရပ် ရှိပါတယ်။ ဒီမဏ္ဍိုင်ကြီး သုံးရပ်ကတော့ နိုင်ငံရေးမဏ္ဍိုင်နဲ့ စီးပွားရေးမဏ္ဍိုင်အပါအဝင် လူမှုရေး၊ ယဉ်ကျေးမှုနဲ့ပညာရေးမဏ္ဍိုင်တွေပါ။ အေဆမ်ရဲ့ အခြေခံလုပ်ငန်းစဉ်သဘောကတော့ အာရှတိုက်နဲ့ ဥရောပတိုက်အကြားနက်ရှိုင်းတဲ့ ဆက်ဆံရေးထူထောင်နိုင်ရေးပါ။ အာရှတိုက်နဲ့ ဥရောပတိုက်အကြား ဒီလိုနက်ရှိုင်းတဲ့ ဆက်ဆံရေးသာထူထောင်နိုင်ခဲ့ရင် ကမ္ဘာ့နိုင်ငံရေးစနစ်နဲ့ ကမ္ဘာ့စီးပွားရေးစနစ်တွေကို ပိုပြီးဟန်ချက်ညီညီ ပုံဖော်ဖန်တီးနိုင်လိမ့်မယ်လို့ ယူဆခဲ့တာပါ။ အေဆမ်ရဲ့ လုပ်ငန်းစဉ်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ အဖွဲ့ဝင်နိုင်ငံတွေရဲ့နိုင်ငံ့အကြီးအကဲတွေ တက်ရောက်တဲ့ ထိပ်သီးအစည်းအဝေးကို နှစ်နှစ်တစ်ကြိမ် ကျင်းပပြီး နိုင်ငံခြားရေးဝန်ကြီးတွေအပါအဝင် ဝန်ကြီးအဆင့် အစည်းအဝေးတွေကိုလည်း နှစ်နှစ်တစ်ကြိမ် ကျင်းပပါတယ်။ ဒါပေမယ့် ထိပ်သီးအစည်းအဝေးကျင်းပတဲ့နှစ်မှာ နိုင်ငံခြားရေးဝန်ကြီးအဆင့် ဆွေးနွေးပွဲကို မကျင်းပပါဘူး။ ထိပ်သီးအစည်းအဝေး ကျင်းပပြီးနောက်နှစ်မှ နိုင်ငံခြားရေးဝန်ကြီးအဆင့် ဆွေးနွေးပွဲကို ကျင်းပတာပါ။ ဒီအစည်းအဝေးတွေအပြင် အေဆမ်ရဲ့ မဏ္ဍိုင်ကြီးသုံးရပ်နဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲတွေကိုလည်း အမျိုးမျိုးသော ရာထူးတာဝန်အဆင့်တွေကြားမှာ ကျင်းပပါတယ်။

အေဆမ်မှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၁ နိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး အဖွဲ့အစည်းအနေနဲ့ အာဆီယံအတွင်းရေးမှူးအဖွဲ့နဲ့ ဥရောပသမဂ္ဂတို့က အဖွဲ့ဝင်အနေနဲ့ ပါဝင်ပါတယ်။ ဒါကြောင့် အေဆမ်မှာ မိတ်ဖက်အဖွဲ့ဝင် ၅၃ ဦး ရှိတယ်လို့ ပြောရမှာပါ။ ပထမဦးဆုံးသော အေဆမ်ထိပ်သီးအစည်းအဝေးကို စောစောက တင်ပြခဲ့သလို ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ၁၉၉၆ ခုနှစ် မတ်လ ၁ ရက်ကနေ ၂ ရက်နေ့အထိ ကျင်းပခဲ့တာပါ။ ဒုတိယအကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးကနေ (၁၁)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးအထိ ကျင်းပရာ နိုင်ငံ၊ မြို့နဲ့ အချိန်တွေကို တန်းစီဖော်ပြရရင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့(၁၉၉၈၊ ဧပြီ ၃-၄)၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ (၂၀၀၀၊ အောက်တိုဘာ ၂၀-၂၁)၊ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့(၂၀၀၂၊ စက်တင်ဘာ ၂၂-၂၄)၊ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့(၂၀၀၄၊ အောက်တိုဘာ ၈-၉)၊ ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးမြို့(၂၀၀၆၊ စက်တင်ဘာ ၁၀-၁၁)၊ တရုတ်နိုင်ငံ ပေကျင်းမြို့ (၂၀၀၈၊ အောက်တိုဘာ ၂၄-၂၅)၊ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ (၂၀၁၀၊ အောက်တိုဘာ ၄-၅) လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ (၂၀၁၂၊ နိုဝင်ဘာ ၅-၆) အီတလီနိုင်ငံ မီလန်မြို့(၂၀၁၄၊ အောက်တိုဘာ ၁၆-၁၇)နဲ့ မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့(၂၀၁၆၊ ဇူလိုင် ၁၅-၁၆)တို့ပါ။ အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ ပထမအကြိမ်အစည်းအဝေးကို စင်ကာပူနိုင်ငံမှာ ၁၉၉၇ ခုနှစ်မှာ ကျင်းပခဲ့ပြီး အခုမြန်မာနိုင်ငံမှာ ကျင်းပနေတဲ့ အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးက (၁၃)ကြိမ်မြောက်ပါ။




အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနည်းတူ အေဆမ်ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ အေဆမ်ယဉ်ကျေးမှုဝန်ကြီးများအစည်းအဝေး၊ အေဆမ်စီးပွားရေးဝန်ကြီးများအစည်းအဝေး၊ အေဆမ်ပညာရေးဝန်ကြီးများအစည်းအဝေး၊ အေဆမ်အလုပ်သမားနှင့် အလုပ်အကိုင်အခွင့်အလမ်းဝန်ကြီးများအစည်းအဝေး၊ အေဆမ်သယ်ယူပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနဲ့ အေဆမ်သဘာဝပတ်ဝန်းကျင်ဝန်ကြီးများအစည်းအဝေးတွေကိုလည်း ကျင်းပပါတယ်။ ၂၀၁၇ ခုနှစ်ထဲမှာ ကျင်းပခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး မဟုတ်တဲ့ တခြားသော ဝန်ကြီးများအဆင့် အစည်းအဝေးတွေကို ကြည့်မယ်ဆိုရင် အေဆမ်ပညာရေးဝန်ကြီးများအစည်းအဝေးကို မေလ ၉ ရက်ကနေ ၁၀ ရက်အထိ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ ကျင်းပခဲ့ပြီး အေဆမ်စီးပွားရေးဝန်ကြီးများအစည်းအဝေးကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာပဲ စက်တင်ဘာ ၂၁ ရက်ကနေ ၂၂ ရက်အထိ ကျင်းပခဲ့ပါတယ်။ အေဆမ်သယ်ယူပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးကိုတော့ အ င်ဒိုနီးရှားနိုင်ငံ ဘာလီမြို့မှာ စက်တင်ဘာ ၂၆ ရက်ကနေ ၂၈ ရက်အထိ ကျင်းပခဲ့ပါတယ်။

အခုအေဆမ်အလုပ်လုပ်ပုံကို ကြည့်ရအောင်ပါ။ အေဆမ်မှာ ထိပ်သီးအစည်းအဝေးနဲ့ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွေက တိုက်ကြီးနှစ်တိုက်အကြား နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် ပင်မအစည်းအဝေးတွေပါ။ အေဆမ်အဖွဲ့ဝင်နိုင်ငံတွေရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက အကြီးတန်းအရာရှိတွေရဲ့ အစည်းအဝေး (Senior officials' Meetings-SOM) က အေဆမ်လုပ်ငန်းစဉ်အားလုံးကို ညှိနှိုင်းပေးရတဲ့ ဗျူရိုကရေစီယန္တရားလို့ ပြောရမှာပါ။ တိုက်ကြီးနှစ်တိုက်အကြား နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် တွဲဖက်ဆောင်ရွက်တဲ့ အာရှ-ဥရောပပါလီမန် မိတ်ဖက်ဆွေးနွေးပွဲ (Asia Europe Parliamentary Partnership Meeting- ASEP)၊ အာရှ-ဥရောပစီးပွားရေးဖိုရမ် (Asia Europe Business Forum -AEBF) နဲ့ အာရှ-ဥရောပပြည်သူ့ဖိုရမ် (Asia Europe People's Forum-AEPF) တို့လည်း ရှိပါတယ်။ ဤအေဆမ်လုပ်ငန်းစဉ်တွေကတော့ ပင်မကဏ္ဍကြီးသုံးရပ်အတွက် ပြုလုပ်တဲ့ ဆွေးနွေးပွဲတွေပါ။ အေဆမ်လုပ်ငန်းစဉ်မှာ ထူးခြားတာက အာရှ-ဥရောပဖောင်ဒေးရှင်း (Asia-Europe Foundation-ASEF) ဟာ အာရှတိုက်နဲ့ ဥရောပတိုက်အကြား နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးတဲ့တာဝန်ကို ထမ်းဆောင်ပေးတာပါ။ အာရှ-ဥရောပဖောင်ဒေးရှင်းဟာ စင်ကာပူအခြေစိုက် စီးပွားရေးအကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းပါ။ အာရှ-ဥရောပဖောင်ဒေးရှင်း (ASEF)ဟာ အာရှတိုက်နဲ့ ဥရောပတိုက်မှာ နှစ်စဉ်လုပ်ငန်းစီမံကိန်း ၃၀ ခန့်ကို လက်တွဲဖော်လက်တွဲဖက်အဖွဲ့အစည်း ၁၂၅ ခုနဲ့ ချိတ်ဆက်ဆောင်ရွက်ပါတယ်။ အေဆမ်မှာ အတွင်းရေးမှူးအဖွဲ့ဆိုပြီး သီးခြားမထားပါဘူး။ အေဆမ်အဖွဲ့အတွင်း ညှိနှိုင်းရေးတာဝန်ကို အေဆမ်အဖွဲ့ဝင်နိုင်ငံတွေရဲ့နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ သူတို့ရဲ့ အကြီးတန်းအရာရှိတွေကပဲ ဆောင်ရွက်ပေးပါတယ်။ အေဆမ်နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ သူတို့ရဲ့အကြီးတန်းအရာရှိတွေက ညှိနှိုင်းရေးတာဝန်ကို ထမ်းဆောင်တဲ့အခါ ညှိနှိုင်းရေးမှူးလေးဦးက ကူညီပံ့ပိုးပေးရပါတယ်။ ညှိနှိုင်းရေးမှူးတွေက အလွတ်သဘောညှိနှိုင်းမှုတွေကို ကူညီပံ့ပိုးဆောင် ရွက်ပေးရပါတယ်။ ညှိနှိုင်းရေးမှူးလေးဦးမှာ နှစ်ဦးက အာရှတိုက်ကိုယ်စားပြုဖြစ်ပြီးကျန်နှစ်ဦးက ဥရောပတိုက် ကိုယ်စားပြုပါ။

အေဆမ်လုပ်ငန်းစဉ်တွေရဲ့ အသည်းနှလုံးဟာ ထိတွေ့ဆက်စပ်မှုပါ။ ထိတွေ့ဆက်စပ်တယ်ဆိုတဲ့ နေရာမှာလည်း ပျော့ပျော့ပျောင်းပျောင်း၊ လွတ်လွတ်လပ်လပ်၊ အလွတ်သဘောထိတွေ့တာမျိုးကို မဏ္ဍိုင်ပြုဆောင်ရွက်တာပါ။ ဂရိနိုင်ငံခြားရေးဝန်ကြီး Nikos Kotzias ရေးသားတဲ့ အေဆမ်၏ အနာဂတ်နှင့် ၎င်း၏ ၂၁ ရာစုအမြင် သဘောထား (The Future of ASEM and its Vision for the 21st Century) (11 July 2016) ဆောင်းပါးရဲ့ အဆုံးသတ်ကို နိဂုံးချုပ်အနေနဲ့ တင်ပြလိုပါတယ်။

"ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ပြောကြားရရင် အေဆမ်ရဲ့ ပိုမိုကြီးမားတဲ့ အောင်မြင်မှုတွေကို ဆုပ်ကိုင်ဖန်တီးနိုင်ဖို့ အေဆမ်လုပ်ငန်းစဉ်တွေမှာ အလွတ်သဘောပြောဆိုဆွေးနွေးတဲ့လက္ခဏာကို ထိန်းသိမ်းရပါမယ်၊ အပြန်အလှန်ညှိနှိုင်းလုပ်ကိုင်တဲ့ ယန္တရားကို ခိုင်မာအားကောင်းစေရပါမယ်၊ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍကို တိုးမြှင့်ရပါမယ်၊ အေဆမ်ရဲ့ပုံရိပ်ကို တောက်ပစေရပါမယ်၊ အရေးအကြီးဆုံးကတော့ အနာဂတ်ကာလမှာ ဆွေးနွေးညှိနှိုင်းရမယ့် အဓိကကိစ္စရပ်တွေအတွက် ပုံဖော်ဖန်တီးပေးမယ့် လက်တွေ့လုပ်ငန်းစဉ်တွေကို ပြင်ဆင်ချမှတ်နိုင်ရေးပါ" တဲ့။ ။

**"အေဆမ်ရဲ့ ပိုမိုကြီးမားတဲ့ အောင်မြင်မှုတွေကို ဆုပ်ကိုင်ဖန်တီးနိုင်ဖို့ အေဆမ်လုပ်ငန်းစဉ်တွေမှာ အလွတ်သဘော ပြောဆိုဆွေးနွေးတဲ့ လက္ခဏာကို ထိန်းသိမ်းရပါမယ်၊ အပြန်အလှန် ညှိနှိုင်းလုပ်ကိုင်တဲ့ ယန္တရားကို ခိုင်မာအားကောင်းစေရပါမယ်၊ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကို တိုးမြှင့်ရပါမယ်၊ အေဆမ်ရဲ့ ပုံရိပ်ကို တောက်ပစေရပါမယ်၊ အရေးအကြီးဆုံးကတော့ အနာဂတ်ကာလမှာ ဆွေးနွေးညှိနှိုင်းရမယ့် အဓိကကိစ္စရပ်တွေအတွက် ပုံဖော်ဖန်တီးပေးမယ့် လက်တွေ့လုပ်ငန်းစဉ်တွေကို ပြင်ဆင်ချမှတ်နိုင်ရေးပါ"**

*စာမျက်နှာ ၅ မှ*

လူမှုဘဝကျင့်စဉ်များကို ဖော်ထုတ်ရေးသားရန် လိုအပ်ပါကြောင်း၊ လူအများစိတ်ဝင်စားရန် ကဏ္ဍစုံအမြင်များဖြင့် ရေးသားသင့်ပါကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာအကြောင်းအရာများကို ဖော်ထုတ်ရေးသားရာ၌ မီဒီယာအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပါက ပိုမိုကောင်းမွန်၍ ပိုမိုကျယ်ပြန့်စွာ ဖော်ပြနိုင်မည် ဖြစ်ပါကြောင်းဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အာရှ၊ ဥရောပမှ သတင်းစာဆရာများသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို ကောင်းမွန်သော သဘောထားနှင့် ပုံဖော်မည်ဆိုသည့် ရည်ရွယ်ချက်နှင့် မိမိတို့နှင့်အတူ နှစ်ရက်တာ လာရောက် ဆွေးနွေးခဲ့ကြပါကြောင်း။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်ရန်အတွက် မီဒီယာ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မီဒီယာ၏ အခန်းကဏ္ဍကို ပညာပေးခြင်း၊ သတင်းအချက်အလက်ပေးခြင်း စသည့်အပြုသဘောဆောင်သည့် ဂျာနယ်လစ်ဇင်ပညာရပ်များသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန်အတွက် ပိုမိုအထောက်အကူဖြစ်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း။

ပြည်သူများ၏ လူနေမှုဘဝများ တိုးတက်ရန်အတွက် မိမိတို့တွင် လုံလောက်တိကျပြီး အချိန်မီသည့် ဖွံ့ဖြိုးရေးသတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်ရန် လိုအပ်သည့်အပြင် တစ်ချိန်တည်းတွင် ပြည်သူများကလည်း ၎င်းကို လက်ခံရရှိနိုင်ရန် လိုအပ်ပါကြောင်း၊ ယခု ဆွေးနွေးပွဲကို တက်ရောက်လာကြသည့် သတင်းစာဆရာများသည် ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် အနာဂတ်တွင် အတူတကွ အလုပ်လုပ်နိုင်ကြမည်ဟု အခိုင်အမာမျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့အတူ Asia-Europe Foundation (ASEF)မှ Executive Director Mr. Karsten WARNECKE က (၁၁)ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ပြုစကား ပြောကြားသည်။

ညနေပိုင်းတွင် (၁၁)ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသူများသည် အမျိုးသားပြတိုက်(နေပြည်တော်)သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**

## မိတ္ထီလာတွင် ကလေးစာပေပွဲတော် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကလေးစာပေပွဲတော် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က စည်ကားစွာ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အမှာစကားပြောကြားပြီး ပုံပြောပြိုင်ပွဲတွင် ဆုရရှိသည့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစိုင်းကျော်ဇောက ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသည့်အလယ်တန်းအဆင့်ကျောင်းသားကျောင်းသူများ၊ စက္ကူခေါက်ပြိုင်ပွဲတွင် ဆုရရှိသည့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ၊ စက္ကူခေါက်ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် အမှတ်တရပစ္စည်းများ၊ ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

**ခရိုင်ပြန်/ဆက်**



# (၈)ကြိမ်မြောက် အာရှ-ဥရောပ အစည်းအဝေးပုံစံတူဆွေးနွေးပွဲ (8th Model ASEM 2017) နှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

**(၈)ကြိမ်မြောက် အာရှ-ဥရောပ အစည်းအဝေးပုံစံတူဆွေးနွေးပွဲ 8th Model ASEM 2017 ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပသည်။** (အပေါ်ပုံ)

ရှေးဦးစွာ 8th Model ASEM ဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်အပေါ် ဆွေးနွေးခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် အပြီးသတ်ဆွေးနွေးခြင်းများပြုလုပ်ပြီး သက်ဆိုင်ရာကိုယ်စားလှယ်များအလိုက် အမှာစကားပြောကြားကြသည်။

ထို့နောက် ပိတ်ပွဲအခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အာရှ-ဥရောပနိုင်ငံများမှ 8th Model ASEM 2017 တက္ကသိုလ်ကျောင်းသားလူငယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အထူးဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အာရှ-ဥရောပလူငယ်များ အစုအဖွဲ့အလိုက်ဆွေးနွေးခဲ့ကြသည့် မိတ်ဖက်ဆက်ဆံရေး၊ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ခေါင်းစဉ်သုံးခုသည် **"ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင် တိုးမြှင့်ကြပါစို့"**ဟူသည့် (၈)ကြိမ်မြောက် အာရှ-ဥရောပ အစည်းအဝေးပုံစံတူဆွေးနွေးပွဲ၏ ဆောင်ပုဒ်နှင့် ကိုက်ညီပါကြောင်း၊ ပါဝင်ဆွေးနွေးသူလူငယ်များက ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ နယ်စပ်ဖြတ် ကျော် မှုခင်းများဆိုင်ရာစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြပြီး လူတိုင်း၏ လူမှုဘဝသာယာရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို ပိုမိုတိုးချဲ့သင့်ကြောင်း၊ ရင်ဆိုင်နေရသော ပြဿနာများ၊ ပဋိပက္ခများကို အတူတကွပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန် နားလည်မှုထားရှိခြင်းဖြင့် ဖြေရှင်းနိုင်မည်ကို ဆွေးနွေးခဲ့ကြကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ လုံခြုံမှုရှိစေရန် မူဘောင်(သို့မဟုတ်)အစီအစဉ်တစ်ခုကို ချမှတ်စေလိုကြောင်းနှင့် နိုင်ငံအားလုံးတွင် အင်တာနက်များ ရရှိစေရန်ကိုလည်း ဆွေးနွေးခဲ့ကြကြောင်း။

ပညာရေးနှင့် စွမ်းရည်မြှင့်တင်ရေးအတွက် အာဆီယံနိုင်ငံများအကြား၊ အာဆီယံနိုင်ငံများနှင့် ဥရောပနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သင့်ပါကြောင်း၊ အာရှ-ဥရောပမှ ကျောင်းသားလူငယ်များအကြား အပြန်အလှန်ရွှေ့ပြောင်းသင်ယူမှုဆိုင်ရာအစီအစဉ်များကို မြှင့်တင်ရန်လိုအပ်ပါကြောင်း၊ မသန်စွမ်း ကျောင်းသား ကျောင်းသူများ၊ နယ်စပ်ဒေသများရှိ ကျောင်းသား ကျောင်းသူများ၊ ပညာသင်ယူရန် အခွင့်အလမ်းနည်းပါးသူများအတွက် ပညာသင်ယူမှု အခွင့်အလမ်းရရှိရန်၊ အရည်အသွေးမြင့် ပညာရေးရရှိရန်နှင့် လူတိုင်းအကျုံးဝင် ပညာရေးကို မြှင့်တင်ရန်လိုအပ်သည်ကို ဆွေးနွေးခဲ့ကြကြောင်း၊ ထို့ပြင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ကျား မ တန်းတူညီမျှရေးအတွက် မဟာဗျူဟာမူဘောင်တစ်ခု ချမှတ်ရန်နှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုအတွက် ရန်ပုံငွေတစ်ခု ထူထောင်ရန်လိုအပ်ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် သို့ရောက်ရှိရန် အသိပညာဖလှယ်ခြင်းနှင့် မိတ်ဖက်ဆက်ဆံရေးတို့ကို တိုးမြှင့်ဆောင်ရွက်သင့်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကိုအသုံးပြု၍ အစိမ်းရောင်စွမ်းအင်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်ကြောင်း၊ နေစွမ်းအင်အသုံးပြုမှုနှင့် လေစွမ်းအင်အသုံးပြုမှုတို့၏ အကျိုးတရားကို နှိုင်းယှဉ်ဆွေးနွေးခဲ့ကြကြောင်း။

အကြောင်းအရာခေါင်းစဉ်အလိုက် မျက်နှာစုံညီဆွေးနွေးပွဲများမှ လူငယ်များ၏ ညှိနှိုင်းဆွေးနွေးမှုစွမ်းရည်နှင့် စကားရည်လုစွမ်းရည်များတိုးတက်လာပြီး အပြန်အလှန်နားလည်မှုများ ပိုမိုရရှိလာပါကြောင်း၊ နှစ်ဖွဲ့စုံညီဆွေးနွေးပွဲများမှ သဘောထားကွဲလွဲမှုများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကို ညှိနှိုင်းကာ သဘောတူညီမှုတစ်ခုရသည်အထိ ဆွေးနွေးသည့် အလေ့အကျင့်ကောင်းများ ရရှိခဲ့သည့်အပြင် ဘုံသဘောတူညီမှု ထုတ်ပြန်ချက်တစ်ရပ်ကို ပြုစုနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ (၈)ကြိမ်မြောက် အာရှ-ဥရောပအစည်းအဝေးပုံစံတူ ဆွေးနွေးပွဲကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးပွဲရလဒ်ဖြစ်သည့် ဘုံသဘောတူညီမှုထုတ်ပြန်ချက်ကို ပြည်ထောင်စုဝန်ကြီးအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အာရှ-ဥရောပဖောင်ဒေးရှင်း (Asia-Europe Foundation-ASEF) Executive Director, Ambassador Mr. Karsten WARNECKE က နိဂုံးချုပ်စကားပြောကြားပြီး 8th Model ASEM အခမ်းအနားသတင်းစာရှင်းလင်းပွဲကို ASEM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကဲ့သို့ ပုံစံတူပြုလုပ်ကျင်းပသည်။

ဆက်လက်၍ 8th Model ASEM 2017 အခမ်းအနားဆုပေးပွဲနှင့် အောင်မြင်စွာပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ပွဲ အစီအစဉ်ကိုကျင်းပသည်။

ယင်းနောက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာရှ-ဥရောပ လူငယ်ကိုယ်စားလှယ်များနှင့်အတူ နေပြည်တော် သင်္ဂဟ ဟိုတယ်၌ကျင်းပသည့် (ASEF Direct Leadership Exchange Reception) သို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မီဒီယာရဲ့ကဏ္ဍဟာ အရေးပါတယ်၊ ဘက်လိုက်မှုမရှိဘဲ ကျင့်ဝတ်တွေနဲ့အညီ သတင်းတွေ ရေးသားဖော်ပြရမယ်



ဦးမြင့်ကျော် (မြန်မာ သတင်းမီဒီယာ ကောင်စီ အဖွဲ့ဝင်)

**ဦးမြင့်ကျော်(မြန်မာသတင်းမီဒီယာကောင်စီ အဖွဲ့ဝင်)**

ဒီနေ့ ဆွေးနွေးတဲ့ခေါင်းစဉ်က မီဒီယာဟာ ပညာပေးသူ တစ်နည်းအားဖြင့် သင်ကြားပြသပေးသူပါ။ ဒါပေမယ့် ဆရာတော့ မဟုတ်ပါဘူး၊ မူရင်းမီဒီယာရဲ့တာဝန်ထဲမှာလည်း ပညာပေးရန်ဆိုတဲ့ အချက်တစ်ချက်ပါပါတယ်။ ပညာဘာလို့ပေးရသလဲဆိုရင် တချို့သောကိစ္စတွေမှာ ပရိသတ်က ရှင်းရှင်းလင်းလင်း နားလည်အောင် တစ်ခါတလေ သင်တဲ့သဘောလေးပါတယ်။ တက္ကသိုလ်တွေ၊ ကျောင်းတွေက ဆရာ ဆရာမတွေလို သင်ကြားပို့ချတာ မဟုတ်ပေမယ့် ဥပမာ ကျန်းမာရေး၊ လူ့အခွင့်အရေးအပိုင်းတွေမှာ ပြည်သူတွေနားလည်လာအောင် ပညာပေးရတဲ့ အပိုင်းလေးတွေပါလာပါတယ်။



Ms. Samreen Khan Ghauri ပါကစ္စတန်နိုင်ငံ

ဒီလိုအပိုင်းတွေဆို ပညာပေးသူ မီဒီယာကိုယ်တိုင်က ကိုယ်တိုင်နားလည်အောင် အိမ်စာကျေအောင်လုပ်ရပါတယ်။ ပြီးတော့ ပရိသတ် ကိုပြန်ပေးရတယ်၊ ဆရာလုပ်တာမျိုးမဖြစ်စေဘဲ ပရိသတ်က သိသင့်တဲ့အတိုင်းတာကို ရှင်းပြတာမျိုး၊ နားလည်အောင်လုပ်ပေးရတဲ့ သဘောမျိုးပါ။ ဒါတွေကို ဆွေးနွေးကြတာပါ။ တချို့က မီဒီယာဆိုတာ ဖြစ်နေတာကို တင်ပြရုံပဲလို့ဆိုပါတယ်။ မှန်ပါတယ်။ ဒါပေမယ့် ဘယ်လိုစဉ်းစားပါ၊ ဘာတွေဖြစ်နေတယ်ဆိုတာ တင်ပြတယ်၊ ဘာတွေလုပ်ပါဆိုတာကတော့ မီဒီယာအလုပ် မဟုတ်ဘူး။ အားလုံး ဒီလိုပဲ စဉ်းစားကြဆိုပြီး မီဒီယာက အဲဒီလိုမလုပ်သင့်ဘူး။ ဒါကို အားလုံးကလည်း လက်ခံသဘောတူကြပါတယ်။ ဒါပေမယ့် ပြည်သူကိုတော့အချက်လက်စုံပေးဖို့၊ ပညာပေးဖို့အပိုင်းပါပါတယ်။ နိုင်ငံတာကာက အကြောင်းအရာအလိုက်ဖြစ်စေ၊ အတွေ့အကြုံအလိုက်ဖြစ်စေ ကောင်းတာရော၊ ဆိုးတာပါ။ ကျွန်တော်တို့အနေနဲ့ သင်ခန်းစာယူလို့ရတယ်။ သူတို့တွေ ဘယ်နားရောက်နေပြီလဲ၊ ကျွန်တော်တို့ ဘာတွေလိုအပ်နေသေးလဲဆိုတာစသဖြင့် လေ့လာခွင့် သိရှိခွင့်ရတဲ့အတွက် အကျိုးအမြတ်ရှိတယ်လို့မြင်ပါတယ်။ ပြီးတော့ သူတို့ဆီမှာ ဘယ်လိုမူဝါဒတွေ ဥပဒေတွေရှိတယ်၊ ဒါမျိုးတွေ ဖလှယ်ခွင့်ရတာ ကျွန်တော်တို့အတွက် အကျိုးရှိပါတယ်။



Ms. Sharada Balasubramanian အိန္ဒိယနိုင်ငံ

မြန်မာနိုင်ငံ မီဒီယာဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကျွမ်းကျင်မှုအပိုင်းတွေ၊ သတင်းစာပညာ သင်တန်းကျောင်းတွေ၊ တက္ကသိုလ်တွေ၊ ကောလိပ်တွေလိုမယ်၊ ဒါတွေ အားနည်းနေသေးတယ်။ အခုရှိတဲ့အရေအတွက်နဲ့ တကယ်လေ့လာသင်ယူချင်တဲ့သူတွေ လက်လှမ်းမီနိုင်ဖို့ သင်တန်းတွေနည်းနေသေးတယ်။ ဒါက တစ်ပိုင်း။ လွတ်လပ်တဲ့မီဒီယာပဲ ဆိုဆို၊ ပုဂ္ဂလိကမီဒီယာတွေ ရေရှည်ရပ်တည်နိုင်ဖို့ မူဝါဒဥပဒေတွေလိုတယ်။ ဈေးကွက်စီးပွားရေးအရ မြန်မာနိုင်ငံရဲ့ကြော်ငြာပမာဏက အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် အပုံတစ်ရာမှာ တစ်ပုံလောက်နည်းနေတော့ ဝင်ငွေအဆများစွာကွာနေပါတယ်။ မီဒီယာက ဝင်ငွေနည်းတော့ ရုံးခွဲတွေအားနည်း၊ ဝန်ထမ်းတွေ သတင်းထောက်တွေ မခန့်နိုင်စတဲ့ ရပ်တည်ရေး ဒါတွေက တစ်ပိုင်း၊ ဒီလို



Mr. AKM Moinddin ဘင်္ဂလားဒေ့ရှ် နိုင်ငံ

Mr. AKM Moinddin၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

*စာမျက်နှာ ၉ သို့*

❀ *ကျောဖုံးမှ*

ပြုလုပ်သည့်ပွဲများ အစဉ်အလာအတိုင်း မြန်မာသက္ကရာဇ် နတ်တော်လဆန်း ၁ ရက်တွင် ကျရောက်သည့် စာဆိုတော်နေ့နှင့် ယင်းနေ့ရက်ဝန်းကျင်များတွင် စာပေပွဲလမ်း သဘင်များကို ကျင်းပလေ့ရှိကြောင်း၊ ယခင်ကဆိုလျှင် စာရေးဆရာများ ကိုယ်တိုင်ပါဝင်သည့် ပြဇာတ်ကပြခြင်း၊ ဂီတဖျော်ဖြေ ပွဲများ ပြုလုပ်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်းကို စာပေမှတ်တမ်းများတွင် တွေ့ရှိရပါကြောင်း၊ ယနေ့ စာပေဆုချီးမြှင့်ပွဲကိုလည်း ယခင်ကအခြေခံကောင်း၊ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆက်ခံပြီး အချိန်အခါနှင့် ညီညွတ်စွာကျင်းပနေခြင်းဖြစ်၍ သဘာဝကျကျ ကျက်သရေရှိသည့်ပွဲဟု ပြောရမည်ဖြစ်ပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်လာ**

မြန်မာစာပေသမိုင်းကို ကြည့်လျှင် မိမိတို့မြန်မာစာပေသည် လွန်ခဲ့သည့်နှစ်ပေါင်း ၉၀၀ ကျော် ပုဂံခေတ်ကတည်းက စတင်ကာ ခိုင်ခိုင်မာမာတည်ရှိခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်ကြောင်းကို လေ့လာသိရှိရလိမ့်မည်ဖြစ်ကြောင်း၊ ဂူပြောက်ကြီးဘုရားဟုခေါ်သည့် မြစေတီဘုရားကျောက်စာတွင် ပျူ၊ မြန်မာ၊ မွန်၊ ပါဠိဘာသာစကားလေးမျိုးနှင့် ရေးထိုးထားခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းမှာ မြန်မာစာပေအစဟု

စာပေဗိမာန်အုပ်ချုပ်မှုကောင်စီသည် ၁၉၄၈ ခုနှစ်ကစပြီး တစ်နှစ်အတွင်း ထုတ်ဝေခဲ့သည့် လုံးချင်းဝတ္ထုများထဲက အကောင်းဆုံးတစ်အုပ်ရွေးချယ်ပြီး စာပေဗိမာန်ကာလပေါ် ဝတ္ထုဆုအမည်ဖြင့် ဆုငွေကျပ် ၁၀၀၀ ချီးမြှင့်ခဲ့ပါကြောင်း၊ ပထမဆုံးစာပေဆုရှင်သည် ဆရာမင်းအောင်ဖြစ်ပြီး မိုးအောက်မြေပြင်ဝတ္ထုရှည်နှင့် ဆုရခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၉၄၉ ခုနှစ်တွင် ဆုချီးမြှင့်နိုင်ခြင်းမရှိဘဲ ၁၉၅၀ ပြည့်နှစ်တွင် ဆရာတက်တိုးရေးသားသည့် မင်းမှုထမ်းဝတ္ထုကို ချီးမြှင့်ခဲ့ပါကြောင်း၊ ထိုကဲ့သို့ချီးမြှင့်ခဲ့ရာမှ ၁၉၆၂ ခုနှစ်တွင် စာပေဗိမာန်စာပေဆုကို အနုပညာဆိုင်ရာ စာပေဆုဟု အမည်ပြောင်းခဲ့ပြီး ဘာသာရပ်ကိုးမျိုးအထိ ချဲ့ထွင်ချီးမြှင့်ခဲ့ပါကြောင်း၊ ၁၉၆၃ ခုနှစ်တွင် ပုံနှိပ်ပြီးစာအုပ်နှင့် ပုံနှိပ်ရခြင်းမရှိ သေးသည့်လက်ရေးစာမူတို့ ပူးတွဲပြိုင်ပွဲဝင်ရသည့်စနစ် ကျင့်သုံးခဲ့ပါကြောင်း၊ ထိုမှတစ်ဖန် အဆိုပါဆုကိုပင် ၁၉၆၅ ခုနှစ်တွင် အမျိုးသားစာပေဆုဟု ပြောင်းလဲသတ်မှတ်ချီးမြှင့်ခဲ့ပါကြောင်း၊ ၁၉၆၉ ခုနှစ်တွင် ပြိုင်ပွဲဝင်ယှဉ်ပြိုင်ရသည့် စနစ်ကို ဖျက်သိမ်းပြီး ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ပထမအကြိမ်အဖြစ် ထုတ်ဝေခဲ့သည့်စာအုပ်များထဲက ဘာသာရပ်အလိုက် အကောင်းဆုံးတစ်အုပ်ကိုပင် ရွေးချယ်ဆု ပေးသည့်စနစ်ကို ကျင့်သုံးခဲ့ပါကြောင်း၊ စာမူများအတွက် စာပေဗိမာန်စာမူဆုဟု ပြောင်းလဲသတ်မှတ်ချီးမြှင့်ခဲ့ ပါကြောင်း။

**တိုးချဲ့ချီးမြှင့်**

အမျိုးသားစာပေဆုကို ချီးမြှင့်ရာတွင် ဘာသာရပ်များ



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ ဆုရစာပေပညာရှင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ဆုရစာအုပ်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန် စာမူဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်



ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင် စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်



တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှ စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ သတင်းစဉ်

ပြောနိုင်မည့် ခိုင်မာသော သမိုင်းအထောက်အထားတစ်ခုလည်းဖြစ်ကြောင်း၊ ယင်းနောက် ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်စသည့် ခေတ်အဆက်ဆက်မှသည် ယနေ့မျက်မှောက်ခေတ်ကာလအထိ မိမိတို့ မြန်မာစာပေသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း၊ သူ့ခေတ်သူ့အခါအလျောက် စာပေလက်ရာကောင်းများလည်း ပေါ်ထွန်းခဲ့ပါကြောင်း။

**သတ်မှတ်ချီးမြှင့်ခဲ့**

စာပေဗိမာန်၏ မူလအစဖြစ်သည့် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကို ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့က စတင်တည်ထောင်ခဲ့ပြီး ၁၉၄၈ ခုနှစ် မေလတွင် အသင်း၏ အမည်ကို စာပေဗိမာန်ဟု ပြောင်းလဲခေါ်ဝေါ်သုံးစွဲခဲ့ပြီး ဆောင်ပုဒ်မှာ "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဖြစ်ပါကြောင်း၊ ထိုနှစ်မှာပင် စာပေဗိမာန်စာပေဆုချီးမြှင့်ရန် စတင်စီစဉ်ခဲ့ပါကြောင်း၊

တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ချီးမြှင့်လာခဲ့ပြီး ယခုဆိုလျှင် ဘာသာရပ် ၁၆ မျိုးအထိ ရှိလာပြီဖြစ်ပါကြောင်း၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲအတွက်လည်း အမျိုးသားစာပေဆုကဲ့သို့ ဘာသာရပ်များကို တိုးချဲ့ချီးမြှင့်ခဲ့ရာ ယခုဆိုလျှင်ဘာသာရပ် ၁၃ ခုအထိ ရှိလာပြီဖြစ်ပါကြောင်း။

ထို့အပြင် တစ်သက်တာလုံး ထူးချွန်ပြောင်မြောက်စွာ အားထုတ်ရေးသားပြုစုခဲ့သည့် စာပေသမားများ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်ကအသိအမှတ်ပြုသည့်အနေနှင့် အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်ကစပြီး နှစ်စဉ်ပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အမျိုးသားစာပေတစ်သက်တာဆုကို တစ်နှစ်လျှင် စာပေပညာရှင် တစ်ဦးကိုသာ ရွေးချယ်ချီးမြှင့်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်မှစ၍ ပညာရှင်သုံးဦးအထိ တိုးမြှင့်ချီးမြှင့်ခဲ့ပါကြောင်း၊ ယခု ၂၀၁၆ ခုနှစ်အတွက်လည်း သုံးဦးချီးမြှင့်ထားပါကြောင်း။

**စနစ်တကျစိစစ်ရွေးချယ်**

စာပေဆုများကို ရွေးချယ်ရာတွင် ဒီမိုကရေစီခေတ်နှင့် အညီ အမှန်တကယ်ရသင့်သည့် စာအုပ်များ၊ စာမူများကို ရွေးချယ်နိုင်ရန် စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း၊ စာပေဆုရွေးချယ်ရေးအဖွဲ့ဖွဲ့စည်းရာတွင်လည်း စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များသာမက စာပေလောကထဲတွင် အတွေ့အကြုံရှိသည့် စာပေထုတ်ဝေဖြန့်ချိသူများကိုပါ ပါဝင်ဖွဲ့စည်းဆောင်ရွက်စေခဲ့ပါကြောင်း၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီကို ပညာရှင် ၇၇ ဦးဖြင့် ဖွဲ့စည်းပေးထားပြီး စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကိုမူ ပညာရှင် ၂၈ ဦးဖြင့် ဖွဲ့စည်းပေးထားပါကြောင်း၊ စာပေဆုများအတွက် စိစစ်ရွေးချယ်ရာတွင်လည်း ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဆိုသည့် အဆင့် သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့သည်ကို တွေ့ရပါကြောင်း။

၂၀၁၆ ခုနှစ်အတွင်း ပထမအကြိမ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၉၆၆ အုပ်ထဲမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၆ ခုအနက် ၁၀ ခု၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူပေါင်း ၂၉၂ စောင်ထဲက သတ်မှတ်ထားသည့် ဘာသာရပ် ၁၃ ခုအနက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၆ စောင်ကို ရွေးချယ်ခဲ့ပါကြောင်း။

**ချီးကျူးဂုဏ်ပြု**

ယနေ့ ၂၀၁၆ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရရှိသည့် စာရေးဆရာစာပေပညာရှင် သုံးဦး ပေါ်ထွက်လာသည်ကို တွေ့ရကြောင်း၊ အဆိုပါစာပေပညာရှင်ကြီးများသည် မိမိဘဝကို စာပေထဲတွင် နစ်မြုပ်ပြီး စာရေးဆရာဘဝတစ်ခုတည်းကိုသာ ယုံယုံကြည်ကြည်ရွေးချယ်ခဲ့ကြသည့်သူများဖြစ်ကြပါကြောင်း၊ အမျိုးသားစာပေဆုရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များကို ကြည့်မည်ဆိုလျှင်လည်း အမျိုးသားစာပေဆုနှင့် ထိုက်တန်သည့်သူများ၊ ထိုက်တန်သည့် စာအုပ်များဖြစ်ကြောင်း ဆုရွေးချယ်ရေးအဖွဲ့၏ သုံးသပ်ချက်များအရ တွေ့ရှိရပါကြောင်း၊ ထို့အတူ စာပေဗိမာန်စာမူဆုတွင်လည်း ကလောင်နုများကအစ ကလောင်လတ်၊ ကလောင်ရင့်များအထိဆုရကြသည်ကို တွေ့ရပါကြောင်း၊ ယင်းကလောင်ရှင်များ၏ ဆုရစာမူများသည်လည်း စာပေအဆင့်အတန်းမီကြသူများဖြစ်သည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားပါကြောင်း၊ မိမိအနေနှင့် ဆုရသူများအားလုံးကို ဝမ်းမြောက်ဝမ်းသာ ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း။

**အလေးအနက်ထား**

စာပေဗိမာန်အနေနှင့် ယနေ့အထိ စဉ်ဆက်မပြတ် အလေးထားပြီး စာပေဆုများချီးမြှင့်ပေးနေခြင်းသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထူးချွန်ထက်မြက်သည့် စာရေးဆရာများပေါ်ထွန်းလာစေရန်အတွက် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စာပေဆုများချီးမြှင့်ပေးအပ်ပြီး အသိအမှတ်ပြုခြင်း၊ ချီးကျူးဂုဏ်ပြုခြင်းတို့ကြောင့် စာရေးသူများအနေနှင့် မိမိကိုယ်ကို ယုံကြည်မှုတိုးလာပြီး ပိုမိုပြောင်မြောက်သည့် စာပေလက်ရာကောင်းများ ဖန်တီးလိုစိတ်များလည်း ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထိုသည်ပင် စာကောင်းပေကောင်းများ ပေါ်ထွက်ရန်ကြီးမားသည့် တွန်းအားတစ်ရပ်၊ အထောက်အပံ့ကောင်းတစ်ရပ်ဖြစ်သည်ဟု မြင်ပါကြောင်း၊ ထို့ကြောင့် စာပေဗိမာန်အနေနှင့် စာပေဆုများချီးမြှင့်ခြင်းလုပ်ငန်းကို မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် တာဝန်တစ်ရပ်အဖြစ် အလေးအနက်ထားပြီး ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုအမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရသည့် စာပေပညာရှင်များ၊ စာရေးသူများအနေနှင့် ခားသွားထက်ပိုထက်သည့် ကလောင်သွားပိုင်ရှင်များပီပီ စိတ်စေတနာအရင်းခံထားပြီး မိမိပတ်ဝန်းကျင်ဘဝ၊ မိမိရေမြေဘဝ၊ မိမိလူမျိုးဘဝ၊ မိမိတိုင်းပြည်ဘဝအတွက် အကျိုးပြုစာပေလက်ရာများ ပိုမိုတိုးတက်ရေးသားနိုင်ကြပါစေ၊ ထိုမှတစ်ဆင့် မိမိနိုင်ငံအတွင်းမှာသာမက နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် စာပေလက်ရာကောင်းများ ဖန်တီးနိုင်သည့်သူများဖြစ်ကြပါစေ၊ ယနေ့ ဒီမိုကရေစီဖက်ဒရယ်

*စာမျက်နှာ ၉ သို့*

**စာမျက်နှာ ၈ မှ**

ပြည်ထောင်စုနိုင်ငံတော်ကြီးပေါ်ပေါက်လာအောင် ရည်မှန်းတည်ဆောက်ရေးတွင်လည်း စာပေနယ်ပယ်မှ ပံ့ပိုးဆောင်ရွက်နိုင်သူများဖြစ်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဦးသာနိုး (မောင်သာနိုး)၊ ဆရာကြီး ဦးသိန်းသန်းထွန်း(သိန်းသန်းထွန်း) နှင့် ဆရာကြီး ဦးကျော်ဝင်း (ညို၀င်း)တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်နှင့် နိုင်သက်လွင်တို့က အမျိုးသားစာပေဆုရရှိကြသူများအား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှတို့က စာပေဗိမာန်စာမူဆုရရှိကြသူများအား လည်းကောင်း ဆုများပေးအပ်ချီး မြှင့်ကြသည်။

ယင်းနောက် စာပေဆုရရှိသူများကိုယ်စား ၂၀၁၆ ခုနှစ်အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဦးသာနိုး (မောင်သာနိုး)က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များ၊ အမျိုးသားစာပေဆုရှင်များ၊ စာပေဗိမာန်စာမူဆုရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားမစတင်မီ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဆုရစာပေပညာရှင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများနှင့်ဆုရစာအုပ်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံးအားထုတ်ရေးသားပြုစုခဲ့သည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုဂုဏ်ပြုသည့်အနေဖြင့် " အမျိုးသားစာပေတစ်သက်တာဆု"ကို ၂၀၀၁ ခုနှစ်မှစ၍ နှစ်စဉ်ချီးမြှင့်ပေးအပ်ခဲ့သည်။

၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အမျိုးသားစာပေတစ်သက်တာဆုကို တစ်နှစ်လျှင် စာပေပညာရှင်တစ်ဦးကိုသာ ရွေးချယ်ချီးမြှင့်ခဲ့ရာမှ ၂၀၁၂ခုနှစ်မှစ၍ မြန်မာစာပေဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကာ သုံးဦးအထိ တိုးတက်ချီးမြှင့်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို နှစ်ဦး ချီးမြှင့်နိုင်ခဲ့သည်။ ယခု ၂၀၁၆ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုကို သုံးဦး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသူများ

| စဉ် | စာရေးဆရာ | ဆုအမျိုးအစား |
|---|---|---|
| ၁။ | ဆရာကြီး ဦးသာနိုး(မောင်သာနိုး) | အမျိုးသားစာပေတစ်သက်တာဆု |
| ၂။ | ဆရာကြီး ဦးသိန်းသန်းထွန်း (သိန်းသန်းထွန်း) | အမျိုးသားစာပေတစ်သက်တာဆု |
| ၃။ | ဆရာကြီး ဦးကျော်ဝင်း (ညို၀င်း) | အမျိုးသားစာပေတစ်သက်တာဆု |

## ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိသူများ

| စဉ် | စာရေးဆရာ | စာအုပ်အမည် | ဆုအမျိုးအစား |
|---|---|---|---|
| ၁။ | ညီပုလေး | ထက်မြက်တဲ့ ခေါသွားပေါ်က ချိုမြမြ ပျားရည်စက် | ဝတ္ထုရှည်စာပေဆု |
| ၂။ | မင်းဝေဟင် | လရိပ်အောက်က မိုးတိမ်မဂ္ဂဇင်းဝတ္ထုတိုများ | ဝတ္ထုတိုပေါင်းချုပ် စာပေဆု |
| ၃။ | ကိုရွှေး | ရန်ကုန်ကို အလစ်မပေးနဲ့ ဒေလီယာကဗျာများ | ကဗျာပေါင်းချုပ်စာပေဆု |
| ၄။ | ကိုခါး (ကွမ်းခြံကုန်း) | ရေနွေးဖန်ဖန်၊ ရေချိုချို | စာပဒေသာစာပေဆု |
| ၅။ | မောင်တင်စိုး(သစ်ရာကောက်) | ကဗျာကျောင်းနှင့် ဒေါင်းမလေး ကလေးကဗျာများ | ကလေးစာပေဆု |
| ၆။ | ယမင်းမြတ်အေး | အိပ်မက်ချိုချို ဘဝခါးခါး | လူငယ်စာပေဆု |
| ၇။ | မောင်နိုင်(ဒဿနိက) | ရှေးမြန်မာ သင်္ဘောတော်ကြီးများနှင့် ရေကြောင်းအတတ်ပညာလေ့လာမှု | သုတပဒေသာ (ဝိဇ္ဇာဘာသာရပ်)စာပေဆု |
| ၈။ | ကျော်ဦး | မိုးရေလှောင်ကန် | သုတပဒေသာ(အသုံးချသိပ္ပံ) စာပေဆု |
| ၉။ | ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း) | ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံ တည်ဆောက်ခြင်း | နိုင်ငံရေးစာပေဆု |
| ၁၀။ | ဒေါက်တာခင်မောင်ညွန့် | The Historic Bells of Yangon | အင်္ဂလိပ်ဘာသာ (သုတ) စာပေဆု |

## ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသူများ

| စဉ် | စာရေးဆရာ | စာမူများ | ဆုအမျိုးအစား |
|---|---|---|---|
| ၁။ | ချစ်နွေမိုး | ပွဲတင်သံကောက်ကြောင်း | ဝတ္ထုရှည်ဆု (ပထမ) |
| ၂။ | ယွန်းမြတ်မွန်းသျှန် | ငှက်ကလေးတွေ မိုးတိမ်ကြား ပျံနိုင်ကြစေသား | ဝတ္ထုရှည်ဆု (ဒုတိယ) |
| ၃။ | ယိမ်းနွဲ့လျှံ | နှလုံးသားတို့ လန်းဆန်းရာမြေ | ဝတ္ထုရှည်ဆု (တတိယ) |
| ၄။ | သောင်းမြင့်ဦး (ကွမ်းခြံကုန်း) | သကာတွေ့တဲ့နေ့နှင့် အခြားဝတ္ထုတိုများ | ဝတ္ထုတိုပေါင်းချုပ်ဆု (ပထမ) |
| ၅။ | ကျော်လွင်(စက်မှု) | သံဝေဂနှင့် သံယောဇဉ် အပါအဝင် အခြားဝတ္ထုတိုများစုစည်းမှု | ဝတ္ထုတိုပေါင်းချုပ်ဆု (ဒုတိယ) |
| ၆။ | မောင်နေခြည်(ပြည်) | ထပ်တူကျသော နှလုံးသားများနှင့် အခြားဝတ္ထု | ဝတ္ထုတိုပေါင်းချုပ်ဆု (တတိယ) |
| ၇။ | လင်းခနဲ့ | မေတ္တာပန်းချီ လင်းတေးသီ ကဗျာများ | ကဗျာပေါင်းချုပ်ဆု (ပထမ) |
| ၈။ | ဆန်လုံးညို | သုံးရာသီသခင်နှင့် မြန်မာ့လယ်ယာ ကဗျာများ | ကဗျာပေါင်းချုပ်ဆု (ဒုတိယ) |
| ၉။ | မောင်အောင်စု | ကျွန်ုပ်သခင် ထိုအရှင်သည်နှင့် ဘဝအလှကဗျာများ | ကဗျာပေါင်းချုပ်ဆု (တတိယ) |
| ၁၀။ | ဖွဲသန်းသျှင်း(သုံးဆယ်) | ပီမိုးနင်းစာများကပြောသည့် ပီမိုးနင်း | သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ဆု (ဒုတိယ) |
| ၁၁။ | ခင်(တောင်ကြီး) | တောင်ကြီးမြို့၏ ရှေးအစဉ်အလာ ရိုးရာမီးပုံးပျံပွဲတော် | သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ဆု (တတိယ) |
| ၁၂။ | ဒေါက်တာမြင့်သန်း (ညောင်လေးပင်) | မြို့ကြီးများနှင့် ကျန်းမာရေးပြဿနာများ | သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) ဆု (တတိယ) |
| ၁၃။ | ကျော်သောင်း(ဘုတလင်) | ချင်းတွင်းဒေသဖောင်သမားဘဝနှင့် အတွေ့အကြုံ စာမျိုးစုံများ | စာပဒေသာ(ဆောင်းပါး) ဆု (ပထမ) |
| ၁၄။ | မောင်ချစ်ထွေး (မဟာဝိဇ္ဇာ) | မြစ်ဝမဲဇာ မြစ်ညာခိုတောင် | စာပဒေသာ(ဆောင်းပါး) ဆု (ဒုတိယ) |
| ၁၅။ | ဇော်လွင်ဦး (ဟသ်ာတ) | တစ်ချိန်တစ်ခါဆီက စံပြကြက်ခြေနီ | စာပဒေသာ(ဆောင်းပါး) ဆု တတိယ |
| ၁၆။ | ဇော်လွင်ဦး (ဟသ်ာတ) | ယင်းနက် | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု (ပထမ) |
| ၁၇။ | မအိအိမွန်(ယဉ်ကျေးမှု) | ပြတိုက်ပြခန်းများက ပြောသော တိုင်းရင်းသားယဉ်ကျေးမှု | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု (ဒုတိယ) |
| ၁၈။ | စေတနာလှိုင်(ရေစကြို) | မြန်မာမှုကျောက်ဆစ်အနုပညာ | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု (တတိယ) |
| ၁၉။ | ဇာနည် | မေမေ့ရင်ခွင် ကလေးကဗျာများ | ကလေးစာပေဆု (ဒုတိယ) |
| ၂၀။ | သိခ်သူ | မြန်မာ့စိတ်ရင်းနှင့် ကလေးကဗျာများ | ကလေးစာပေဆု (တတိယ) |
| ၂၁။ | ချစ်မုန်းငြိမ်း | အပျံသင်စနှင့် လူငယ်ဝတ္ထုတိုများ | လူငယ်စာပေဆု (ဒုတိယ) |
| ၂၂။ | နေမထူး | အနက်ရောင်လွင်ပြင် | လူငယ်စာပေဆု (တတိယ) |
| ၂၃။ | ဇင်မင်း(သမိန်ထော) | အလွမ်းနွေရိပ် ပန်းလှေဆိပ် | ပြဇာတ်စာပေဆု (ပထမ) |
| ၂၄။ | မောင်မြေနီ(တမာတော) | ကောင်းဖို့ရွယ်သောခေတ်ကို အထူးသဖြင့် မျှော်မိတယ် | ပြဇာတ်စာပေဆု (ဒုတိယ) |
| ၂၅။ | မောင်စိုးထိုက်(သုံးဆယ်) | တာဝန်ကိုယ်စီရှိပါသည်နှင့် အခြားပြဇာတ်များ | ပြဇာတ်စာပေဆု (တတိယ) |
| ၂၆ | ဇာနည်(ဘူမိဗေဒ) | အကြမ်းဖက်ဝါဒ၊ လုံခြုံရေးနှင့် လူ့အခွင့်အရေး(တရားဥပဒေစိုးမိုးမှုဖြင့် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး) | ဘာသာပြန်ဆု (ပထမ) |

*စာမျက်နှာ ၇ မှ*

အားနည်းချက်လေးတွေရှိတဲ့အတွက် အစိုးရအနေနဲ့ထောက်ပံ့ပေးဖို့ တိုက်တွန်းချင်ပါတယ်။ သတင်းပညာကို တကယ်လေ့လာချင်တယ်ဆိုရင် ဆယ်လသင်တန်း၊ တစ်နှစ်သင်တန်းဒါမျိုးလေးတွေလုပ်ပေးစေချင်တယ်။

**Ms. Samreen Khan Ghauri**
**Multimedia Journalist**
**ပါကစ္စတန်နိုင်ငံ**

ဆွေးနွေးပွဲကကောင်းမွန်တဲ့ ဆွေးနွေးပွဲတစ်ခုဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲမှာ အာရှ-ဥရောပမှာရှိတဲ့ သတင်းစာဆရာတွေဟာ ပွင့်ပွင့်လင်းလင်းနဲ့ တွေ့ဆုံဆွေးနွေးခွင့်ကို ရရှိခဲ့ပါတယ်။ Code of Conduct တွေFreedom of Expression တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲတက်ရောက်တဲ့ အာရှ-ဥရောပသတင်းစာဆရာတွေဟာ ကိုယ့်အတွေ့အကြုံတွေကို ဆွေးနွေးပွဲမှာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပါတယ်။ အာရှ-ဥရောပ Media Network အနေနဲ့ ပိုပြီး ပူးပေါင်းဆောင်ရွက်သွားနိုင်မယ်လို့ထင်ပါတယ်။

မြန်မာနိုင်ငံကိုအခုမှ ပထမဆုံးရောက်ဖူးတာပါ။ အခုခရီးစဉ်မှာ မြန်မာတွေရဲ့ ရင်းနှီးနွေးထွေးမှုကိုတွေ့ရပါတယ်။ ဆွေးနွေးပွဲမှာ မြန်မာသတင်းစာဆရာတွေလည်း ပါဝင်ဆွေးနွေးကြတဲ့အတွက် မြန်မာမီဒီယာကဏ္ဍနဲ့ပတ်သက်ပြီးလည်း သိရှိခဲ့ရပါတယ်။ ကျွန်မအမြင်ကတော့ မြန်မာမီဒီယာကဏ္ဍက တချို့နေရာတွေမှာ လိုအပ်ချက်တွေရှိနေပေမယ့် တိုးတက်မှုရှိတယ်လို့ မြင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတာတွေကိုလည်း သိရှိရပါတယ်။ မြန်မာနိုင်ငံဟာ ရခိုင်ပြည်နယ်အရေးကိစ္စကို အကောင်းဆုံးဖြေရှင်းနိုင်မယ်လို့လည်း ထင်မြင်မိပါတယ်။

Ms. Sharada Balasubramanian
Independent Environmental & Development Journalist
**အိန္ဒိယနိုင်ငံ**

ကျွန်မအနေနဲ့ မြန်မာနိုင်ငံမှာကျင်းပတဲ့ (၁၁)ကြိမ်မြောက် အာရှ-ဥရောပသတင်းစာဆရာများ နှီးနှောဖလှယ်ပွဲကို လာရောက်တာ ဒါဟာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ကျွန်မမြန်မာနိုင်ငံကိုခြေချတာနဲ့သိလိုက်ရတာက မြန်မာလူမျိုးတွေဟာအလွန်ကို ကြင်နာကြပြီးတော့ နွေးထွေးဖော်ရွေစွာနဲ့ ဂရုစိုက်ကြပါတယ်။ (၁၁)ကြိမ်မြောက် အာရှ-ဥရောပသတင်းစာဆရာများ နှီးနှောဖလှယ်ပွဲဟာကောင်းမွန်တဲ့ လမ်းစဉ်တစ်ခုလည်းဖြစ်ပါတယ်။ နိုင်ငံပေါင်းစုံက လူတွေအများကြီးနဲ့ တိုက်ရိုက်ထိတွေ့ခွင့်ရပြီး နိုင်ငံပေါင်းစုံမှာ ဖြစ်ပေါ်နေတဲ့ကိစ္စရပ်တွေကိုနားလည်ဖို့နဲ့ ဘယ်လိုဖြေရှင်းမလည်းဆိုတာနဲ့ ပတ်သက်ပြီး ပါဝင်ဆွေးနွေးခွင့်ရတာဟာ တကယ်ကိုကောင်းမွန်တဲ့ အခွင့်အလမ်းတစ်ခုဖြစ်ပါတယ်။

မြန်မာနဲ့ အိန္ဒိယနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တာနဲ့အညီ နှစ်နိုင်ငံဆက်ဆံရေးလည်း ကောင်းမွန်လျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံက တာဝန်ရှိသူတွေဟာ မကြာသေးမီကမှ မြန်မာနိုင်ငံကိုလာရောက်ပြီး တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါသေးတယ်။ မြန်မာနဲ့အိန္ဒိယနိုင်ငံဆက်ဆံရေးဟာအပြန်အလှန်လေးစားမှုရှိပြီးတော့ ကောင်းမွန်ခိုင်မြဲတဲ့ ဆက်ဆံရေးလို့ ပြောချင်ပါတယ်။

ကမ္ဘာ့အဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်တွေကို ဖော်ဆောင်နေတာနဲ့အညီ အတိုင်းအတာတစ်ခုအထိ တိုးတက်မှုကတော့ ရှိပါတယ်။ ဒါပေမယ့် တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွေအပေါ် အခြေခံပြီးတော့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်တွေကို ဖော်ဆောင်တဲ့နေရာမှာ မြန်မာနဲ့ အိန္ဒိယနိုင်ငံအပါအဝင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တူညီနိုင်မယ်တော့မထင်ပါဘူး။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သူ့နိုင်ငံရဲ့ပကတိအခြေအနေနဲ့သူ အကောင်အထည်ဖော်နေတာတွေတော့ ရှိပါတယ်။ ဒီအကောင်အထည်ဖော်နေမှုအပေါ် ဘာမှ တိုးတက်မှုမရှိဘူးလို့ ပြောလို့မရပါဘူး။ သူ့ဟာနဲ့သူကတော့ တိုးတက်မှုတွေရှိပါတယ်။ အစိုးရပိုင်းမှာလည်း သူ့ဟာနဲ့သူဦးစားပေးလုပ်ဆောင်ရမယ့် ကိစ္စရပ်တွေရှိပါတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်တဲ့နေရာမှာ အိန္ဒိယနိုင်ငံမှာလည်း သူ့ပြဿနာနဲ့သူရှိသလို မြန်မာနိုင်ငံမှာလည်း သူ့ပြဿနာနဲ့သူရှိပါတယ်။ မီဒီယာတွေအတွက်တော့ ငြိမ်းချမ်းရေးတည်ဆောက်ဖို့နဲ့ ပဋိပက္ခဖြစ်စဉ်တွေဟာ အရေးကြီးတဲ့ အခန်းကပါဝင်လာပါတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဟာ နှေးနှေးနဲ့ မှန်မှန်ဖြစ်ပေါ်နေပါတယ်။ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်တွေ အကောင်အထည်ဖော်မှုဟာအကျိုးဖြစ်ထွန်းလာမယ့် ရလဒ်တွေဆောင်ကြဉ်းလာမယ်ဆိုတာယုံကြည်ပါတယ်။

မြန်မာနိုင်ငံမီဒီယာကဏ္ဍဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်မသိပ်မသိပေမယ့် လွန်ခဲ့တဲ့ရက်က ကျင်းပခဲ့တဲ့ ဆွေးနွေးပွဲမှာ သိလိုက်ရတာက မြန်မာနိုင်ငံက ဂျာနယ်လစ်တွေဟာ Proactive ဖြစ်လာကြတယ်ဆိုတာပဲဖြစ်ပါတယ်။ သူတို့ဟာ စိတ်ဝင်စားဖွယ်ကောင်းတဲ့ကိစ္စတွေမှာ အရေးကြီးတဲ့ မေးခွန်းတွေ အမြောက်အမြားမေးမြန်းလာကြတာကို တွေ့ရပါတယ်။

ကျွန်မအနေနဲ့ ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်ပြီးတော့ နောက်ခံသမိုင်းကြောင်း အခြေအနေကိုမသိပါဘူး။ ဒါပေမယ့် မြန်မာနိုင်ငံအနေနဲ့ ဒါကိုငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပူးပေါင်းလုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

**Mr. AKM Moinddin**
**Special Correspondent**
**UNB ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ကျွန်တော့်အနေနဲ့ ရန်ကုန်ကိုတော့ အကြိမ်ပေါင်းများစွာ ရောက်ဖူးပေမယ့် နေပြည်တော်မှာကျင်းပတဲ့ (၁၁) ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲကို တက်ရောက်လာတာ ဒါဟာ ပထမဆုံးအကြိမ်ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာအလွန်ကို လှပတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒီနေရာကို လာရတာ အလွန်ပဲဝမ်းသာပါတယ်။ နေပြည်တော်ကလည်း အလွန် သန့်ရှင်းပြီးတော့ ပြည်သူတွေကလည်း လှိုက်လှိုက်လှဲလှဲကြိုဆိုကြပါတယ်။ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်ဟာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တာကြောင့် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိပါတယ်။ ပြီးတော့ မြန်မာ့ယဉ်ကျေးမှုကိုလည်း သဘောကျပါတယ်။

အာရှ-ဥရောပက ဂျာနယ်လစ်တွေ လာရောက်ပြီး ဆွေးနွေးတဲ့အတွက် ဒီအစည်းအဝေးဟာအလွန်ကိုပဲ အရေးကြီးပါတယ်။ အာရှ-ဥရောပနိုင်ငံတွေက ဂျာနယ်လစ်တွေနဲ့ ကျွန်တော်တို့ အတူတကွလုပ်စရာတွေအများကြီးသိခဲ့ပါတယ်။ အခုလို ဂျာနယ်လစ်တွေ အတူတကွလာရောက်ဆွေးနွေးမှုဖြစ်စဉ်က တိုးတက်မှုတွေကို ပိုမိုဖွံ့ဖြိုးအောင်လုပ်ကြရမှာဖြစ်ပါတယ်။ ဒီမူဝါဒလမ်းစဉ်တွေကိုအခြေခံပြီး အကျိုးကျေးဇူးတွေရရှိဖို့နဲ့ ရည်မှန်းရာပန်းတိုင်ကိုရောက်ဖို့ မြန်မာနိုင်ငံကတာဝန်ရှိသူတွေ အပါအဝင် သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေကအတူတကွ ဖော်ဆောင်ရမှာပဲဖြစ်ပါတယ်။

လူတွေကို ပညာပေးဖို့ မီဒီယာရဲ့အခန်းကဏ္ဍဟာ အလွန်ကိုအရေးပါပါတယ်။ မှန်မှန်ကန်ကန်နဲ့ ဘက်လိုက်မှုမရှိဘဲ ကျင့်ဝတ်တွေနဲ့အညီလူသားတွေအတွက် သတင်းတွေရေးသားဖော်ပြရမှာပဲဖြစ်ပါတယ်။ သတင်းတွေကို မှန်မှန်ကန်ကန်ရေးသားပြီး ပြည်သူတွေကို စိတ်ဝင်စားစေရပါမယ်။ ခေါင်းဆောင်တွေရဲ့အတွေးအမြင်တွေကို ပြည်သူကိုချပြပြီး ခေါင်းဆောင်နဲ့ ပြည်သူကြားပေါင်းကူးပေးရမှာပဲဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဟန်နီဝင်း၊ တင်လင်းအောင်၊ ဇင်ဦး၊ ကိုမင်း၊ မခင်စုစုလှိုင်၊ ဓာတ်ပုံ - ဇင်ဦး(မြန်မာ့အလင်း)**

# မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များမှ အဝေးသင်တက္ကသိုလ်တက်ရောက်ရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်

**စစ်တွေ နိုဝင်ဘာ ၁၉**

မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များမှ အဝေးသင်တက္ကသိုလ် တက်ရောက်ရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအား ရောင်ခြည်အလင်းတန်း ရက္ခိတအဖွဲ့က ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက စစ်တွေမြို့ ဒက္ခောင်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် ရောင်ခြည်အလင်းတန်း ရက္ခိတအဖွဲ့ ဦးဆောင် ဆရာတော် ဦးစန္ဒိတက ရောင်ခြည်အလင်းတန်း ရက္ခိတအဖွဲ့ ပေါ်ပေါက်လာပုံနှင့် ရခိုင်ပြည်နယ်အတွင်း ကူညီထောက်ပံ့ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုတို့ကို မိန့်ကြားသည်။ ယင်းနောက် စစ်တွေတက္ကသိုလ် မော်ကွန်းထိန်း ဦးရွှေခိုင်ကျော်နှင့် စစ်တွေတက္ကသိုလ် ကွန်ပျူတာဌာနမှ ဦးလှမြူတို့က အဝေးသင်တက္ကသိုလ် ပညာရေးစနစ် တိုးတက်ပြောင်းလဲလာခြင်းနှင့် အဝေးသင် ကျောင်းသားတစ်ဦး၏ ဆောင်ရွက်ရမည့် ကဏ္ဍများအား ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ရောင်ခြည်အလင်းတန်း ရက္ခိတအဖွဲ့ ဦးဆောင်ဆရာတော်နှင့် တာဝန်ရှိသူများက ပညာသင်ထောက်ပံ့ငွေများကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ကြပြီး ရောင်ခြည်အလင်းတန်း ရက္ခိတအဖွဲ့ အဖွဲ့ဝင် ဦးနောင်ခိုင်အောင်က ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယနေ့ ရောင်ခြည်အလင်းတန်း ရက္ခိတအဖွဲ့မှ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များမှ အဝေးသင် တက်ရောက်ရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူ ၂၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ငွေကျပ် ၁၂၅၀၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**



# မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ တိုက်နယ်ဆေးရုံသစ်တည်ဆောက်ရေးအတွက် အုတ်မြစ်စီမင်္ဂလာကျင်းပ

**မြောက်ဦး နိုဝင်ဘာ ၁၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာရှိ တိုက်နယ်ဆေးရုံအသစ် တည်ဆောက်မည့် မြေနေရာအား မင်္ဂလာအုတ်မြစ်စီ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီကအဆိုပါဆေးရုံအသစ် တည်ဆောက်မည့်နေရာ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ အင်ဒိုနီးရှားသံအမတ်ကြီး H.E.Dr.Ito Sumardi ၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးဝင်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ဆေးရုံအုပ်ကြီး ဒေါက်တာ ရွှေသိန်း၊ မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ မြောင်းဘွေကျေးရွာ၊ ပေါင်းတုတ်၊ နန်းကျား၊ ဘူးတစ်လုံးကျေးရွာတို့မှ ပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် အင်ဒိုနီးရှားသံအမတ်ကြီးက အမှာစကားပြောကြားရာတွင် ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးအထောက်အကူပြုစေရန် ယခုလို မြောင်းဘွေတိုက်နယ်ဆေးရုံအား အသစ်ပြန်လည်တည်ဆောက်ပေးခြင်းအားဖြင့် ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်လာအောင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အင်ဒိုနီးရှား သံအမတ်ကြီးနှင့် အဖွဲ့သည် မြောက်ဦးမြို့ပေါ်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်သို့ ရောက်ရှိပြီး ရှေးဟောင်းဗိသုကာလက်ရာများနှင့် ရခိုင်တိုင်းရင်းသားတို့၏ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာပြီး ကိုးသောင်းပုထိုးတော်ကြီးအား သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(မြန်/ဆက်)**



# စစ်တွေမြို့၌ ရခိုင်ပြည်နယ် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်း (ယာယီ) က ကြီးမှူးကျင်းပ၍ ဟောပြောပွဲကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၉**

ရခိုင်ပြည်နယ် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်း (ယာယီ) မှ ကြီးမှူးကျင်းပသည့် Global Entrepreneurship Week-GEW ဟောပြောပွဲ အခမ်းအနားကို စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဘဏ္ဍာရေး ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက အမှာစကားပြောကြားပြီး Global Entrepreneurship Week အဖွဲ့ချုပ်မှ ပေးပို့သော စာတမ်းအား ကိုမျိုးမင်းခန့်က ဖတ်ကြားသည်။

ထို့နောက် ရခိုင်စီးပွားရေးဦးဆောင်အများပိုင် ကုမ္ပဏီလီမိတက်မှ Executive-Vice–Chairman (Managing ) ဦးခင်မောင်ကြီးက ရခိုင်လူငယ်နှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးအကြောင်းကို လည်းကောင်း ၊ PS. (Business School) မှ Founder & Director ဒေါ်စိမ်းဝတ်ရည်က Entrepreneurship အကြောင်းနှင့်လည်းကောင်း ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး Mr . Martin Pun (President in MBCA – Myanmar Business Coalition on AIDs) က Branding & Marketing နှင့် ပတ်သက်၍လည်းကောင်း၊ B.D.S ( Rakhine) စွန့်ဦးတီထွင်စီးပွားရေး သင်တန်းကျောင်းမှ Founder & Managing Driector ဦးကျော်မင်းထွန်းက Rakhine Youth Entrepreneurship အကြောင်းနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြောင်း သိရသည်။

**ဝင်းမင်းစိုး(မြန်/ဆက်)**

# မောင်တောမြို့ပေါ်ရှိ ယာယီပိတ်ထားသောကျောင်းများ ပြန်လည်ဖွင့်လှစ်၊ အစ္စလာမ်ဘာသာဝင် ဘင်္ဂါလီကလေးငယ်များ ကျောင်းပြန်လည်တက်ရောက်၍ စာသင်ကြားလျက်ရှိ

**မောင်တော နိုဝင်ဘာ ၁၉**

ဩဂုတ်လ ၂၅ ရက်နေ့က ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မောင်တောမြို့ပေါ်နှင့် မောင်တောခရိုင်အတွင်းရှိ စာသင်ကျောင်းများ ယာယီပိတ်ထားခဲ့ရာ အောက်တိုဘာလဆန်းပိုင်းမှ စတင်၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့သည်။ **(ယာပုံ)**

ယင်းသို့ စာသင်ကျောင်းများ ဖွင့်လှစ်ခဲ့ရာတွင် အစ္စလာမ်ဘာသာဝင် ဘင်္ဂါလီကလေးငယ် အများစု တက်ရောက်လျက်ရှိသည့် မောင်တောမြို့ မူလတန်းလွန် (စံပြ) ကညင်တန်းကျောင်းကိုလည်း နိုဝင်ဘာလဆန်းပိုင်းမှ စတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါတွင် အစ္စလာမ်ဘာသာဝင် ကလေးငယ်များ ကျောင်းပြန်လည်တက်ရောက်၍ စာသင်ကြားလျက်ရှိသည်။ **(အောက်ပုံ)**



ကညင်တန်း စံပြ အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သက်က "ကျောင်းကို နိုဝင်ဘာ ၃ ရက်လောက်မှာ စဖွင့်ပါတယ်၊ ကျောင်းမှာက အစ္စလာမ်ဘာသာဝင် အများစုပါ၊ ဟိန္ဒူဘာသာဝင်တွေလည်း နည်းနည်းပါးပါး တက်ပါတယ်၊ ကျောင်းဖွင့်ခါစက တစ်ယောက်၊ နှစ်ယောက် လောက်ပဲလာကြပါတယ်၊ အခုတော့ ကျောင်းသား ၁၀၀ ကျော်လောက် လာတက်နေပါပြီ" ဟု ပြောသည်။

ကညင်တန်း စံပြ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ သင်ကြားပေးလျက်ရှိပြီး ကျောင်းသားဦးရေ ၁၈၅၄ ဦးနှင့် ဒေသခံပညာရေးဝန်ထမ်း ၁၅ ဦး ရှိပြီး အောက်တိုဘာ လကုန်ပိုင်းက စတင်၍ ကျောင်းပြန်လည်ဖွင့်လှစ်ရန် ပညာရေးဌာနက ညွှန်ကြားခဲ့ကြောင်း သိရသည်။

၂၀၁၇ မေ ၃၀ ရက်က တိုက်ခတ်ခဲ့သည့် မိုရာမုန်တိုင်းကြောင့် ကညင်တန်း စံပြ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ စာသင်ခန်းများသည် အမိုးလန် ပျက်စီးလျက်ရှိနေပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီးထံမှ သိရသည်။

"လက်ရှိ အခက်အခဲကတော့ အဆောင်တွေက မုန်တိုင်းကြောင့် ပြိုသွားတယ်၊ ကျောင်းသားတွေအတွက် အခန်းတွေမရှိဘဲ အားလုံးစုသင်နေရတော့ စာသင်ရင် ဆူဆူညံညံဖြစ်နေတာပေါ့၊ ဒါကြောင့် ကျောင်းဆောင်သစ် လိုအပ်နေပါတယ်၊ မိဘတွေကလည်း ကျောင်းဆောင် တစ်ခုရအောင် ဆောင်ရွက်ပေးဖို့ ပြောပါတယ်၊ ဒီကျောင်းမှာ ကျောင်းဆောင်ကောင်းကောင်း မရှိပါဘူး၊ အခြားအခက်အခဲ မရှိပေမယ့် ကျောင်းဆောင်တစ်ခု လိုနေပါတယ်"ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သက်က ပြောသည်။

မိသားစုနှင့်အတူ ကျောင်းသား ကျောင်းသူအချို့ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသည့် အကြောင်းနှင့် စပ်လျဉ်းပြီး "အကြမ်းဖက် ဖြစ်စဉ်ဖြစ်ပြီး နောက်ပိုင်း အခြားကို ထွက်ခွာသွားတဲ့ ကျောင်းသား ရှိသလားဆိုတော့ နည်းနည်းပါးပါး ရှိပါတယ်၊ မနေ့က နာမည်ခေါ်ကြည့်တော့ ၁၀ ယောက်လောက် ထွက်သွားတယ်လို့ ပြောကြပါတယ်" ဟု ဆရာမကြီးက ပြောသည်။



ကျောင်းပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသားများအားလုံး ပြန်လည်တက်ရောက်နိုင်ရေးအတွက် ကျောင်းအကျိုးတော်ဆောင်များနှင့် ရပ်မိရပ်ဖများကို ခေါ်ယူ၍ အစည်းအဝေးပြုလုပ်ခဲ့သလို ဘာသာရေးကျောင်းများနှင့် ဝတ်ပြုဗလီများတွင် ကျောင်းတက်နိုင်ရန် နှိုးဆော်ပေးထားကြောင်း မူလတန်းပြ ဆရာ ဦးအေးကြွယ်ထံက သိရသည်။

"အစည်းအဝေးလုပ်ပြီး ရွာက ရပ်မိရပ်ဖတွေကို ပြောတယ်၊ သူတို့ ဗလီတွေကနေလည်း ပြောခိုင်းထားတယ်၊ သူတို့ကလည်း လိုက်လုပ်ပေးပါတယ်၊ အခု ကျောင်းတက်လာတယ်၊ ကလေးတွေလည်း များလာတယ်၊ သူတို့က တက်ချင်စိတ်လည်း ရှိလာတယ်" ဟု ဆရာဦးအေးကြွယ်က ပြောသည်။

မောင်တောခရိုင် မောင်တောမြို့နယ်အတွင်း၌ ထက်၊ လယ်၊ မူ အခြေခံပညာကျောင်း ၁၈၃ ကျောင်းရှိပြီး ဖွင့်လှစ်ရန်ကျန်ရှိသည့် ကျောင်း ၁၂၈ ကျောင်း ရှိနေသေးကြောင်း မောင်တောခရိုင် ပညာရေးမှူးရုံးမှ သိရသည်။

"အခက်အခဲ ထွေထွေထူးထူး သိပ်မရှိပါဘူး၊ ကျောင်းလာတက်ကြတယ်၊ ကလေးဆိုတော့ ကစားတာတော့ ကစားတာပေါ့၊ ကျွန်တော်တို့ ငယ်ငယ်က ကျောင်းတက်သလိုပါပဲ၊ ဆရာမက ရှေ့က စာသင်ရင် နောက်က ဆော့တာပေါ့၊ ဘာသာစကား အခက်အခဲတော့ ရှိတယ်၊ နားမလည်တော့ စာသင်တဲ့အခါမှာ သေချာရှင်းပြရတယ်၊ သောကြာနေ့ဆိုရင်တော့ နေ့တစ်ပိုင်း မတက်တော့ဘူး၊ ဗလီ သွားတက်ကြတယ်၊ ဒါကတော့ သောကြာနေ့တိုင်း ကြုံရတဲ့ အခက်အခဲတစ်ခုပါ၊ သူတို့ရဲ့ဘာသာရေးလည်း ရှိတာကိုး"ဟု ဆရာဦးအေးကြွယ်က ကြုံတွေ့ရသည့် အခက်အခဲအချို့နှင့် ပတ်သက်၍ ရှင်းပြသည်။

မောင်တောမြို့ မူလတန်းလွန် (စံပြ) ကညင်တန်းကျောင်းတွင် မောင်တောမြို့ ကညင်တန်းရပ်ကွက်မှ ဘင်္ဂါလီကလေးအများစု စာသင်ကြားလျက်ရှိပြီး ရပ်ကွက် ၅ နှင့် အခြားနေရာအချို့မှ အစ္စလာမ်ဘာသာဝင်နှင့် ဟိန္ဒူဘာသာဝင် ကျောင်းသား အနည်းငယ်လည်း တက်ရောက်ကြကြောင်း သိရသည်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ-ဖိုးထောင်**

# ပညာမတတ်လို့ ကျွန်တော်တို့ကို အသုံးချပြီး လုပ်တယ်လို့ ထင်တယ်၊ ဒီမှာနေတာကြာပြီ အေးအေးချမ်းချမ်းပဲ နေချင်တယ်

အီစွလာမ်(ခ)ဦးမောင်စိန် (သရက်ပြင်ရွာသား)



ဦးလင်းလင်း



ကျော်ဇင်ဝင်း



ကာစိမ်း( သရက်ပြင်ရွာသား)



အီစွလာမ်(ခ)ဦးမောင်စိန်



မာမက်အီစွမိုင်



မူဟာမက်ဇူဘိုက်ရ်

**ရသေ့တောင်၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့တွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဘင်္ဂါလီကျေးရွာများမှ အစ္စလာမ်ဘာသာဝင်တချို့ ထွက်ခွာသွားမှု ရှိခဲ့သော်လည်း အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လိုသည့် ဘင်္ဂါလီကျေးရွာများမှ အစ္စလာမ်ဘာသာဝင်တချို့မှာ ၎င်းတို့အရပ်တွင်သာ နေထိုင်ပြီး အေးချမ်းစွာ လုပ်ကိုင်စားသောက်လျက်ရှိသည်ကို တွေ့ရသည်။**

နေရပ်မစွန့်ခွာဘဲ အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်နေသည့် ဘင်္ဂါလီကျေးရွာများမှ အစ္စလာမ်ဘာသာဝင်တချို့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး ၎င်းတို့၏ အခက်အခဲများနှင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများ၏ ထွက်ခွာသွားရသည့် အကြောင်းရင်းများကို သတင်းအဖွဲ့က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

**ကာစိမ်း(သရက်ပြင်ရွာသား)**

ကျွန်တော်က ညောင်ချောင်းဈေးထဲမှာ ကွမ်းရွက်ရောင်းပါတယ်။ မိသားစု ငါးယောက်ရှိပါတယ်။ အောက်တိုဘာ ၁၉ ရက်မှာ သမီးတစ်ယောက်က သူ့ယောက်ျားနဲ့ ဘင်္ဂလားဒေ့ရှ်ဘက်ကို သွားကြပါတယ်၊ သူ့သဘောနဲ့သူ သွားတာ။ ကျွန်တော်တို့လည်း မပြောဘူး၊ သမက်ကတော့ ဘင်္ဂလားဒေ့ရှ်ဘက်မှာ နေရထိုင်ရတာ အဆင်မပြေဘူးလို့ ဖုန်းဆက်ပြောတယ်၊ ကျွန်တော်တို့ ရွာကတော့ အေးအေးချမ်းချမ်းပဲ။ ဘာပြဿနာမှ မဖြစ်ပါဘူး။ အကြမ်းဖက်တာကို မလိုလားဘူး၊ အေးအေးဆေးဆေးပဲ နေချင်တယ်၊ ဒီဘက်မှာတော့ ဘင်္ဂလားဒေ့ရှ်ဘက် ထွက်သွားတဲ့သူတွေ ရှိတယ်။ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မနက် ၆ နာရီ၊ ည ၆ နာရီ မထွက်ရ အမိန့်ထုတ်ထားတော့ သွားလို့လာလို့ မရတဲ့အခါ အလုပ်အကိုင်တွေလည်း မရှိကြဘူး၊ အလုပ်မရှိတော့ ဘင်္ဂလားဒေ့ရှ်ဘက် ထွက်သွားကြတာပါ။ ဟိုမှာလည်း အဆင်မပြေဘူး။

**မာမက်အီစွမိုင် (ဘုရားပြင်အောင်ပကျေးရွာအုပ်စု၊ ဘုရားပြင်ရွာ၊ ဘူးသီးတောင်မြို့နယ်)**

မိသားစု ၁၅ ယောက်ရှိပါတယ်။ ရွာမှာတော့ ပတ်ဝန်းကျင်ရွာတွေမှာ မီးရှို့တယ်ဆိုပြီး တစ်ဖက်နိုင်ငံထဲ ထွက်သွားတာ ရှိတယ်။ တချို့လည်း အလုပ်အကိုင်ကမရှိတော့ ထွက်သွားကြတယ်။ တောင်ပေါ်လည်း သွားလို့မရ၊ မြို့ပေါ်လည်းသွားလို့မရ။ အလုပ်မရှိ စားစရာမရှိကြတော့ ထွက်သွားကြတယ်။ အစိုးရကတော့ ဆန်၊ ပဲ၊ ကြက်သွန် စားစရာထောက်ပံ့ပေးပါတယ်။ တချို့ကျတော့ ပေးတဲ့ရိက္ခာက မလောက်ဘူး။ မိသားစုက အများကြီးရှိကြတယ်။ အဆင်ပြေတဲ့သူ၊ ပိုက်ဆံရှိတဲ့သူကတော့ ထွက်မသွားကြပါဘူး။ NVC ကတ်လုပ်ရမယ်ဆိုပြီး ကြောက်လို့ ထွက်သွားတာလည်း ရှိတယ်။ ဒီရွာမှာက ၂၀၁၂ ခုနှစ်ကလည်း ဘာပြဿနာမှမဖြစ်ဘူး၊ ၂၀၁၆ ခုနှစ်မှာလည်း ဘာပြဿနာမှ မဖြစ်ဘူး၊ အခုလည်း ဘာမှ မဖြစ်ဘူး။ အေးအေးချမ်းချမ်းပါ။

**အီစွလာမ်(ခ)ဦးမောင်စိန် (အသက်-၆၆နှစ်) (သရက်ပြင်ရွာသား)**

မိသားစု ငါးယောက်ရှိပါတယ်။ ဒီရွာမှာတော့ ဘာမှမဖြစ်ပါဘူး၊ အေးအေးချမ်းချမ်း ရှိပါတယ်၊ ရွာမှာတော့ တစ်ဖက်နိုင်ငံထဲ ထွက်သွားတာတွေ ရှိတယ်၊ စားဖို့မရှိ အလုပ်အကိုင်မရှိကြတော့ တစ်ဖက်နိုင်ငံထဲ ထွက်သွားကြတယ်။ ဒီရွာက ဆင်းရဲသားရွာပါ၊ တောထဲတောင်ထဲမှာ ထင်းခုတ်ကြတယ်။ မြစ်ထဲ ငါးရှာ စားကြတယ်။ မနက် ၆ နာရီ၊ ည ၆ နာရီ မထွက်ရ အမိန့်ထုတ်ထားတော့ ဘာမှလုပ်လို့မရဘူး။ စားဝတ်နေရေး ကျပ်တည်းကြတယ်။ တစ်ဖက်နိုင်ငံထဲ ထွက်သွားတဲ့သူတွေ အထဲမှာ ငွေကြေးတတ်နိုင်တဲ့သူတွေ ပညာတတ်တွေ မပါဘူး။ ဆင်းရဲသားတွေချည်းပဲ ထွက်သွားကြတာ၊ အကြမ်းဖက်သမားတွေက သူတို့ပိုက်ဆံရဖို့အတွက် လုပ်ကြတာ။ အကြမ်းဖက်တွေက နိုင်ငံခြားမှာ တိုက်တွေဆောက်ထားတယ်။ ပညာမတတ်လို့ ကျွန်တော်တို့ လူမျိုးကို အသုံးချပြီး လုပ်တယ်လို့ ထင်တယ်။ ဒီမှာနေတာ ကြာပြီဖြစ်တဲ့အတွက် အေးအေးချမ်းချမ်းပဲ နေချင်တယ်။



ဖော်ဘီမာမွတ်




အဒူမာလစ်



အဒူရာမော်

**မူဟာမက်ဇူဘိုက်ရ် (ဘုရားပြင်အောင်ပကျေးရွာအုပ်စု၊ အောင်ပရွာ၊ ဘူးသီးတောင်မြို့နယ်)**

ကျွန်တော့်မိဘတွေက ဒီရွာမှာ မွေးတယ်။ ကျွန်တော့်ကိုလည်း ဒီရွာမှာ မွေးတယ်။ စစ်တွေ တက္ကသိုလ်ကနေ ဘွဲ့ရတယ်။ ဒီမှာ တစ်ဖက်နိုင်ငံထဲ ထွက်သွားကြတာက ပုဒ်မ ၁၄၄ ထုတ်ထားတော့ တောင်ပေါ်လည်း သစ်ဝါးခုတ်လို့မရဘူး၊ မြစ်ထဲလည်း ငါးရှာလို့မရဘူး။ အလုပ်အကိုင် ရှားပါးလာတဲ့အတွက် စားဝတ်နေရေး ခက်ခဲလာကြတယ်။ ဒါကြောင့် တစ်ဖက်နိုင်ငံထဲ ထွက်သွားကြတယ်။ အစိုးရကတော့ ရိက္ခာတွေ၊ ဆန်တွေ ထောက်ပံ့ ပေးပါတယ်။ ဒါပေမယ့် ထောက်ပံ့တဲ့ ရိက္ခာနဲ့ လူဦးရေ မမျှဘူး၊ မလောက်ငကြဘူး။ အကြမ်းဖက်မှုတွေကြောင့် လုပ်ငန်းတွေ လုပ်ကိုင်ရတာလည်း ခက်ခဲလာတယ်။ ဒီဘက်ကနေ တစ်ဖက်နိုင်ငံထဲ ထွက်သွားတဲ့သူတွေက ဒီရွာကနေ တောင်ကိုကျော်ပြီး မြင်းလွတ်ဘက်သွားကြတယ်။ မြင်းလွတ်ဘက်ကနေ အလယ်သံကျော် အဲ့ဒီကနေ တစ်ဖက်နိုင်ငံထဲ သွားကြတယ်။ တစ်ဖက်နိုင်ငံထဲရောက်သွားတဲ့သူတွေမှာလည်း ဟိုဘက်မှာ နေရထိုင်ရတာ အခက်အခဲရှိတယ် ပြောကြတယ်။

**ဖော်ဘီမာမွတ် (ဒုအိုးသည်မကျေးရွာ၊ ဘူးသီးတောင်မြို့နယ်)**

မိသားစု ရှစ်ယောက်ရှိပါတယ်။ လယ်လုပ်ငန်းလုပ်ကိုင်ပါတယ်။ လယ်ဧက ၂၀ ရှိပါတယ်။ တစ်ဖက်နိုင်ငံထဲ ထွက်မသွားတာက ကျွန်တော့်မှာ လယ်တွေ၊ နွားတွေရှိတဲ့အတွက် အလုပ်ရှိတယ်။ ထွက်သွားရင် ဒုက္ခရောက်မှာစိုးလို့ ထွက်မသွားပါဘူး။ တချို့ကတော့ ကြောက်လို့ တစ်ဖက်နိုင်ငံထဲ ထွက်သွားကြတယ်။ ဘာကိုကြောက်မှန်းတော့ မသိပါဘူး။ တချို့လည်း အလုပ်အကိုင်မရှိတော့ စားဝတ်နေရေးအတွက် ထွက်သွားကြတယ်။ စက်တင်ဘာ ၁၅ ရက်အထိ ဒုအိုးသည်မကျေးရွာက တစ်ဖက်နိုင်ငံထဲ ထွက်သွားတာ လူဦးရေ တစ်ထောင်ကျော်ပါတယ်။ ထွက်သွားတဲ့သူတွေက မိုးမလင်းခင် ရွာကနေ ထွက်သွားကြတယ်။

**အဒူမာလစ်( ရပ်မိရပ်ဖ ရာအိမ်မှူး၊ အထက်ကျွဲချိုမော်ကျေးရွာအုပ်စု၊ ကာဒီရွာ)**

ဩဂုတ် ၂၅ ရက် အကြမ်းဖက်မှုဖြစ်စဉ် နောက်ပိုင်း ကျွန်တော်တို့ရွာက အိမ်ခြေ တစ်ရာကျော်လောက် တစ်ဖက်နိုင်ငံထဲ ထွက်သွားကြပါတယ်။ လူဦးရေ ၉၀၀ ကျော်လောက်ရှိမယ်။ သွားလို့လာလို့မရတော့ စားဝတ်နေရေး ခက်ခဲလာလို့ ထွက်ပြေးကြတယ်။ ရပ်မိရပ်ဖ တစ်ယောက်အနေနဲ့ မသွားဖို့တားပေမယ့် ပတ်ဝန်းကျင်အနီးအနားက ရွာတွေကလည်း သွားနေတာပဲဆိုပြီး သူတို့လည်း သွားမယ်လို့ ပြောတယ်။ တားလို့မရပါဘူး။ သွားတဲ့သူတွေက ဟိုရောက်ရင် ထောက်ပံ့ကြေးရတယ်၊ ရိက္ခာတွေလည်း ရတယ်ဆိုပြီး ပြောကြတယ်။ ခုဒီပြဿနာဖြစ်ပြီးနောက်ပိုင်း ကျွန်တော်တို့ကို ကယ်ဆယ်ရေးက ဆန်၊ ဆီ၊ ဆား ၊ အာဟာရမုန့်တွေ ထောက်ပံ့ထားတာရှိပါတယ်။ သုံးလေးငါးကြိမ်လောက်ရှိပြီ။ ကျွန်တော်က နောက်ထပ် ထွက်မသွားစေချင်တော့ဘူး။ ဒီမှာက ကိုယ့်စပါး ကိုယ်ရိတ်လို့ရနေတာပဲ။ ငါးဖမ်းလို့လည်း ရတယ်။ အဆင်ပြေနေတာပဲ။

**အဒူရာမော်( အုပ်ချုပ်ရေးမှူး၊ ဒုအိုးသည်မရွာ)**

ကျွန်တော်တို့ရွာက ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးတာ အိမ်ထောင်စုက နှစ်ရာလောက်ရှိမယ်။ လူဦးရေက ၁၅၀၀ လောက်ရှိပါမယ်။ ဘာကြောင့် ထွက်ပြေးတာလဲဆို ကျွန်တော်တို့ရွာကလူတွေက ရခိုင်ရွာမှာ အလုပ်သွားလုပ်တာများတယ်။ အခုပြဿနာဖြစ်ပြီးနောက်ပိုင်း တားမြစ်လိုက်တော့ အလုပ်သွားလုပ်လို့မရတော့လို့၊ ဝါးခုတ်လို့ မရတာလည်းပါတယ်။ ထောက်ပံ့တာကတော့ အုပ်ချုပ်ရေးပိုင်းကရော၊ ICRC ကရော ထောက်ပံ့ထားတာတွေ ရှိပါတယ်။ ရခိုင်ရွာတွေနဲ့က ပြဿနာ မဖြစ်ခင်တုန်းက သွားလာလို့ရပါတယ်။ အခုပြဿနာဖြစ်ပြီး နောက်ပိုင်း ရခိုင်ရွာတွေ သွားလို့လာလို့မရတော့ဘူး။ တစ်ဖက်နဲ့တစ်ဖက် ကြောက်ပြီး အသွားအလာ မလုပ်ကြတာပါ။ ထွက်သွားတဲ့သူတွေနဲ့ အဆက်အသွယ် မရှိပါဘူး။ ဘာမှ မကြားမိပါဘူး။

**ကျော်ဇင်ဝင်း(ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဘုရားပြင်အောင်ပကျေးရွာအုပ်စု)**

ကျွန်တော်တို့ ကျေးရွာအုပ်စုမှာက ကျေးရွာပေါင်း သုံးရွာ ရှိပါတယ်။ တိုင်းရင်းသားရွာတစ်ရွာနဲ့ ဘင်္ဂါလီရွာ နှစ်ရွာပါ။ ဘုရားပြင်နဲ့ အောင်ပဘင်္ဂါလီရွာ နှစ်ရွာမှာက လူဦးရေ ၆၀၀၀ ကျော်လောက် ရှိတယ်။ ကျွန်တော်တို့ ရခိုင် ကံ့ကော်မြိုင်ကျေးရွာမှာတော့ လူဦးရေ ၄၀၀ ကျော် ရှိပါတယ်။ ဒီဘက်မှာ ဘင်္ဂါလီရွာတွေက ထွက်သွားတာကတော့ ဩဂုတ် ၂၅ ရက် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပြီး တစ်ပတ်လောက်ကြာမှ တစ်ဖက်နိုင်ငံထဲ ထွက်သွားကြတာ။ ဆယ်အိမ်မှူးတွေ ရာအိမ်မှူးတွေ သတင်းလာပို့မှ ကျွန်တော် သိရတာပါ။ မနက်စောစောထပြီး တောင်ကျော်ပြီးတော့ ထွက်သွားကြတာ။ အားလုံးပေါင်း ဘင်္ဂါလီ ၁၂၀၀ ကျော်ကျော်လောက် ရှိမယ်ထင်ပါတယ်။ ထွက်သွားတာကတော့ စားဝတ်နေရေး အဆင်မပြေလို့ ပြေးတယ်လို့ ပြောသံကြားပါတယ်။ ရွာမှာလည်း တတ်နိုင်တဲ့သူတွေက ထောက်ပံ့ပေးနေကြတာပါပဲ။ အုပ်ချုပ်ရေးပိုင်းက စားစရာတွေ ထောက်ပံ့ပေးတာ နှစ်ကြိမ်လောက်ရှိပြီ။ တပ်မတော်ဘက်ကလည်း အဝတ်အထည်တွေ ကို တစ်ကြိမ် လာထောက်ပံ့ပေးထားပါတယ်။ ၁၄၄ ထုတ်တာက မနက် ၆ ၊ ည ၆ ဆိုတော့ အဲဒီကြားမှာ အလုပ်လုပ်လို့ရပါတယ်။ နေ့လယ်ပိုင်း စပါးရိတ်လို့ ရတယ်၊ နွားကျောင်းလို့ရတယ်၊ ငါးဖမ်းလို့ ရပါတယ်။ ဌာနဆိုင်ရာတွေလည်း အနီးအနားရှိနေတယ်။ ဘာမှတော့ ပိတ်ပင်ထားတာ မရှိပါဘူး။ ဒီမှာက ဩဂုတ်လ ၂၅ ရက်နေ့ကလည်း ဘာမှမဖြစ်ခဲ့ပါဘူး။ ရခိုင်တိုင်းရင်းသားရွာကိုလည်း ဘင်္ဂါလီတွေ လာကြတာပဲ။ သူတို့တွေရဲ့ ဟင်းခင်းတွေ၊ တောင်ယာတွေ လုပ်မယ်ဆိုလည်း ရခိုင်ရွာကပဲ ဖြတ်သွားနေကြတာပဲ။ ထွက်သွားနေတာကိုတော့ မသွားဖို့ ကျွန်တော့်အနေနဲ့ ထိန်းပေးပါတယ်။ အခု လောလောဆယ် အဆင်မပြေရင်လည်း နောက်ပိုင်းမှာ အဆင်ပြေသွားအောင် လူကြီးတွေ လုပ်ပေးနေတယ်လို့ ရပ်မိရပ်ဖတွေကိုလည်း မှာတယ်။ သူတို့ ဘာသာရေးခေါင်းဆောင်တွေကိုလည်း ပြောထားပါတယ်။ ဘာသာရေးအတွက်လည်း ပိတ်ပင်တာတွေ၊ တားဆီးတာတွေ ဘာမှမရှိပါဘူး။ အကုန်လုံး ခွင့်ပြုပေးထားပါတယ်။

**ဦးလင်းလင်း( အုပ်ချုပ်ရေးမှူး၊ ညောင်ချောင်းကျေးရွာအုပ်စု)**

ကျွန်တော်တို့ ညောင်ချောင်းကျေးရွာအုပ်စုမှာ လက်ရှိထွက်သွားတာတော့ မရှိပါဘူး။ ဟိုတလောက ထွက်သွားတာကတော့ ဘင်္ဂါလီလူဦးရေ ၈၀၀ နီးပါးလောက် ထွက်သွားကြပါတယ်။ ဘာကြောင့် ထွက်သွားရတာလဲဆိုတာ ရွာတာဝန်ခံကနေတစ်ဆင့် မေးကြည့်တော့ သူတို့က ဒီမှာနေလည်း ဘာမှမထူးဘူး။ အဲဒီလိုပြောပြီး သွားကြတယ်လို့ ပြောပါတယ်။ ဒီမှာကတော့ ခြိမ်းခြောက်တာ ဘာညာ ဘာမှမရှိပါဘူး။ ကျွန်တော်လည်း တားပါတယ်။ ကျွန်တော်တို့ရွာမှာ ပြဿနာဖြစ်ပွားမှု မရှိခဲ့ပါဘူး။ အတူယှဉ်တွဲ နေထိုင်ကြပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ယုံမှားသံသယတွေ မရှိကြဘဲ စီးပွားရေးတွေလည်း အတူ လုပ်ကိုင်ကြတယ်။ ကျွန်တော်တို့ ရွာမှာက အိမ်ထောင်စု ၈၃၀ ရှိပြီး လူဦးရေက ၅၆၃၂ ဦး ရှိပါတယ်။ ကျွန်တော်တို့ ရွာက ထွက်ပြေးတာက ၁၄၉၃ ဦး ထွက်ပြေးသွားပါတယ်။ ဒီမှာက သွားလာရေး ခက်ခဲတယ်။ နောင်တစ်ချိန် ဘာတွေဖြစ်လာမလဲ စိုးရိမ်ပြီး ထွက်ပြေးသွားတယ်လို့ ထင်ပါတယ်။ ကျွန်တော် ထွက်ပြေးမယ့်သူတွေကို မေးပါတယ်။ သူတို့ပြောတာက စားဝတ်နေရေး အခက်အခဲကြောင့်ရယ်။ တောင်တက်လို့မရဘူး၊ ပင်လယ်လည်း ထွက်လို့မရဘူး၊ ငါးရှာလို့လည်း မရဘူးလို့ သူတို့တွေက ပြောတယ်။ အထောက်အပံ့ကတော့ ပေးပါတယ်၊ တပ်ဘက်ကလည်း လာပေးတယ်။ အုပ်ချုပ်ရေးမှူးရုံးကလည်း ဆန်ထောက်ပံ့ပေးပါတယ်။ ရွာထဲက တတ်နိုင်တဲ့သူတွေကလည်း ဆန်တွေ၊ ဆီတွေ ကြက်သွန်၊ ငရုတ်စတာတွေကို ထောက်ပံ့ပေးတာတွေ ရှိပါတယ်။ ထောက်ပံ့ပေးထားတာတောင် ထွက်ပြေးကြတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာနဲ့ ၂၀၁၇ ဩဂုတ် ၂၅ အကြမ်းဖက်မှုဖြစ်စဉ်တွေမှာ ကျွန်တော်တို့ ရွာအုပ်စုက ပါဝင်ပတ်သက်မှု မရှိသလို အဲဒီအတောအတွင်း ရွာမှာ ပြဿနာဖြစ်ပွားမှု မရှိခဲ့ပါဘူး။

**တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့**

**ဓာတ်ပုံ-ဖိုးထောင်၊ နေလင်း**

# (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသည့် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်ရန် အာဆမ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်းမှစ၍ နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ခရိုအေးရှားနိုင်ငံ နိုင်ငံခြားရေး ဒုတိယဝန်ကြီးသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ သံတမန်ရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး နံနက် ၁၀နာရီ ၁၅မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ယနေ့မွန်းလွဲပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးသည် လည်းကောင်း၊ ညနေပိုင်းတွင် အိန္ဒိယ၊ နယူးဇီလန်၊ နော်ဝေ၊ မွန်ဂိုလီးယား၊ စင်ကာပူ၊ လာအို၊ ထိုင်း၊ ဖင်လန်၊ ဆလိုဗေးနီးယား၊ ပေါ်တူဂီ၊ မော်လ်တာ၊ အိုင်ယာလန်၊ ရုရှား၊ ကမ္ဘောဒီးယား၊ ရိုမေးနီးယား၊ ဒိန်းမတ်၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ ဆွစ်ဇာလန်တို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် လည်းကောင်း၊ ဗီယက်နမ်၊ အီတလီ၊ ဂရိ၊ ဩစတြေးလျ၊ ဆလိုဗက်ကီးယား၊ ချက်၊ ကိုရီးယား၊ ဘရူနိုင်းတို့မှ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးတို့သည် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**သတင်းစဉ်**



# ဂျပန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီပံ့ပိုးပေးသွားမယ်

**(၁၃)ကြိမ်မြောက် အာရှ-ဥရောပနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်မည့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ State Minister Mr. Nakane အား ဆက်သွယ်မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည် -**

**မေး။ ၂၀၁၁ ခုနှစ်မှစပြီး ဂျပန်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြင့်တက်လာခဲ့ပါတယ်။ အထူးသဖြင့် သီလဝါ အထူးစီးပွားရေးဇုန်မှာ များများစားစား တွေ့ရပါတယ်။ ဝန်ကြီးအနေနဲ့ နှစ်နိုင်ငံအကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ သီလဝါ အထူးစီးပွားရေးဇုန်ဟာ အချိန်တိုအတွင်းမှာ ဂျပန်-မြန်မာနှစ်နိုင်ငံရဲ့ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု သင်္ကေတလို့ ဆိုနိုင်လောက်အောင်ကို တိုးတက်လာခဲ့ပါတယ်။ အဲဒီ စီးပွားရေးဇုန်မှာ ဂျပန်-မြန်မာနှစ်နိုင်ငံရဲ့ အစိုးရ-ပုဂ္ဂလိကတို့က အသီးသီးရင်းနှီးမြှုပ်နှံကြပြီး စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးစတာတွေကို ဆောင်ရွက်ခဲ့တဲ့အပြင် ဂျပန်အစိုးရကလည်း လျှပ်စစ်၊ ရေနဲ့ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် အထောက်အပံ့ ပေးအပ်ခဲ့ပါတယ်။ ယခုလက်ရှိတွင် နိုင်ငံအသီးသီးမှ ကုမ္ပဏီ ၈၈ ခု (အဲဒီအထဲမှာ ဂျပန်နိုင်ငံမှ ကုမ္ပဏီ ၄၅ ခု)တို့က သီလဝါ အထူးစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံဖို့ ဆုံးဖြတ်ထားပြီး ကုမ္ပဏီ ၃၇ ခုရဲ့ လုပ်ငန်းစတင်လည်ပတ်နေပြီဖြစ်ပါတယ်။

နောက်ပိုင်းမှာလည်း သီလဝါအထူးစီးပွားရေးဇုန်မှာ စီးပွားရေးလှုပ်ရှားမှုတွေ အသက်ဝင်လာအောင် ကြိုးပမ်းရင်းနဲ့ တစ်ချိန်တည်းမှာ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပြီး အဲဒီကတစ်ဆင့် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအထိပါ ပျံ့နှံ့သွားအောင် ဆောင်ရွက်ရန် အရေးကြီးပါတယ်။ ဂျပန်နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ နှစ်နိုင်ငံသမိုင်းတစ်လျှောက်မှာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွေမှာ ဂျပန်နိုင်ငံအနေနဲ့ များစွာကူညီခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အောင်မြင်မှုအတွက် ဘယ်အချက်တွေက အဓိကအချက်တွေပါလဲ။ အဆိုပါ ရည်မှန်းချက်တွေအောင်မြင်ဖို့ ဂျပန်နိုင်ငံက ဘာတွေကူညီနေပါသလဲ။**

ဖြေ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ရဲ့ အကျိုးကို မြန်မာနိုင်ငံသားများအားလုံး ခံစားနိုင်ရန် လုပ်ငန်းကဏ္ဍများစွာမှာ ဂျပန်နိုင်ငံက ဘက်ပေါင်းစုံက ထောက်ပံ့ပေးလျက်ရှိပါတယ်။ ယခင်နှစ် နိုဝင်ဘာလမှာလည်း ဂျပန်ဝန်ကြီးချုပ် Mr. Shinzo Abe က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပြီး ဂျပန်ယန်းဘီလီယံ ၈၀၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံခန့်) ထောက်ပံ့မယ်လို့ ကတိပြုခဲ့ပါတယ်။



ဂျပန်နိုင်ငံက အဆိုပါ ဂျပန်ယန်း ဘီလီယံ ၈၀၀ အထောက်အပံ့နဲ့ ပတ်သက်လို့ မြန်မာနိုင်ငံအစိုးရနဲ့ ဆွေးနွေးမှုတွေကို အကြိမ်များစွာ ပြုလုပ်ခဲ့ပြီး ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ဆောင်ရေးနဲ့ လျှပ်စစ်ကဏ္ဍများကို အဓိကထားပြီး ပူးပေါင်းဆောင်ရွက်မှုတွေကို အရှိန်အဟုန်မြှင့်တင်သွားရန် ဆုံးဖြတ်ခဲ့ပါတယ်။ မကြာမီက ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးမှာ ဂျပန်ဝန်ကြီးချုပ် Mr. Shinzo Abe နဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံစဉ်ကလည်း အဲဒီအကြောင်းအရာကို ထည့်သွင်းပြောကြားခဲ့ပါတယ်။ အဲဒီထောက်ပံ့မှုရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာကဏ္ဍ ဝင်ငွေတိုးမြှင့်ရေး၊ အသေးစား အလတ်စား စီးပွားရေးကဏ္ဍနဲ့ အိမ်ရာကဏ္ဍအတွက် ချေးငွေစနစ်ထူထောင်ရေး၊ လျှပ်စစ်ဓာတ်အားဆိုင်ရာ စက်ပစ္စည်းများ ပြန်လည်ပြုပြင်ရေး၊ တိုင်းရင်းသားလူမျိုးစုဒေသများတွင် နေအိမ်များနဲ့ စာသင်ကျောင်းများ ဆောက်လုပ်ခြင်း စသည်တို့အတွက် ဂျပန်ယန်း ၁၂၅ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့်) ပမာဏရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားရန် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

**မေး။ ဂျပန်နိုင်ငံက မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ သန်း ကူညီခဲ့ပါတယ်။ ဝန်ကြီးအနေနဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်းနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တွေ့ရတဲ့ ကျေနပ်အားရစရာ အချက်တွေက ဘာတွေပါလဲ။**

ဖြေ။ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ အဲဒီအတွက် ဂျပန်နိုင်ငံအစိုးရက နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei Sasakawa ကို ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်ရေးနဲ့ တိုင်းရင်းသားလူမျိုးစုဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့အဖြစ် ငါးနှစ်တာကာလအတွင်း ဂျပန်ယန်းဘီလီယံ ၄၀ (အမေရိကန်ဒေါ်လာ ၃၆၃ သန်းခန့်) ထောက်ပံ့ပေးဖို့ ကတိပြုခဲ့ပါတယ်။ အဲဒီအထဲမှာမှ ဂျပန်နိုင်ငံအနေနဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ လက်မှတ်ရေးထိုးထားတဲ့ ဒေသများမှ ဒေသခံပြည်သူများရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နေရပ်ပြန်လည်ရောက်ရှိလာသူများ ပြန်လည်နေရာချထားရေးတို့ကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာအားဖြင့် ကရင်ပြည်နယ် လေးကေးကောရွာမှာ နေအိမ် ၁၀၀ ခန့် ဆောက်လုပ်လွှဲပြောင်းပေးအပ်ခဲ့တဲ့အပြင် ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှ စစ်ဘေးဒဏ်ခံခဲ့ရတဲ့ ဒေသများတွင် စာသင်ကျောင်း၊ ဆေးရုံနဲ့ တံတားများ အသစ်ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဒေသတွင်းငြိမ်းချမ်းရေး တဖြည်းဖြည်း ဖော်ဆောင်လာနိုင်တာကိုလည်း ဒေသခံပြည်သူများ လက်တွေ့ခံစားနေရပြီ ဖြစ်ပါတယ်။ တစ်ဖန် ယခုနှစ် မတ်လမှာလည်း ပူးပေါင်းငြိမ်းချမ်းရေးရန်ပုံငွေ (Joint Peace Fund) သို့ ဂျပန်နိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ သန်း ထည့်ဝင် လှူဒါန်းခဲ့ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်သူအများအပြားက ငြိမ်းချမ်းရေး အသီးအပွင့်များကို ပိုမိုခံစားနိုင်ရန်အတွက် အထောက်အပံ့ကို တိုးမြှင့် ဆောင်ရွက်သွားပါ့မယ်။

**မေး။ ရခိုင်ပြည်နယ် အေးချမ်းတည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီး မြန်မာအစိုးရရဲ့ ကိုင်တွယ်မှုအပေါ် ဝန်ကြီးရဲ့ သဘောထားကို သိချင်ပါတယ်။ ရခိုင်အရေးနဲ့ ပတ်သက်ပြီး ဂျပန်နိုင်ငံအနေနဲ့ ထပ်မံအကူအညီပေးဖို့ရှိပါသလား။**

ဖြေ။ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားလျက်ရှိတဲ့ ပြဿနာများဟာ ပုံစံအမျိုးမျိုးနဲ့ လွန်စွာရှုပ်ထွေးလျက်ရှိပါတယ်။ အဲ့ဒီ ပြဿနာတွေကို အခြေခံကျကျ ဖြေရှင်းနိုင်ရန်အတွက် လက်ရှိမြန်မာနိုင်ငံအစိုးရဟာ စတင်တာဝန်ယူခဲ့တဲ့ အချိန်ကစပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

အထူးသဖြင့် ဩဂုတ်လ ၂၅ ရက်နေ့ နောက်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ ရခိုင်ပြည်နယ်ရဲ့ အခြေအနေများနဲ့ ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ တိုးမြှင့်ရေး၊ ဒုက္ခသည်ပြည်သူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရန် ဆုံးဖြတ်ထားပြီး အဲ့ဒီလုပ်ဆောင်ချက်တွေကို တက်တက်ကြွကြွ ဆက်လက်ဆောင်ရွက်ရင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အစီရင်ခံစာကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။ ဂျပန်နိုင်ငံအစိုးရအနေနဲ့ ယခုလို မြန်မာနိုင်ငံအစိုးရရဲ့ ကြိုးပမ်းမှုများကို လေးလေးနက်နက် ထောက်ခံအားပေးပြီး ဘက်ပေါင်းစုံမှ ကူညီထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံအစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပြီး ဆက်လက်ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။

**ကျော်သဲအိမ်**

# သုံးခွမြို့၌ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်

**သုံးခွ နိုဝင်ဘာ ၁၉**

၂၀၁၇ -၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း၁၀၀၀ ဖြင့် ဆောင်ရွက်မည့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်(၂) ဦးမျိုးဆွေက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ ပေးအပ်ရခြင်းရည်ရွယ်ချက်များ၊ ရန်ပုံငွေသုံးစွဲရာတွင် စနစ်တကျရှိစေရေး ဆွေးနွေးခဲ့သည်။

ထို့နောက်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်(၁) ဦးနေဝင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးရန်ပုံငွေနှင့်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး ကော်မတီအဖွဲ့က ကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မည့်ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံ ရန်ပုံငွေများအား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

သုံးခွမြို့နယ်အနေဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ရပ်ကွက် / ကျေးရွာအုပ်စု ၂၂ တို့မှ လုပ်ငန်းပေါင်း ၂၃ ခုတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရန်အတွက် ပထမအရစ်အနေဖြင့် လုပ်ငန်းတစ်ခုချင်းစီမှ ခန့်မှန်းကုန်ကျငွေကျပ် ၅၀ ရာခိုင်နှုန်း ကျသင့်ငွေများကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့အား ချက်လက်မှတ်များဖြင့် တစ်ပါတည်းထုတ်ပေးခဲ့ပြီး လုပ်ငန်းများ၏ ၅၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ပြီးစီးပါက ဒုတိယအရစ်အနေဖြင့် ခန့်မှန်းကုန်ကျငွေ၏ ၄၀ ရာခိုင်နှုန်းကို လည်းကောင်း၊ လုပ်ငန်းများရာနှုန်းပြည့် ပြီးဆုံးချိန်တွင် တတိယအရစ်အနေဖြင့် ခန့်မှန်းကုန်ကျငွေကျပ် ၁၀ ရာခိုင်နှုန်းကိုလည်းကောင်း ထုတ်ပေးသွားမည်ဖြစ်ကာ လုပ်ငန်းများပြီးစီးပါက လုပ်ငန်းကုန်ကျထုတ်ပေးငွေ၏ နှစ်ရာခိုင်နှုန်း အခွန်ငွေများအား ပြည်တွင်းအခွန်များဦးစီးဌာနမှတစ်ဆင့် နိုင်ငံတော်အစိုးရသို့ ပေးသွင်းကြရမည်ဖြစ်ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအသင်း ဗီယက်နမ်နှင့် တစ်အုပ်စုတည်းကျရောက်

**ရန်ကုန် နိုဝင်ဘာ ၁၉**

၂၀၁၈ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုများထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဗီယက်နမ်အသင်းနှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။ ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက် တိုးမြှင့်လာခဲ့ပြီး စုစုပေါင်း ၁၀ သင်း ဝင်ရောက် ယှဉ်ပြိုင်မည် ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် အုပ်စုများကို နိုဝင်ဘာ ၁၈ ရက်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် အာဆီယံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေး ကော်မတီအစည်းအဝေးတွင် ပြုလုပ်ခဲ့ပြီး အုပ်စု(က)တွင် ထိုင်း၊ ဩစတြေးလျ၊ မလေးရှား၊ တီမော၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ)တွင် ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။

ယခုပြိုင်ပွဲတွင် ကမ္ဘောဒီးယားအမျိုးသမီးအသင်း ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကာ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ကျင်းပရန် စီစဉ်ထားသည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု နှစ်ခုစလုံး အသင်းများ မျှတနေပြီး ဆီမီးဖိုင်နယ်အဆင့်ရောက်မှသာ အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၇ ခုနှစ်တွင် အာဆီယံအမျိုးသမီးပြိုင်ပွဲအား ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၆ ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကာ ထိုင်းအသင်းက ဖိုလ်စွဲထားသည်။ မြန်မာအမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ယင်းပြိုင်ပွဲကို ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တစ်ကျော့ပြန် အောင်မြင်မှုရရန် ပြင်ဆင်မည်ဖြစ်သည်။ လက်ရှိတွင် မြန်မာအမျိုးသမီးအသင်းသည် နည်းပြ လက်မဲ့ဖြစ်နေပြီး နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာနှင့် လမ်းခွဲခဲ့သောကြောင့် နည်းပြသစ်တစ်ဦး ရှာဖွေလျက်ရှိသည်။

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၀၄ ခုနှစ်တွင် စတင်ကျင်းပခဲ့သော်လည်း အချို့နှစ်များတွင် ကျင်းပနိုင်ခြင်းမရှိ၍ လာမည့်နှစ်တွင် (၁၀) ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ပြီးခဲ့သည့် ကိုးကြိမ်တွင် ထိုင်းအသင်းက သုံးကြိမ်ဖိုလ်စွဲခဲ့ကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေပြီး ဗီယက်နမ်နှင့် မြန်မာအသင်းတို့က နှစ်ကြိမ်စီ၊ ဂျပန် ယူ-၂၃ နှင့် ဩစတြေးလျအသင်းတို့က တစ်ကြိမ်စီ ဖိုလ်စွဲထားသည်။ လက်ရှိအနေအထားအရ ၂၀၁၈ ပြိုင်ပွဲတွင်လည်း ချန်ပီယံအသင်းသစ် ထွက်ပေါ်လာဖွယ်မရှိဘဲ အသင်းဟောင်းများထဲမှသာ ဖိုလ်စွဲနိုင်ဖွယ်ရှိနေသည်။

**သတင်း-ညီမြတ်သော်တာ**




# မန္တလေး၌ လူသစ်တန်း၊ အလွတ်တန်း အမျိုးသား၊ အမျိုးသမီး မီနီမာရသွန် အပြေးပြိုင်

**မန္တလေး နိုဝင်ဘာ ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီနှင့် Pocari Sweat Co., Ltd. တို့ ပူးပေါင်းကျင်းပသည့် လူသစ်တန်း၊ အလွတ်တန်း အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်အပြေး ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၆ နာရီက မန္တလေးမြို့ ဗထူး အားကစားကွင်း အထူးတန်းရှေ့ တာထွက်စုရပ်နေရာ၌ ကျင်းပရာ မန္တလေးခုနစ်မြို့နယ်၊ ပြင်ဦးလွင်တို့မှ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ အား/ကာသိပ္ပံ (မန္တလေး)၊ အုန်းချောကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၊ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဝင် စုစုပေါင်း ၇၅၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဒေါက်တာရဲလွင်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် Pocari Sweat Co., Ltd. မှ မြန်မာနိုင်ငံ ကိုယ်စားလှယ် မစ္စတာ အီကီမိုကိုတို့က အပြေးပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပြိုင်ပွဲအပြီး အလွတ်တန်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထမှ ဒသမထိ ဆုရရှိသူများအား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ အား/ကာ သိပ္ပံ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်တို့က ဆုတံဆိပ်၊ ဆုငွေနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ကြပြီး လူသစ်တန်း အမျိုးသား ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ သက်ကြီး အပြေးသမား ဦးမျိုးဝေ(၈၇)နှစ်၊ ဦးမောင်သိန်း (၇၄) နှစ်နှင့် ဦးခင်မောင်မြင့် (၆၈) နှစ်တို့အား ဆုငွေ၊ ဆုတံဆိပ်နှင့် ဆုဖလားတို့ကို ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။

ထို့နောက် လူသစ်တန်း အမျိုးသမီးပြိုင်ပွဲ၌ ဒသမဆုမှ ဆဋ္ဌမထိ ဆုရရှိသူများကို မစ္စတာ အီကီမိုကိုက ဆုငွေများ ချီးမြှင့်ပြီး ပထမဆုရ နေခြည်နွေး၊ ဒုတိယဆုရ ခင်မာလင်း၊ တတိယဆုရ စန္ဒာလှိုင်တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သုံးနိုင်ငံ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

မြန်မာ၊ ထိုင်း၊ လာအို မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပခဲ့ရာ မြန်မာမှ စောဂေါ်မူဒို၊ သွေးသစ်အောင်တို့ အရှုံးအနိုင် မပေါ်ကာ စောဖိုးခွားက ပက်မွန်ချွန်း(လာအို)ကို တတိယအချီ၌ ရှုံးနိမ့်ခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ငံတကာ တွဲဆိုင်းဖြစ်သည့် ငါးချီစိန်ခေါ်ပွဲတွင် စောဂေါ်မူဒို (သတ္တိ၊ မြန်မာ)နှင့် ဆစ်ပန်းနီး(ထိုင်း) တို့ပွဲတွင် ပွဲစလွှတ်လိုက်သည်နှင့် စောဂေါ်မူဒိုက ဆစ်ပန်းနီးကို ခြေကန်ချက်များဖြင့် ဖြိုလှဲသလို ဆစ်ပန်းနီးကလည်း လက်သီးတွဲလုံးများ ပါဝါအပြည့် ထုတ်သုံးခဲ့သည်။ ပဉ္စမအချီအထိ နှစ်ဦးစလုံး အရှုံးအနိုင် မပေါ်ဘဲ သရေဖြင့် ကျေနပ်ခဲ့ရသည်။

နောက်တစ်ပွဲဖြစ်သည့် သွေးသစ်အောင်(သုံးပန်လှ)ကို လုံမနီချန်ပီယံ ဒွန်ဆန်ပေါင်း(ထိုင်း)က ငါးချီအပြည့် အသာစီး ယှဉ်ပြိုင်ထိုးခဲ့သော်လည်း ပူးတွဲသရေကျခဲ့သည်။

ထို့ပြင် ရွှေခါးပတ်ချန်ပီယံ စောဖိုးခွား(မြန်မာ)နှင့် လာအို မွေထိုင်း ချန်ပီယံ ပက်မွန်ချွန်းတို့ပွဲတွင် ပထမအချီ၌ နှစ်ဦးစလုံး သူတစ်ပြန် ကိုယ်တစ်ပြန် ယှဉ်ပြိုင် ထိုးသတ်ခဲ့ကြသော်လည်း စတုတ္ထအချီတွင် ပက်မွန်ချွန်း၏ ပတ်တံတောင်ရိုက်ချက်ကြောင့် စောဖိုးခွား ခေါင်းဒဏ်ရာ အနာတရရရှိခဲ့ပြီး ဆရာဝန်၏ ဆုံးဖြတ်ချက်ဖြင့် အရှုံးပေးလိုက်ရသည်။

ပြည်တွင်း ငါးချီ စိန်ခေါ်ပွဲတွင် သပြေအောင်(သုံးပန်လှ)နှင့် သိန်းစိုး (အဖြူရောင်သွေးသစ်)၊ စိုးဝင်းသန်း (ရန်စစ်ငြိမ်း)နှင့် ခွန်အာကာ (၁၈၆၆ မန္တလေး)တို့ သူတစ်ပြန် ကိုယ်တစ်ပြန် ယှဉ်ပြိုင် ထိုးသတ်ကြသော်လည်း အရှုံး၊ အနိုင် မပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။

ထို့ပြင် ရန်နိုင်ထွန်း(သုံးပန်လှ)နှင့် မင်းထက်ကျော်(တိုက်ဂါး)တို့ပွဲမှာလည်း ပရိသတ်အကြိုက် ဖြစ်ခဲ့ပြီး တတိယအချီတွင် ရန်နိုင်ထွန်း၏ တွဲလုံးလက်သီး၊ တံတောင်ရိုက်ချက်ကြောင့် မင်းထက်ကျော် ပြိုလဲခဲ့ပြီး ရန်နိုင်ထွန်းက အလဲထိုး အနိုင်ရရှိသွားသည်။

အမျိုးသမီး သုံးချီပွဲတွင် နော်ဥမ္မာစိုး (ထွန်းသွင်)နှင့် စုလှိုင်ဦး(တောင်ဇလပ်) တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ ပူးတွဲသရေကျခဲ့သည်။

**သတင်း-အေကေလင်း**

**စောဂေါ်မူဒို ညာထောက်လက်သီး ဆစ်ပန်းနီး မျက်နှာကို ထိမိထားစဉ်။** ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)





## တစ်ချက်တည်းကျင်းဝင်

၁၈-၁၁-၂၀၁၇ရက်တွင် ကျိုင်းတုံမြို့၊ ရွှေတြိဂံဂေါက်ကွင်း ကျင်းအမှတ်(၁၇)တွင် ဦးအောင်မိုးမှ ကိုက်(၂၀၀) အကွာအဝေးကို Sword Sniper Hybrid(5)ဖြင့် Titleist Prov(2)ကို ရိုက်လိုက်ရာတစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။ ကစားစဉ်ကစားဖော်များမှာ ဦးအေးပိုင်၊ ဦးစိုင်းဆမ်တစ်၊ ဦးပီးဆိုင်း၊ ဦးစိုင်းဆိုင်ကျောက်(မီးမီးစတိုး)တို့ ဖြစ်ကြပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/9215 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၁၁-၂၀၁၇ရက်ထုတ်ဤသတင်းစာ၏ စာမျက်နှာ(၂၇)တွင် ပြင်ဦးလွင်ခရိုင် တရားရုံးတော်၌၊ ငြင်းချက်ထုတ်ရန် သမ္မန်စာ ကြော်ငြာတွင် ဦးဦးကျော်-ဒုတိယအထွေထွေမန်နေဂျာရုံး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ မန္တလေးမြို့အား တရားပြိုင်အစား တရားလိုဟုလည်းကောင်း၊ ဦးဘုန်းညွန့်-အုပ်ချုပ်မှုဒါရိုက်တာ၊ အမှတ်(၁၃၁)၊ ပထမထပ်၊ လမ်း(၃၀)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားလိုအစား တရားပြိုင်ဟု လည်းကောင်းပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

မောင်သတိုးကျော် ၁၂/အလန(နိုင်)၀၄၇၁၇၂၏ နိုင်ငံကူးလက်မှတ်အမှတ် MA678465 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉၄၂၀၁၁၅၃၂၂

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/9926၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/က၊ မြေကွက်အမှတ် ၈/ဖ၊ မြေကွက်တည်နေရာအမှတ် ၆၅၅၊ အောင်ချမ်းသာလမ်း၊ ဆ/ခရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ဦးမောင်မောင်ခင် စီအီး-၀၅၀၄၉၉၊ ဦးအောင်နိုင်မိုး ကေအမ်အေ-၀၀၀၆၆၀အမည်ပေါက် မြေပိုင် မြေ(၃/ခ)မြေအား ဦးအောင်ခင်-အိုင်အက်စ်အင်န် -၀၄၆၉၃၉ အမည်ပေါက် ဦးမောင်မောင်ခင်၊ ဦးအောင်နိုင်မိုးတို့မှ စွန့်လွှတ်စာချုပ်/၁၅၇၈/၂၀၀၂(၁၈-၄-၂၀၀၂)ဖြင့် မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏(၆၇'×၅၇')၊ (၃၄'×၈၀')ကို ဦးအောင်ခင်အား စွန့်လွှတ်ခဲ့ပြီး ဦးအောင်ခင်မှ ၄င်းပိုင်ဆိုင်သည့် အစိတ်အပိုင်းအတွင်းမှ မခွဲမစိတ်ရသေးသော အစိတ်အပိုင်း (၆၇'×၅၇')ကို အရောင်းအဝယ်စာချုပ် ၇၂၉၄/၁၄(၂၄-၁၀-၁၄)ဖြင့် ဦးစံဝင်း(ခ) ရှောက်စူး ၁၃/မနန(နိုင်)၀၀၉၄၁၈ကို ရောင်းချခဲ့ပြီး ဦးစံဝင်း(ခ)ရှောက်စူး၏ ကိုယ်စားလှယ်လွှဲစာ(G.P)၄၈၈၉/၁၃(၂၁-၃-၁၃)ရသူ ဦးကျော်လွင် ၁၃/မနန(နိုင်) ၀၁၄၄၉၇မှ (တရားလို)ပြု၍ ဦးအောင်ခင်၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်စန်းအေးအား (တရားပြိုင်)ထားကာ စွဲဆိုခဲ့သော မြေကွက်လက်ရောက် လွှဲပြောင်းပေးစေလိုမှုဖြင့် စွဲဆိုထားသော တရားမကြီးမှု(၅၃၇/၁၆)(၃၀-၉-၁၆)၏ စီရင်ချက်၊ ဇာရီမှု-၁၈၃/၁၆(၁၂-၁-၁၇)၏ စီရင်ချက် ထုံးပုံကျအပြီးသတ်အမိန့်၊ စွန့်လွှတ်စာချုပ်၁၅၇၈/၀၂၊ အရောင်းအဝယ်စာချုပ် ၇၂၉၄/၁၄၊ မိမိပိုင်ဆိုင်သော အစိတ်အပိုင်းကိုသာ ခွဲစိတ်မည်ဖြစ်ကြောင်း ဝန်ခံကတိတင်ပြကာ ဦးစံဝင်း(ခ)ရှောက်စူး၏ (G.P)ဦးကျော်လွင်မှ တစ်ဖက်သတ် မြေကွက်ခွဲစိတ်မြေပုံကူးနှင့်မြေတိုင်း လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## Earth Works

Back Hoe စက်ယန္တယားအငှားလုပ်ငန်း
မြေဖို့ခြင်းလုပ်ငန်း
KS-09 449993793, 420163745, 263125212

## ဒေါ်စန်းသီတာလှိုင်နှင့်အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးအောင်ဗိုလ်ဗိုလ်ဦး၏ ဇနီးဖြစ်သူ ဒေါ်စန်းသီတာလှိုင် ၇/သကန(နိုင်)၀၈၇၂၀၀ သည် ကျွန်တော်၏ သဘောဆန္ဒမပါဘဲ မိမိဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပါသဖြင့် ၄င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဗိုလ်ဗိုလ်ဦး**
**၇/သကန(နိုင်)၀၇၈၁၃၄**
**အမှတ်(၁)ရပ်ကွက်၊ သဲကုန်းမြို့နယ်**

## ဦးကျော်ကျော် (၁၂/ပသန(နိုင်)၀၃၂၉၆၇)၊ တိုက် (၂၆)၊ ပထမထပ်၊ဇမ္ဗူရစ်လမ်း၊ဗိုလ်ကဲညွန့်ရပ်ကွက်၊သဃ်္ဃန်းကျွန်းမြို့နယ်နှင့် ဦးကျော်ဆန်း (TKA –၁၁၁၉၂၆) အမှတ် (၉၆)၊ မြေညီထပ်၊လေးထောင့်ကန်လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် နေထိုင်သူများ သိရှိရန်ကြေညာခြင်း

လူကြီးမင်းတို့နှင့်ကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်အေး (၁၂/ဥကတ(နိုင်)၀၆၉၉၂၀) တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၁၀၀၉/ခ)၊ မြေဧရိယာ (၂၀× ၆၀)ပေရှိနှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် (၁)ခန်း (၆)ထပ် RC တိုက်သစ်ဆောက်လုပ်ရန် မြေရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူကတိ စာချုပ်ကို (၁၀-၆-၂၀၁၅) ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး ထိုစာချုပ်၏စာမျက်နှာ(၃)၊ အပိုဒ်(၆)တွင် တိုက်သစ် ဆောက်လုပ်မည့် လုပ်ငန်းကို မြို့တော်စည်ပင် (ယာ/အုံ)မှ ခွင့်ပြုမိန့်ရရှိပြီး ဖောင်ဒေးရှင်းတူးသည့်နေ့မှ တစ်နှစ်အတွင်း အပြီးဆောင်ရွက်ရန်နှင့် မပြီးစီးပါက ထပ်တိုးအချိန်ကာလကို အများဆုံး(၃)လအထိသာ အချိန်ယူရန်၊ ထိုကာလအတွင်း မြေရှင်/အိမ်ရှင်ကို အိမ်ငှား လစာများပေးရန်ဟု ကန်ထရိုက်တာများမှ ဝန်ခံကတိပြုခဲ့ပါသည်။ (၈-၁-၂၀၁၆) ရက်နေ့တွင် ဆောက်လုပ်ခွင့်ပါမစ်ရပြီး ယနေ့အချိန်ထိ ဆောက်လုပ်ခွင့်သက်တမ်း (၁)နှစ်ပြည့်ကာ (၁၀)လ ကျော်သွားသော်လည်း တိုက်မှာယနေ့အချိန်အထိ ပြီးစီးခြင်းမရှိသေးသောကြောင့် မြေပိုင်ရှင်မှကန်ထရိုက်များထံ အကြောင်းကြားစာများပေးပို့ခဲ့သော်လည်း ကန်ထရိုက်တာများသည် မြေပိုင်ရှင်နှင့်လာရောက်တွေ့ဆုံခဲ့ခြင်းမရှိပါ။

"(၁၀-၆-၂၀၁၅)ရက်စွဲပါ စာချုပ်၏စာမျက်နှာ (၄)၊ အပိုဒ်(၁၂)တွင် ဤစည်းကမ်းချက်များနှင့် ဆောင်ရွက်ကြရမည့် လုပ်ငန်းဝတ္တရားများကို ကန်ထရိုက်တာဘက်မှ ဖောက်ဖျက်ပါက ပေးအပ်ကုန်ကျထားသည့် စရိတ်ငွေကြေးအားလုံးကို အဆုံးရှုံးခံရမည်ဖြစ်ပြီး ဆောက်လုပ်ဆဲ အဆောက်အဦးကို မြေရှင်လက်သို့ အခမဲ့လွှဲပြောင်းပေးအပ်ပါမည်" ဟု ဝန်ခံကတိပြုထားပါသည်။ သို့ဖြစ်ပါ၍ ကန်ထရိုက်တာများသည် စာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်သောကြောင့် (၁၀-၆-၂၀၁၅) ရက်စွဲပါ စာချုပ်သည် ပျက်ပြယ်သွားပြီဖြစ်ကြောင်း ကန်ထရိုက်တာဦးကျော်ကျော်၊ ဦးကျော်ဆန်းနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဒေါ်ခင်အေး၏လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)
ဖုန်း-၀၉၄၃၀၆၆၁၆၄၊ ၀၉ ၇၉၆၆၀၀၂၁၇
အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ ၇-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

**ဦးအောင်ကျော်မြင့် (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၃၅၆၇၇)

**ဒေါ်မြင့်မြင့်ခိုင်**
**LL.B, D.B.L, D.M.L, D.I.L**
အထက်တန်းရှေ့နေ (စဉ်-၄၃၉၇၆)

# လက်ဘနွန်ဝန်ကြီးချုပ် ပါရီ၌ ပြင်သစ်သမ္မတနှင့် တွေ့ဆုံ

**ပါရီ နိုဝင်ဘာ ၁၉**

ပြီးခဲ့သည့် နိုဝင်ဘာ ၄ ရက်က နုတ်ထွက်မည်ဟု ကြေညာခဲ့သည့် လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီသည် ပါရီ၌ ပြင်သစ် သမ္မတ အီမန်နျူရယ်လ် မက်ခရွန်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဟာရီရီသည် လုပ်ကြံခံရမည်ကို စိုးရိမ်သည့်အတွက် နုတ်ထွက်ရကြောင်း ဆော်ဒီအာရေဗျ၌ ရှိနေစဉ် ပြောကြားခဲ့ပြီး ရှီယာ အစ္စလာမ်အဖွဲ့အစည်းဖြစ်သည့် ဟစ်ဇ်ဘိုလာနှင့် အီရန်တို့ကို အပြင်းအထန် ဝေဖန်ရှုတ်ချခဲ့သည်။

ဟာရီရီအနေဖြင့် ဟစ်ဇ်ဘိုလာတို့နှင့် ပြေငြိမ်းလိုသည့် ၎င်း၏ သဘောထားကြောင့် အချို့က ဟာရီရီကို ဆော်ဒီအာရေဗျက အတင်းအကျပ် နုတ်ထွက်ခိုင်းခြင်းဖြစ်သည်ဟု ခန့်မှန်းခဲ့ကြသည်။

ဟာရီရီသည် ပြင်သစ်သမ္မတ မက်ခရွန်၏ ဖိတ်ကြားမှုကို တုံ့ပြန်သည့်အနေဖြင့် ပါရီသို့ အလည်အပတ် ရောက်ရှိလာခဲ့သည်။ စနေနေ့က ပြုလုပ်သည့် အစည်းအဝေးအပြီးတွင် ဟာရီရီက ၎င်းသည် လာမည့် ဗုဒ္ဓဟူးနေ့တွင် ကျင်းပမည့် လွတ်လပ်ရေး အခမ်းအနားသို့ တက်ရောက်ရန်အတွက် မကြာမီ လက်ဘနွန်သို့ ပြန်မည်ဖြစ်ကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

၎င်း၏ နိုင်ငံရေးဆိုင်ရာ သဘောထားရပ်တည်မှုကိုလည်း လက်ဘနွန်သမ္မတ Michel Aoun သို့ အသိပေးသွားမည် ဖြစ်ကြောင်းကိုလည်း ဟာရီရီက ပြောကြားခဲ့သည်။ ဝန်ကြီးချုပ် ဟာရီရီ၏ နုတ်ထွက်မှုသည် ဆော်ဒီအာရေဗျနှင့် အီရန်တို့၏မကျေမလည်ဖြစ်ပွားမှုများကို ပိုမို ကြီးထွားလာစေနိုင်သည့် ခြိမ်းခြောက်မှုကို ပေါ်ပေါက်လာစေခဲ့သည်။

နိုင်ငံရေးလေ့လာစောင့်ကြည့်သူများက လက်ဘနွန်နှင့် သမိုင်းတစ်လျှောက်ဆက်ဆံရေးရှိခဲ့သည့် ပြင်သစ်၏ ဝင်ရောက်စွက်ဖက်မှုသည် နိုင်ငံရေးအခြေအနေများကို တည်ငြိမ်အောင် လုပ်ဆောင်နိုင်ခြင်း ရှိ မရှိ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**





# ဆီးရီးယားရှိ အိုင်အက်စ်အဖွဲ့ နောက်ဆုံးထိန်းချုပ်ရာမြို့၏ ၈၀ ရာခိုင်နှုန်းကို ဆီးရီးယားတပ်မတော် ပြန်လည်ရရှိ

**ဒမတ်စကတ် နိုဝင်ဘာ ၁၉**

ဆီးရီးယားတပ်မတော်နှင့် မဟာမိတ်တိုက်ခိုက်ရေးအဖွဲ့များသည် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများ နောက်ဆုံးထိန်းချုပ်ထားသည့် အယ်လ်ဘူကာမယ်လ်မြို့ အရှေ့ပိုင်း၏ ၈၀ ရာခိုင်နှုန်းခန့်ကို ပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း အစိုးရထောက်ခံသည့် အယ်လ်ဝါတန်သတင်းစာက ဖော်ပြခဲ့သည်။

ဆီးရီးယားအင်အားစုများသည် အိုင်အက်စ်စစ်သွေးကြွများအား အဆုံးသတ်နှိမ်နင်းနိုင်ရန် နီးကပ်လာပြီဖြစ်သည်။ သတင်းစာတွင် ဖော်ပြထားသည်မှာ ဆီးရီးယားတပ်မတော်အင်အားစုများသည် မြို့တွင်း၌ အကြီးအကျယ် အောင်ပွဲရခဲ့ပြီး အိုင်အက်စ်တို့နှင့် ဖြစ်ပွားသည့် ပြင်းထန်သော တိုက်ပွဲများအပြီးတွင် အိမ်နီးချင်းဒေသအများစုကို ပြန်လည်ရယူနိုင်ခဲ့သည်။

ဆီးရီးယားအင်အားစုများသည် လက်ကျန် အိုင်အက်စ်စစ်သွေးကြွတို့လက်မှ မြို့ကို သန့်စင်ရှင်းလင်းရေး လုပ်ဆောင်လျက်ရှိကြောင်း သတင်းစာက ဖော်ပြခဲ့သည်။ မြို့တွင်းရှိ စစ်သွေးကြွများ ထိန်းချုပ်ထားသည့် ဧရိယာများအတွင်းရှိ လက်ကျန် စစ်သွေးကြွများကို ဝိုင်းရံထားကြောင်း ဖြည့်စွက် ဖော်ပြထားသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၉ ရက်က ဆီးရီးယားအင်အားစုများသည် အယ်လ်ဘူကာမယ်လ်မြို့ကို အိုင်အက်စ်စစ်သွေးကြွတို့လက်မှ ပြန်လည်ရယူနေကြောင်း ကြေညာခဲ့သည်။ နိုဝင်ဘာ ၁၁ ရက်တွင်မူ အိုင်အက်စ်တို့သည် အီရတ်နယ်စပ်အနီးရှိ ၎င်းတို့ နောက်ဆုံးထိန်းချုပ်ထားသည့်မြို့ကို လက်မလွှတ်ရရေးအတွက် အပြန်အလှန် ရင်ဆိုင်တိုက်ပွဲများ ဆင်နွှဲခဲ့သည်။

အယ်လ်ဘူကာမယ်လ်မြို့သည် အိုင်အက်စ်စစ်သွေးကြွများအတွက် အရေးအကြီးဆုံးမြို့ဖြစ်ပြီး ယင်းမြို့ကို လက်လွှတ်ဆုံးရှုံးလိုက်ရပါက ဆီးရီးယား၌ ၎င်းတို့ ထိန်းချုပ်ထားရာ နေရာအားလုံး ကုန်ဆုံးသွားပြီ ဖြစ်သည်။

**ဆင်ဟွာ**

# ဇင်ဘာဘွေ၌ သမ္မတမူဂါဘီကို ဆန့်ကျင်သည့် ပြည်သူအမြောက်အမြား စုဝေးချီတက်မှု ပြုလုပ်




**ဟာရာရီ နိုဝင်ဘာ ၁၉**

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီသည် ရာထူးမှ နုတ်ထွက်ပေးရန် ဖိအားပေး တောင်းဆိုမှုများကို ရင်ဆိုင်နေရပြီး ထောင်ပေါင်းများစွာသော ပြည်သူများသည် မြို့တော်ဟာရာရီ၌ ၎င်းကို ဆန့်ကျင်သည့် စုဝေးချီတက်မှု ပြုလုပ်ခဲ့ကြသည်။

မူဂါဘီသည် တပ်မတော်က အာဏာလွှဲပြောင်းရယူခဲ့မှုအတွင်း အကျယ်ချုပ်ဖြင့် ဖမ်းဆီးခံခဲ့ရသည်။ သို့သော် သမ္မတသည် ရာထူးမှ ဆင်းပေးရန် ငြင်းဆန်နေဆဲဖြစ်သည်။ ပြီးခဲ့သည့် စနေနေ့တွင် ဟာရာရီရှိ မိန်းလမ်းများပေါ်တွင် သမ္မတနုတ်ထွက်ရေး တောင်းဆိုသည့် များပြားလှစွာသော လူအုပ်ကြီးဖြင့် ပြည့်နှက်နေခဲ့သည်။ သမ္မတမူဂါဘီ အာဏာစွဲကိုင်ခဲ့သည်မှာ ဆယ်စုနှစ်လေးခုနီးပါး ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

သမ္မတမူဂါဘီအနေဖြင့် ၎င်း၏ အစိုးရအဖွဲ့ကို စိန်ခေါ်လာသည့် ကြိုးပမ်းမှုမှန်သမျှ အင်အားသုံး ဖိနှိပ်သည့် မူဝါဒကို ကျင့်သုံးခဲ့သည်ဖြစ်ရာ ဇင်ဘာဘွေ၌ ယခုကဲ့သို့ လူအမြောက်အမြား စုဝေးချီတက် ဆန္ဒပြမှုသည် လွန်စွာရှားပါးသော ဖြစ်ရပ်ဖြစ်သည်။

ဆန္ဒပြသူများသည် လမ်းများတစ်လျှောက် စုဝေးချီတက်ခဲ့ကြပြီး သမ္မတမူဂါဘီကို ဆန့်ကျင်သည့် ကြွေးကြော်ဆောင်ပုဒ်များကို အော်ဟစ်ခဲ့ကြသည်။ ပြည်သူအချို့မှာ နှစ်ကာလရှည်ကြာစွာ အာဏာကိုင်စွဲအုပ်ချုပ်ခဲ့သည့် ခေါင်းဆောင်ကို ဆန့်ကျင်ကာ ရပ်တည်ခဲ့မှုအတွက် တပ်မတော်သားများနှင့် လက်ဆွဲနှုတ်ဆက်စကားပြောဆိုကာ ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ကြသည်။

ဆန္ဒပြသူတစ်ဦးက ပြည်သူများသည် သမ္မတမူဂါဘီ၏ အာဏာရှင်ဆန်သည့် အုပ်ချုပ်မှု စည်းမျဉ်းများအောက်တွင် ဖိနှိပ်ခံစားခဲ့ရကြောင်း ပြောကြားခဲ့သည်။ နောက်ဆုံးတွင် နိုင်ငံအတွင်းရှိ ပြည်သူများသည် ဖွင့်ဟပြောဆိုနိုင်ခွင့် ရရှိခဲ့သည့်အတွက် ယနေ့သည် ဇင်ဘာဘွေ၏ လွတ်လပ်သော နေ့တစ်နေ့ပင် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ကက်ရှ်မီးယားဒေသ၌ ဖြစ်ပွားသည့် သေနတ်ပစ်ခတ်မှုများအတွင်း အိန္ဒိယလေကြောင်းအင်အားစုမှ ကွန်မန်ဒိုတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံး

**ဆရီနာဂါ နိုဝင်ဘာ ၁၉**

အိန္ဒိယတို့ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် စနေနေ့က သေနတ်ဖြင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ အပြင်းအထန်ဖြစ်ပွားခဲ့ရာ စစ်သွေးကြွငါးဦးထက်မနည်း သေဆုံးခဲ့ပြီး အိန္ဒိယလေကြောင်းအင်အားစုမှ ကွန်မန်ဒိုတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ကြောင်းနှင့် ပြည်နယ်ရဲတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်အာဏာပိုင်များက ပြောကြားခဲ့သည်။

သေနတ်ဖြင့် အပြန်အလှန် ပစ်ခတ်မှုများသည် ဆီနီဂါမြို့ မြောက်ဘက် ၃၂ ကီလိုမီတာခန့်အကွာ ဘန်ဒီပိုရာရှိ ဟာဂျင် ကျေးရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆီနီဂါမြို့သည် အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၏ နွေရာသီအပန်းဖြေစခန်းမြို့ဖြစ်သည်။

အိန္ဒိယတပ်မတော်၊ တပ်မတော်အထောက်အကူပြုတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စစ်သွေးကြွများ တည်ရှိသည့် ဧရိယာကို ဝန်းရံပိတ်ဆို့မှုများ ပြုလုပ်နေစဉ် သေနတ်ဖြင့် အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်လအတွင်းကလည်း စစ်သွေးကြွနှစ်ဦးနှင့် အိန္ဒိယလေကြောင်းအင်အားစုမှ ကွန်မန်ဒိုတပ်ဖွဲ့ဝင်နှစ်ဦးတို့သည် ယင်းကျေးရွာ၌ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိုင်အက်စ်အဖွဲ့၏ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သား ၃၅ ဦးသေဆုံး

ဒမတ်စကတ် နိုဝင်ဘာ ၁၉

ဆီးရီးယားနိုင်ငံအရှေ့ပိုင်း၌ အိုင်အက်စ်အစွန်းရောက်အဖွဲ့၏ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သောကြာနေ့တွင် အရပ်သား ၃၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အစိုးရထောက်ခံသည့် ရှမ်အက်ဖ်အမ် ရေဒီယိုက ဖော်ပြခဲ့သည်။

အသေခံဗုံးခွဲမှုသည် ဆီးရီးယားအရှေ့ပိုင်းရှိ ကိုနီကိုနှင့် ဂျက်ဖရာရေီယာအတွင်းရှိ ကာ့ဒ်မျိုးနွယ်စုများဦးဆောင်သည့် ဆီးရီးယား ဒီမိုကရက်တစ်အင်အားစုများ၏ လုံခြုံရေးဂိတ်များကို ပစ်မှတ်ထားလျက် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း မီဒီယာက ဖော်ပြသည်။

သေဆုံးသူအရေအတွက်မှာ ၅၀ အထိရှိလာနိုင်ကြောင်း လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများက ပြောကြားခဲ့သည်။ ပေါက်ကွဲမှုကို အသေခံကားဗုံးခွဲကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုပေါက်ကွဲမှုသည် ဆီးရီးယားမြောက်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းသည့် တိုက်ပွဲများအတွင်း ဆီးရီးယား ဒီမိုကရက်တစ်အင်အားစုများ တိုးမြှင့်လာပြီးချိန်မှစတင်ကာ ကာ့ဒ်အင်အားစုများကို ပစ်မှတ်ထားသည့် ပထမဆုံးသော ဗုံးခွဲတိုက်ခိုက်မှု မဟုတ်ပေ။

ဆင်ဟွာ

### ဥရောပ၌ အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် ကြီးထွားလာနိုင်မှုကို ရုရှားစိုးရိမ်

မော်စကို နိုဝင်ဘာ ၁၉

ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနသည် လာမည့် နှစ်သစ်ကူး အားလပ်ရက်အတွင်း ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားလာနိုင်သည့် အန္တရာယ် မြင့်တက်လျက်ရှိကြောင်း ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနက သောကြာနေ့တွင် သတိပေး ပြောကြားခဲ့ကြောင်း သိရသည်။

အဓိကမြို့ကြီးများတွင် အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် ဖြစ်ပွားနိုင်မှုသည် လာမည့်ဒီဇင်ဘာ ၂၀ ရက်နှင့် ဇန်နဝါရီ ၂၀ ရက်အတွင်း တိုးပွားလာနိုင်ဖွယ်ရှိကြောင်း အရေးပေါ် စီမံခန့်ခွဲမှုဝန်ကြီးဌာနက တွစ်တာပေါ်တွင် ခြုံငုံရေးသားခဲ့သည်။

ဖော်ပြပါ တိုက်ခိုက်မှုများနှင့် ပတ်သက်၍ အထူးတပ်ဖွဲ့များအား လက်ခံရရှိခဲ့ခြင်း ရှိ မရှိကို ဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။ ပြီးခဲ့သည့် ကြာသပတေးနေ့ကလည်း အမေရိကန်ပြည်တွင်းဦးစီးဌာနသည် ဥရောပသို့ ခရီးသွားလာမှုကို သတိပေးနှိုးဆော်ခဲ့ပြီး ဒေသတွင်း၌ ဖြစ်ပွားနိုင်သည့် အကြမ်းဖက်အန္တရာယ်ကို အထူးသတိပေးခဲ့သည်။

ဆင်ဟွာ

# လူတိုင်းမနှစ်မြို့တဲ့ ထရန့်ရဲ့အခွန်အစီအစဉ်

ကလျာမိုးမြင့်



ရီပတ်ဘလစ်ကန်တွေရဲ့အခွန်စီမံချက်ကို တုံ့ပြန်တာတွေကို ကြည့်လိုက်ရင် ဆီးနိတ်လွှတ်တော်အမတ်ဟောင်း ဖီလ်ဂရမ် ပြောခဲ့ဖူးတဲ့ စကားကို သတိရမိစေပါတယ်။ သူ့ရဲ့ သူငယ်ချင်းတွေကတောင် သူ့ကို မနှစ်သက်ကြဘူးလို့ ဖီလ်က ဆိုခဲ့ပါတယ်။

အခု ကြုံတွေ့နေရတာကတော့ GOP လို့ခေါ်တဲ့ ရီပတ်ဘလစ်ကန်ပါတီရဲ့ အခွန်ပြုပြင်ပြောင်းလဲရေးဖြစ်ပြီး ဒီစီမံချက်က လူတစ်ဦးချင်းစီ အထူးသဖြင့် အလယ်အလတ်လူတန်းစားနဲ့ အလုပ်သမားလူတန်းစားတွေအပေါ်မှာ အခွန်ကောက်ခံမှုကို တိုးမြှင့်သွားမယ့် အစီအစဉ်ဖြစ်ပြီး အမေရိကန်နိုင်ငံသား ၁၃ သန်းလောက်ကို မသေချာမရေရာတဲ့ အနေအထားကို ရောက်ရှိသွားစေမယ့် အစီအစဉ်တစ်ခုထဲကို ပေါင်းထည့်လိုက်သလိုပဲ ဖြစ်ပါတယ်။

ပြည်သူလူထုအများစုက ဒီအစီအစဉ်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်။ နှစ်ဦးမှာ တစ်ဦးလောက်က ကန့်ကွက်နေတာဖြစ်ပါတယ်။ ဘာတွေဖြစ်နေတယ်ဆိုတာကိုသာ ပြည်သူလူထုက အမှန်တကယ် နားလည်သဘောပေါက်သွားခဲ့ရင် ကန့်ကွက်သူဦးရေဟာ ဒီထက်ပိုပြီးတောင် များလာဦးမှာပါ။ ဒါပေမယ့် သေချာတာတစ်ခုက အနည်းဆုံးတော့ စီအီးအိုတွေက ဒီအစီအစဉ်ကို နှစ်သက်ကြတယ်ဆိုတာပါပဲ။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ဒေါ်နယ်ထရန့်ရဲ့စီးပွားရေးဆိုင်ရာ အကြံပေးအကြီးအကဲ ဂယ်ရီကွန်းဟာ ထိပ်တန်းအမှုဆောင်အဖွဲ့တစ်ဖွဲ့နဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ အမှုဆောင်အဖွဲ့ဝင်တွေက အကယ်၍ အခွန်ငွေ လျှော့နည်းမှုက မြို့တော်အသုံးစရိတ်ကို မြင့်တက်လာစေခဲ့မယ်လို့ ထင်မြင်တယ်ဆိုရင် အဲဒီလို ထင်မြင်ကြတဲ့ အဖွဲ့ဝင်တွေ အနေနဲ့ လက်မြှောက်ဖို့ တောင်းဆိုခဲ့ပါတယ်။ အဖွဲ့ဝင် လူနည်းစုလောက်ပဲ လက်မြှောက်ခဲ့ကြပြီး ဘာကြောင့် တခြားသူတွေ လက်မမြှောက်တာလဲလို့ ဂယ်ရီကွန်းက ညည်းညူလေးတွဲ့စွာ ပြောဆိုခဲ့ပါ တယ်။

အဖြေကတော့ စီအီးအိုတွေဟာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ လက်တွေ့ကမ္ဘာထဲမှာ နေထိုင်ကြသူတွေဖြစ်ပြီး လက်ယာယိမ်း အတွေးအခေါ် အယူအဆတွေနဲ့ ပြည့်နှက်နေတဲ့ စိတ်ကူးယဉ်ကမ္ဘာထဲမှာ နေထိုင်ကြတာ မဟုတ်ပါဘူး။ ၎င်းတို့အနေနဲ့ အခွန်နှုန်းထားတွေဟာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်တွေမှာ အရေးကြီးတဲ့ အကြောင်းရင်းတစ်ခုမဟုတ်ဘူးလို့ သိထားကြပါတယ်။ ဒါကြောင့် အလွန်ကြီးမြင့်တဲ့ အခွန်လျှော့ချမှု ဖြစ်နေရင်တောင်မှ အလွန်အမင်း သုံးဖြုန်းရာမရောက်ဘူးလို့ ၎င်းတို့က နားလည် သဘောပေါက်ကြပါတယ်။

ထရန့်ရဲ့ အစိုးရအဖွဲ့နဲ့ ၎င်းရဲ့ မဟာမိတ်တွေ ပြောပြောနေကြတဲ့ အကြောင်းအရာတစ်ခု ရှိပါတယ်။ ပူးပေါင်းလုပ်ငန်း အကျိုးအမြတ်ရရှိမှုတွေမှာ အခွန်ငွေ လျှော့ချတာဟာ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတွေနဲ့ မြန်ဆန်တဲ့ စီးပွားရေး တိုးတက်မှုတွေမှာ ပေါက်ကွဲမှုတစ်ရပ် ဖြစ်လာစေဖို့ ဦးတည်လာစေနိုင်တယ်ဆိုတာပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီတိုးတက်မှုရဲ့ အသီးအပွင့်တွေဟာ ကြီးမြင့်တဲ့ လုပ်ခလစာအသွင်နဲ့ အမေရိကန်က အလုပ်သမားတွေဆီကို ကျဆင်း ရောက်ရှိသွားနိုင်ပါတယ်။ ပြီးတော့ ဝင်ငွေမြင့်တက်လာမှုက အခွန်ရရှိမှုကိုလည်း မြင့်တက်လာစေတော့မှာပါ။ ဒီတော့ အခွန်လျှော့ချမှုဟာ ၎င်းတို့ကိုယ်တိုင်အတွက် ပေးချေရပြီး အဆုံးသတ်သွားတော့မှာ ဖြစ်တယ်လို့ ဆိုထားပါတယ်။

အကယ်၍ ၎င်းတို့ပြောပြခဲ့တဲ့ ဒီအကြောင်းအရာထဲက တချို့တစ်ဝက်လောက်ပဲ မှန်နေခဲ့မယ်ဆိုရင်တောင် ၎င်းတို့ သေချာဆွေးနွေးခဲ့ခြင်း မရှိသေးတဲ့ ဘေးထွက်ဆိုးကျိုး အနည်းငယ် ရှိနိုင်ပါတယ်။ မြို့တော်အသုံးစရိတ်ပမာဏ ကြီးကြီးမားမား မြင့်တက်လာမှုနဲ့ ပတ်သက်ပြီး ပြောဆိုကြမယ်ဆိုရင် ဒီအသုံးစရိတ်အတွက် ငွေတွေ ဘယ်က လာသလဲ။ ငွေတောင်းခံလွှာထဲမှာရှိတဲ့ ဘယ်အရာကမှ အမေရိကန်နိုင်ငံသားတွေကို နည်းနည်းသုံးပြီး များများစုအောင် မလုပ်နိုင်ပါဘူး။ ငွေကြေးဟာ စတော့ရှယ်ယာတွေ၊ ချေးငွေလက်မှတ်နဲ့ တခြား ဝန်ဆောင်မှုတွေကို နိုင်ငံခြားသားတွေဆီ အမြောက်အမြား ရောင်းချခြင်းအားဖြင့်လည်း ပြည်ပကနေလည်း ဝင်ရောက်လာနိုင်ပါတယ်။

ဒီလို နိုင်ငံခြားဝင်ငွေစီးဆင်းမှုဟာ ဒေါ်လာတန်ဖိုးကိုလည်း မြင့်တက်စေနိုင်ပြီး ကုန်သွယ်ရေးဆိုင်ရာ လိုငွေပြမှုကိုလည်း ဦးတည်လာစေနိုင်ပါတယ်။ လာမယ့် ဆယ်စုနှစ်တွေ ကျော်လွန်တဲ့အခါ လိုငွေပြမှုဟာ အမေရိကန်ဒေါ်လာ ၆ ထရီလီယံလောက်ရှိမယ်လို့ တချို့က ခန့်မှန်းခဲ့ကြပါတယ်။ ကုန်သွယ်ရေးဆိုင်ရာ လိုငွေပြမှုဟာ ကုန်ထုတ်လုပ်ငန်းပိုင်းမှာ ထိခိုက် ယိုယွင်းလာစေနိုင်ပါတယ်။ ထရန့်က ပြန်ရအောင်လုပ်ပေးမယ်လို့ ကတိပေးအပ်ခဲ့တဲ့ အလုပ်အကိုင်တွေကို ပြန်ပြီး သတိရဖို့ လိုပါမယ်။ အလုပ်အကိုင်ပေါင်း နှစ်သန်းကျော်လောက်ဟာ ဆုံးရှုံးခဲ့ရပြီ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး ပြောရမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ အကျိုးအမြတ် များစွာရရှိနိုင်ပြီး နေရပ်သို့ ပြန်ရောက်ရှိသွားနိုင်ပါတယ်။ အဖြစ်နိုင်ဆုံးကတော့ ပူးပေါင်းလုပ်ငန်း ဆောင်ရွက်မှုတွေမှာ အခွန်ငွေတွေ လျှော့ချမှုကနေ ရရှိနိုင်မယ့် တိုးတက်မှုတစ်ခုခုဟာ ပြည်ပနိုင်ငံသားတွေရဲ့ အကျိုးစီးပွားကိုပဲ တိုးပွားဖြစ်ထွန်းလာစေနိုင်မှာဖြစ်ပြီး အမေရိကန်နိုင်ငံသားတွေအတွက်တော့ တိုးပွားစေနိုင်မှာ မဟုတ်ပါဘူး။

ဒါပေမယ့် ဒီအကြောင်းနဲ့ပတ်သက်ပြီး အလွန်စိုးရိမ်ပူပန်နေဖို့တော့ မလိုအပ်ပါဘူး။ အလေးအနက် စဉ်းစားတွေးခေါ်တဲ့ စီးပွားရေးကျွမ်းကျင်သူအများစုဟာ စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဂယ်ရီကွန်းကို ဆန့်ကျင်တဲ့ စီအီးအိုတွေနဲ့ သဘောထားခြင်း တိုက်ဆိုင်မှုရှိပါတယ်။ ပူးပေါင်းလုပ်ငန်းဆောင်ရွက်မှု အခွန်လျှော့ချမှုဟာ အမှန်စင်စစ် ရင်းနှီးမြှုပ်နှံမှုကို သိပ်ပြီး မြင့်တက်လာစေမှာ မဟုတ်ပါဘူး။ သို့သော်လည်း ဘတ်ဂျက်လိုငွေပြမှုပိုင်းမှာတော့ ပေါက်ကွဲမှု ရှိနိုင်ပါတယ်။

ဒီတော့ လိုငွေပြမှုဆိုင်ရာ ပေါက်ကွဲတာတွေကို ကန့်သတ်ဖို့ အားထုတ်တဲ့အနေနဲ့ပဲ ဆီးနိတ်လွှတ်တော်က ရီပတ်ဘလစ်ကန်အဖွဲ့ဝင်တွေဟာ အလုပ်သမားလူတန်းစား မိသားစုတွေအပေါ်မှာ သိသိသာသာ အခွန်တိုးမြှင့်ဖို့ အဆိုပြုနေပါတယ်။

ကွန်ဂရက်လွှတ်တော်ရဲ့ အခွန်ကောက်ခံမှု ပူးတွဲကော်မတီရဲ့အဆိုအရ အခွန်ကောက်ခံမှုဟာ ပျမ်းမျှအားဖြင့် တစ်နှစ်မှာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၅၀၀၀ အောက်ရှိတဲ့ အုပ်စုတိုင်းကို တိုးမြှင့်ကောက်ခံသွားနိုင်ပြီး ဝင်ငွေမြင့်မားတဲ့ အုပ်စုတွေထဲက မိသားစုအများအပြားကိုဆိုရင် အသေအချာ တိုးမြှင့် ကောက်ခံသွားမှာဖြစ်တယ်လို့ သိရပါတယ်။ သေချာပေါက် အနိုင်ရရှိမယ့် သူတွေကတော့ တစ်နှစ်မှာ အမေရိကန်ဒေါ်လာ တစ်သန်း ဝင်အောင် ရှာဖွေနိုင်တဲ့သူတွေ ဖြစ်လာနိုင်ပါတယ်။

ဒီအကြောင်းအရာထဲမှာ ဆီးနိတ်လွှတ်တော်ရဲ့ အစီအစဉ်တစ်ခုလုံးနဲ့ သက်ဆိုင်နေတဲ့ အစိတ်အပိုင်းဖြစ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ် ဖျက်သိမ်းမှုကိုတောင် ထည့်သွင်းစဉ်းစားထားခြင်း မရှိပါဘူး။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ပိုင်ခွင့်ကို ဖျက်သိမ်းလိုက်ခြင်းအားဖြင့် လူ ၁၃ သန်းကို ကာကွယ်စောင့်ရှောက်မှု အထောက်အပံ့ ကင်းမဲ့သွားစေမှာဖြစ်ပြီး အကာအကွယ်ကင်းမဲ့မှုနဲ့ သက်ဆိုင်ရာအစိုးရအဖွဲ့ရဲ့ ငွေကြေးခွင့်ပြုချက် ဆုံးရှုံးရတာ ဘာကြောင့်လဲဆိုတော့ စီမံချက် ဖျက်သိမ်းမှုက ငွေကြေးတွေကို စုဆောင်းသိမ်းဆည်းလိုက်ပြီး အဲဒီငွေတွေကို ကော်ပိုရေးရှင်းလုပ်ငန်းတွေဆီကို ပေးလိုက်နိုင်တဲ့အတွက်ကြောင့်ပါပဲ။ သေချာတာကတော့ ထရန့်ရဲ့ အခွန်စီမံချက်ဟာ လူတိုင်းက မနှစ်မြို့တဲ့ အကြောင်းအရာတစ်ခုလို့ ပြောနိုင်ပါတယ်။

နယူးယောက်တိုင်းမ်

> “နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေဟာ အကျိုးအမြတ် များစွာ ရရှိနိုင်ပြီး နေရပ်သို့ ပြန်ရောက်ရှိသွားနိုင်ပါတယ်၊ အဖြစ်နိုင်ဆုံးကတော့ ပူးပေါင်းလုပ်ငန်း ဆောင်ရွက်မှုတွေမှာ အခွန်ငွေတွေ လျှော့ချမှုကနေ ရရှိနိုင်မယ့် တိုးတက်မှုတစ်ခုခုဟာ ပြည်ပနိုင်ငံသားတွေရဲ့ အကျိုးစီးပွားကိုပဲ တိုးပွားဖြစ်ထွန်းလာစေနိုင်မှာဖြစ်ပြီး အမေရိကန်နိုင်ငံသားတွေ အတွက်တော့ တိုးပွားစေနိုင်မှာ မဟုတ်”

# အစားအသောက်ထုတ်ကုန်များ ကုန်သွယ်မှုလုပ်ငန်း ရေရှည်ယှဉ်ပြိုင်မှု ပိုမိုကောင်းမွန်စေရန် သင်တန်းများဖွင့်လှစ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးနှင့် ပတ်သက်သော သီးနှံထွက်ကုန်များသည် နိုင်ငံတကာနှင့်ယှဉ်လျှင် ဈေးကောင်းရရှိမှုမှာ နောက်ကျကျန်နေသေးသည်ကို တွေ့မြင်နေရသည်။ ထို့အပြင် ထွက်ရှိလာသည့် သီးနှံကုန်ကြမ်းများကို ကုန်ချောအဖြစ်ပြန်လည်ထုတ်လုပ်နိုင်မှုမှာ အားနည်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ တန်ဖိုးမြင့်ထုတ်ကုန်များ ဖော်ဆောင်ထုတ်လုပ်နိုင်စေရန်အတွက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ဂျပန်နိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဦးစီးဌာန (MAFF) တို့ ပူးပေါင်းကျင်းပသည့် အာဆီယံဒေသတွင်း အစားအသောက်ထုတ်ကုန်များ ကုန်သွယ်မှုလုပ်ငန်း ရေရှည်ယှဉ်ပြိုင်မှု ပိုမိုကောင်းမွန်စေရန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမ၌ နိုဝင်ဘာ ၁၆ ရက်မှစပြီးဖွင့်လှစ်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ စစ်ကိုင်းသမဝါယမတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာမိုးမိုးရီ၊ ဂျပန်နိုင်ငံ MAFF အဖွဲ့အစည်းမှ တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ကြသည်။



"မြန်မာနိုင်ငံအတွက် ဂျပန်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးတဲ့ စီမံကိန်းပါ၊ အရှေ့တောင်အာရှနိုင်ငံတွေမှာရှိတဲ့ တက္ကသိုလ်တွေမှာလည်း ဆောင်ရွက်နေတဲ့ စီမံကိန်းဖြစ်ပါတယ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာလည်း အစားအသောက်သိပ္ပံနှင့် အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းနဲ့ အခုဖွင့်လှစ်တဲ့သင်တန်းအချိန်နဲ့ တိုက်ဆိုင်နေတဲ့အတွက် ဒီသင်တန်းဖွင့်လှစ်တာ တကယ်ကို အကျိုးရှိပါတယ်၊ သင်တန်းမှာ မြန်မာနိုင်ငံမှာရှိတဲ့ အစားအသောက်နဲ့ဆိုင်တဲ့ လုပ်ငန်းတွေမှာ ပိုပြီးတိုးတက်လာနိုင်စေဖို့ ဂျပန်နိုင်ငံက အစားအသောက်နဲ့သက်ဆိုင်တဲ့ ကျွမ်းကျင်ပညာရှင်တွေက သင်ကြားပေးမှာပါ" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်က ပြောသည်။

ထို့နောက် ဂျပန်နိုင်ငံ MAFF အဖွဲ့အစည်းမှ တာဝန်ရှိသူMr.Eiji Hatano က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းကို လူ့စွမ်းအားအရင်းအမြစ်အတွက် နည်းပညာများ ဖွံ့ဖြိုးလာရန်၊ တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ဆင်းရဲမွဲတေမှုလျှော့ချနိုင်စေရန်၊ အစားအစာလုံခြုံစိတ်ချမှု ပိုမိုတိုးတက်စေရန်နှင့် စက်မှုဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်း ပိုမိုကောင်းမွန်စေရန်၊ အာဆီယံဒေသတွင်း အစားအသောက်ထုတ်ကုန်များကုန်သွယ်မှုလုပ်ငန်း ရေရှည်ယှဉ်ပြိုင်မှုပိုမိုကောင်းမွန်စေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စစ်ကိုင်း သမဝါယမတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ သင်တန်းသား ၄၂ ဦး တက်ရောက်ပြီးသင်တန်းကာလမှာရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ စားသောက်ကုန် အမှုန့်အရွယ်အစားနှင့် ပုံသဏ္ဌာန်တိုင်းတာနည်းသင်တန်းကို နိုဝင်ဘာ ၁၅ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန၌ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ သင်တန်းသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့်စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သင်တန်းသား ၁၇ ဦးတက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကို အစားအသောက်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာ ပညာရှင်များ၏ အရည်အသွေးမြှင့်တင်နိုင်စေရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ဘယ်လိုထုတ်လုပ်ရမလဲဆိုတဲ့ နည်းပညာတွေလိုအပ်နေတယ်၊ အဲဒီအတွက်လည်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နဲ့ အိန္ဒိယနိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်နှစ်ခုပေါင်းပြီး သုတေသနလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်" ဟု ဒေါက်တာနေမျိုးအောင်က ပြောပြသည်။

စိုက်ပျိုးရေး ထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲ ထုတ်လုပ်ရန်၊ ကုန်ကြမ်းမှကုန်ချောအသွင်ရောက်ရှိရန်၊ ပြည်တွင်းဈေးကွက်မြှင့်တင်ရန် စသည့် အစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက တောင်သူများအတွက် အကျိုးကျေးဇူးပိုမို ခံစားရနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားခဲ့ဖူးသည်။

**ဇူလိုင်မိုး၊ ဓာတ်ပုံ- မေမိုးသဲ**

# တစ်ပတ်အတွင်း ဈေးနှုန်း အပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့် သီးနှံများ

ဒီတစ်ပတ်မှာတော့ ဈေးအမြင့်ဆုံး တက်လာတာက ဆန်ဈေးပဲ ဖြစ်ပါတယ်။ ဆန်ကြမ်းဈေးကလည်း အနည်းငယ်တက်လာပါတယ်။ ထပ်ပြီး ဈေးတက်လာတာကတော့ ကြက်သွန်နီပဲ ဖြစ်ပါတယ်။

**ရွှေဘိုပေါ်ဆန်းမွှေး**

ဒီတစ်ပတ်မှာ ဈေးတက်လာတာကတော့ ရွှေဘိုပေါ်ဆန်းမွှေးပဲ ဖြစ်ပါတယ်။ ရက်အတော်ကြာ ကုန်စည်ဒိုင်မှာ အရောင်းအဝယ်မဖြစ်ဘဲ ငြိမ်နေခဲ့ပြီး ကုန်စည်ဒိုင်ပြန်ဖွင့်တဲ့အချိန်မှာတော့ တစ်အိတ်ကိုငွေကျပ် ၅၀၀၀ လောက် ဈေးကမြင့်တက်လာပါတယ်။

လက်ရှိမှာ ဆန်အသစ်တွေ ဝင်နေပေမယ့် အဟောင်းကိုသာ စားသုံးနေသေးတဲ့အတွက် အဟောင်းတွေက တဖြည်းဖြည်းဈေးမြင့်လာတာဖြစ်တယ်လို့ ဆန်ကုန်သည်အချို့က ဆိုပါတယ်။

လက်ရှိ ရွှေဘိုပေါ်ဆန်းမွှေးက တစ်အိတ်ကို အနိမ့်ဆုံးဈေး ငွေကျပ် ၅၅၀၀၀ ကနေ အမြင့်ဆုံးဈေး ၆၀၀၀၀ ပေါက်ဈေး ရှိနေပြီး နိုဝင်ဘာလ အစမှာတော့ တစ်အိတ်ကိုအနိမ့်ဆုံးဈေးငွေကျပ် ၄၈၅၀၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၅၁၀၀၀ ပေါက်ဈေးသာ ရှိပါတယ်။ ၁၅ ရက်အတွင်း တစ်အိတ်ကို ငွေကျပ် ၁၀၀၀၀ နီးပါး ဈေးတက်လာပါတယ်။

**ပဲကြီး (ရွှေကျွန်း၊ ကုန်း)ဈေး ဆက်တက်**

ပြီးခဲ့တဲ့ အပတ်က ဈေးအမြင့်ဆုံး ဈေးတက်လာခဲ့တဲ့ ပဲကြီး (ရွှေကျွန်း၊ ကုန်း)က ဒီတစ်ပတ်မှာလည်း ဈေးဆက်တက်နေပါတယ်။ ပဲကြီးကတော့ အဓိက ပြည်တွင်းမှာသာ ရောင်းချနေတာဖြစ်တဲ့အတွက် ပဲကြော်ဖိုလုပ်ငန်းတွေက အဝယ်များတဲ့အလျောက် ဈေးက ဆက်တက်နေတာပဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့အပတ်က တစ်တင်းကို ငွေကျပ် ၆၉၀၀၀ ဈေးရရှိခဲ့ပြီး ဒီတပတ်မှာတော့ တစ်တင်းကိုငွေကျပ် ၇၁၀၀၀ ကျော်အထိ ဈေးကရရှိနေပါတယ်။ ပဲကြီးကတော့ လတ်တစ်လော ပဲမျိုးစုံတွေထဲမှာ ဈေးအများဆုံးရရှိတဲ့ပဲလည်း ဖြစ်နေပါတယ်။

**ကုလားပဲလုံးဈေးကျဆင်း**

ဒီတစ်ပတ်မှာလည်း ကုလားပဲလုံးက ဈေးထပ်ပြီး ကျဆင်းသွားပါတယ်။ ဒီတစ်ပတ်မှာ အနည်းငယ်ထူးခြားတာကတော့ အိန္ဒိယနိုင်ငံမှာ ကုလားပဲကို တင်သွင်းမှု ကန့်သတ်မယ်၊ ဒါမှမဟုတ် ပို့ကုန်ဖွင့်ပေးမယ်ဆိုတဲ့ သတင်းတွေ ကောလာဟလပျံ့နှံ့နေတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံကလည်း ကုလားပဲလုံးကို အိန္ဒိယနိုင်ငံကို အဓိကတင်ပို့တာကြောင့် သတင်းသာ အမှန်ဖြစ်ရင် ကုလားပဲဈေးတွေ မြင့်တက်လာနိုင်ပါတယ်။

လက်ရှိမှာက အိန္ဒိယနိုင်ငံမှာ ကုလားပဲက စိုက်ဧက တိုးတဲ့အတွက် ဈေးကကျဆင်းနေပါတယ်။ မြန်မာနိုင်ငံမှာတော့ ပဲအဝင်တွေ သိပ်မရှိသေးဘဲ လက်ကျန်ကို တစ်နေ့ အိတ် ၅၀၀ ခန့်ရောင်းချနေတဲ့ အနေအထားဖြစ်နေပါတယ်။

မုံရွာကုန်စည်ဒိုင်ပေါက်ဈေးအရ ဒီတစ်ပတ်မှာ ကုလားပဲလုံးဝါကြီးကတော့ တစ်တင်းကိုငွေကျပ် ၃၅၀၀၀ ပေါက်ဈေးရှိနေပြီးငွေကျပ် ၁၀၀၀၊ ကုလားပဲလုံးဝါသေးကတော့ တစ်တင်းကိုငွေကျပ် ၃၇၅၀၀ ပေါက်ဈေးရှိနေပြီး တစ်တင်းကိုငွေကျပ် ၁၅၀၀၊ ကုလားပဲလုံးဖြူသေးကတော့ တစ်တင်းကိုငွေကျပ် ၃၈၀၀၀ပေါက်ဈေးရှိနေပြီး တစ်တင်းကို ငွေကျပ် ၂၀၀၀ အသီးသီးဈေးကျဆင်းသွားပါတယ်။

**ပဲတီစိမ်းဈေးတက်**

ဒီတစ်ပတ် ပြည်ကုန်စည်ဒိုင်မှာတော့ ပဲတီစိမ်းဈေးက မြင့်တက်လာပါတယ်။ တစ်တင်းကိုငွေကျပ် ၁၅၀၀ လောက်ဈေးက မြင့်တက်ခဲ့ပါတယ်။ လတ်တလော ဆောင်းပဲတီစိမ်းတွေက အဝင်များလာပြီး မန္တလေးအဝယ်သမားတွေ ကြောင့် ဈေးကမြင့်တက်နေပါတယ်။ ပဲတီစိမ်းကတော့ အဓိက ကံမ၊ ပန်းတောင်း၊ ပေါက်ခေါင်း စတဲ့ အနီးတစ်ဝိုက်ဒေသကအဝင်ရှိနေပြီး နေ့စဉ် အိတ် ၅၀၀ အထိ ဝင်ရောက်နေပါတယ်။

ပြီးခဲ့တဲ့ အပတ်က တစ်တင်းကို ငွေကျပ် ၂၇၅၀၀ ပေါက်ဈေးရှိခဲ့ပြီး ဒီတစ်ပတ်မှာတော့ တစ်တင်းကိုငွေကျပ် ၂၉၀၀၀ အထိ ဈေးကမြင့်တက်ခဲ့ပါတယ်။

ရန်ကုန်ဘုရင့်နောင် ဈေးကွက်မှာလည်း ပဲတီစိမ်းပခုက္ကူ၊ ပဲခူးရွှေဝါတို့က တစ်ပိဿာကိုငွေကျပ် ၂၀ လောက် ဈေးမြင့်တက်ခဲ့ပါတယ်။

**ရှမ်းချင်းတွေ ဈေးတက်**

လက်ရှိအောင်ပန်းဈေးကွက်မှာ ချင်းတွေ အဝင်များလာတဲ့အတွက်ချင်းတွေက ဈေးတက်နေပါတယ်။ အဓိက ရှမ်းချင်းတွေကို ပြည်တွင်းက ပိုမိုစားသုံးပြီး လှော်လက်တွေကလည်း အထားခံတဲ့အတွက် အဝယ်သွက်နေပါတယ်။ အောင်ပန်းချင်းကိုတော့ အဓိက အောက်ပိုင်းဒေသက အဝယ်များပါတယ်။

ပြီးခဲ့တဲ့အပတ်က အောင်ပန်းမှာ ချင်း(အစို)က တစ်ပိဿာကိုငွေကျပ် ၁၀၀ လောက်ဈေးတက်ပြီး လက်ရှိပေါက်ဈေးက ငွေကျပ် ၄၆၀ ကျော်ရှိပါတယ်။

ချင်းအခြောက်ကလည်း လက်ရှိမှာ တစ်ပိဿာကိုငွေကျပ် ၁၀၀၀ ကျော်ပေါက်ဈေးရှိနေပြီး ချင်းအခြောက်ကိုတော့ နယ်စပ်ကနေတစ်ဆင့် တရုတ်နိုင်ငံကို တင်ပို့ပါတယ်။

**ကြက်သွန်နီဈေးတက်**

ကြက်သွန်နီဈေးကတော့ လက်ရှိအချိန်ထိ ဈေးအတက်အကျတည်ငြိမ်မှုမရှိသေးပါဘူး။ ဈေးအတက်အကျ တည်ငြိမ်မှုမရှိပေမယ့် အတက်ဈေးနဲ့ပဲ ဈေးကရှိနေဆဲပါ။

လက်ရှိမှာ ကြက်သွန်လက်ကျန်က နည်းနေပြီး အဝင်မရှိသေးတဲ့အတွက် ဈေးက တက်နေတာပဲ ဖြစ်ပါတယ်။ ဈေးတက်နေတဲ့အတွက် ကုန်စည်ဒိုင်တွေမှာ အရောင်းအဝယ်က အတော့်ကိုအေးနေတဲ့ အနေအထားရှိပါတယ်။

မကြာခင် ကြက်သွန်နီအသစ်တွေ ဈေးကွက်ကို ဝင်ရောက်လာတော့မှာ ဖြစ်တဲ့အတွက် ဈေးကကျဆင်းသွားနိုင်ပါတယ်။

လက်ရှိ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ကြက်သွန်နီက တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၂၁၀၀ ကနေ အမြင့်ဆုံးဈေးငွေကျပ် ၂၇၀၀ ရှိပြီး ပြည်ကုန်စည်ဒိုင်မှာတော့ အနိမ့်ဆုံးဈေးငွေကျပ် ၂၁၅၀ ကနေငွေကျပ် ၂၆၀၀၊ မြင်းခြံကုန်စည်ဒိုင်မှာတော့ငွေကျပ် ၂၀၇၅ ကနေ ငွေကျပ် ၂၄၅၀ အထိ အမြင့်ဆုံးဈေး ရရှိနေပါတယ်။

တစ်ပတ်အတွင်း တစ်ပိဿာကိုငွေကျပ် ၂၀၀ လောက် ဈေးက မြင့်တက်သွားခဲ့ပါတယ်။

**ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ- မေမိုးသဲ**



# နယ်သာလန်မှ ဝင်သည့် အာလူးမျိုးစေ့များ အပင်ထွက်နှုန်းကောင်း၍ စိုက်စရိတ်သက်သာလာ

**ဇာလင်းသူ** (AMIA)၊ **ဓာတ်ပုံ-ကေဇူး**(AMIA)

နယ်သာလန်မှဝင်လာသည့် အာလူးမျိုးစေ့များ အပင်ထွက်နှုန်းကောင်းမွန်လာ၍ စိုက်စရိတ်သက်သာလာကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ အာလူးစိုက်တောင်သူများထံမှ သိရသည်။

အာလူးကို ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီအတွင်း စိုက်ဧကပေါင်း ၄၃၅၁၁ ဧက စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးထုတ်လုပ်သည့်မျိုးများမှာ ပွင့်ဖြူမျိုး၊ ဘောလုံးမျိုး၊ တရုတ်မျိုး၊ နယ်သာလန်မျိုးတို့ဖြစ်ကြောင်း၊ ပွင့်ဖြူမျိုးကို ဧက ၁၇၄၀၀၊ ဘောလုံးမျိုးကို ဧက ၄၃၀၀၊ တရုတ်မျိုးကို ဧက ၁၇၄၀၀၊ နယ်သာလန်မျိုးကို ဧက ၉၀၀ နှင့် အခြားမျိုးများကို ဧက ၃၀၀၀ ခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"အာလူးမျိုးတွေ ပေါလာတော့ ရွေးချယ်စိုက်လို့ ရလာတယ်၊ အခုနောက်ပိုင်း နယ်သာလန်မျိုးဆိုရင် အပင်ပေါက်နှုန်းနဲ့ အထွက်နှုန်း အထူးကောင်းမွန်လာတယ်၊ အမျိုးအစားအလိုက် တစ်ဧက ကုန်ကျစရိတ်နဲ့ အကျိုးအမြတ်တွေကတော့ ပွင့်ဖြူမျိုးနဲ့ ဘောလုံးမျိုးဆိုရင် တစ်ဧကကို ကုန်ကျစရိတ် ကျပ် ၁၂၇၂၀၀၀ ကုန်ကျတယ်၊ အကျိုးအမြတ်ကတော့ ကျပ် ၇၂၈၀၀၀ ရှိပါတယ်၊ တရုတ်မျိုးဆိုရင် တစ်ဧကကို ကုန်ကျစရိတ် ကျပ် ၁၅၈၀၀၀၀ ခန့် ကုန်ကျပြီးတော့ အကျိုးအမြတ်ကတော့ ကျပ် ၉၂၀၀၀၀ ရှိပါတယ်၊ နယ်သာလန်မျိုးဆိုရင် တစ်ဧကကို ကုန်ကျစရိတ်ကျပ် ၁၅၃၀၅၀၀ ခန့် ကုန်ကျတယ်၊ အကျိုးအမြတ်ကတော့ ကျပ် ၁၇၁၉၅၀၀ ရှိပါတယ်"ဟု တောင်ကြီးမြို့နယ်မှ အာလူးစိုက်တောင်သူ ဦးစိုင်းလုံစိုးက ပြောသည်။

အမျိုးအစားအလိုက် အာလူး အရွယ်အစားနှင့် ထွက်ရှိမှုတွင် ပွင့်ဖြူမျိုး၊ ဘောလုံးမျိုးနှင့် အခြားဒေသမျိုးများမှာ တစ်ဧကစိုက်ပျိုးပါက အလုံးကြီးပိဿာ ၁၀၀၀ ခန့်၊ အလုံးလတ် ပိဿာ ၃၂၀၀ ခန့်၊ အလုံးသေးပိဿာ ၈၀၀ ခန့် ထွက်ရှိပြီး၊ စုစုပေါင်း ပိဿာချိန် ၅၀၀၀ ခန့် ထွက်ရှိကြောင်း၊ တရုတ်မျိုးမှာ တစ်ဧကစိုက်ပျိုးပါက အလုံးကြီး ပိဿာ ၆၀၀၀ ခန့်၊ အလုံးလတ် ပိဿာ ၁၄၀၀ ခန့်၊ အလုံးသေး ပိဿာ ၆၀၀ ခန့် စုစုပေါင်း ပိဿာ ၈၀၀၀ ခန့် ထွက်ရှိကြောင်း၊ နယ်သာလန်မျိုးမှာ တစ်ဧကစိုက်ပျိုးပါက အလုံးကြီး ပိဿာ ၇၂၀၀ ခန့်၊ အလုံးလတ် ပိဿာ ၈၅၀ ခန့်၊ အလုံးသေး ပိဿာ ၄၅၀ ခန့် ထွက်ရှိပြီး စုစုပေါင်း အထွက်နှုန်းသည် ပိဿာ ၈၅၀၀ ခန့်ရှိကြောင်း သိရသည်။

ဟဲဟိုးမြို့ အာလူးအစုအဖွဲ့ရုံးမှ ဥက္ကဋ္ဌ ဦးအောင်သန်းကျော်က "အာလူးကို ရန်ကုန်ဈေးကွက်နဲ့ အောက်မြန်မာနိုင်ငံ ဒေသများသို့ ဆက်လက်ဖြန့်ချိပြီး မန္တလေး၊ မုံရွာဈေးကွက်မှ အထက်မြန်မာပြည်ဈေးကွက်များသို့ ဆက်လက်ဖြန့်ချိပါတယ်၊ ထုပ်ပိုးမှုအနေနဲ့ကတော့ အာလူးသီးနှံဟာ တူးဖော်စဉ်ကပင် အစိုဓာတ်ပါလာခြင်း၊ ဘက်တီးရီးယား၊ မှိုရောဂါနှင့် ဗိုင်းစ်ရပ်ကပ်ပါးပိုးများ ပါဝင်လာနိုင်ခြင်းတွေကြောင့် သိုလှောင်ထိန်းသိမ်းရန်ကာလ တိုတောင်းပါတယ်၊ သိုလှောင်စဉ်ကာလမှာ ဥထိုးဖလံပိုးကျရောက်တတ်ပြီး သိုလှောင်ရုံမှာ မသိုလှောင်မီကပင် ပိုးသတ်ဆေးဖျန်းပြီး ကာကွယ်ဖို့ လိုအပ်ပါတယ်၊ သိုလှောင်စဉ်ကာလ တစ်လမှာ သိုလှောင်ကုန်စည်ရဲ့ ၂၀ ရာခိုင်နှုန်းခန့် ဥပုပ်ခြင်း၊ အလေးချိန်လျော့ကျခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးတတ်ပါတယ်၊ ယခုအခါမှာတော့ အအေးခန်း သိုလှောင်ရုံများ တည်ဆောက်သိုလှောင်နိုင်ဖို့ အစုအဖွဲ့အနေနဲ့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။



အာလူးစိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ရေးအတွက် နည်းပညာလိုအပ်မှုများ ဖြည့်ဆည်းပေးရန် လိုအပ်နေပြီး အာလူးထုတ်လုပ်သူ တောင်သူများအတွက် နယ်သာလန် အာလူးမျိုးသည် မျိုးစိုက်ထုတ်မှု၏ ၁၀ ဆကျော် ထွက်ရှိရာ၊ ထွက်ရှိသော အာလူးများကို အအေးခန်းနှင့်ထားပြီး သိုလှောင်နိုင်ရန် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဆိုပါက အာလူးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပို၍ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

# စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရန် အရေးပါသောကဏ္ဍတွင် ရှိနေသည့် မြစ်ရေတင်လုပ်ငန်း

မြစ်ချောင်းများမှရေကိုတင်၍ စိုက်ပျိုးရေးပေးဝေခြင်းနှင့် မြေအောက်ရေကို ထုတ်ယူကာ စိုက်ပျိုးရေပေးဝေခြင်းတို့ဖြင့် ကျေးလက်နေ တောင်သူတို့၏ လူမှုစီးပွားများ ပိုမိုမြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)က ဆောင်ရွက်လျက်ရှိသည်။

မြေအောက်ရေကို စက်ရေတွင်းများဖြင့်တင်၍ သန့်ရှင်းသောသောက်သုံးရေကို ပိုက်ရေသွယ်စနစ်ဖြင့် ဖြန့်ဝေပေးခြင်းကြောင့် ကျေးလက်နေပြည်သူတို့၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေသလို သီးနှံထုတ်လုပ်မှု မြင့်မားလာစေရေးအတွက် မြစ်ချောင်းများမှရေကို ရေစုပ်စက်များဖြင့်တင်၍လည်းကောင်း၊ မြေအောက်ရေကောင်းသော ဒေသများတွင် မြေအောက်ရေဖော်ထုတ်သုံးစွဲလည်းကောင်း စိုက်ပျိုးရေပေးဝေခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ နယ်စပ်ဒေသနှင့် တောင်ပေါ်ဒေသများတွင် စိမ့်စမ်းရေသွယ်လုပ်ငန်းများဖြင့် စိုက်ပျိုးရေနှင့် သောက်သုံးရေများ ပေးဝေခြင်း၊ စိုက်ပျိုးရေကို အကျိုးရှိစွာ အသုံးပြုနိုင်စေရန် နည်းပညာများဖြန့်ဝေပေးခြင်းတို့ဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန်လည်း ဆောင်ရွက်နေသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြောက်ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်တို့တွင်လည်း ထွက်နှုန်းကောင်းမွန်သော နွေစပါးစိုက်ပျိုးနိုင်ရန် လျှပ်စစ်ရေတင်လုပ်ငန်းများဖြင့် ရေပေးဝေလျက်ရှိသည့်အပြင် မြစ်ရေတင်လုပ်ငန်းဖြင့်လည်း ရေပေးဝေနေသည်။ မြစ်ရေတင်လုပ်ငန်းအဖြစ် တည်ဆောက်ပြီးစီမံကိန်း ၁၅ ခုရှိကာ တည်ဆောက်ဆဲစီမံကိန်းများလည်း ရှိသည်။

လျှပ်စစ်ရေတင်လုပ်ငန်းဖြင့် ရေပေးဝေနေမှုမှာ မြောက်ပိုင်းခရိုင်းအတွင်း တိုက်ကြီး၊ ထန်းတပင်၊ မှော်ဘီ၊ မင်္ဂလာဒုံ၊ လှည်းကူးမြို့နယ်တို့ ပါဝင်ပြီး တောင်ပိုင်းခရိုင်တွင် သန်လျင်နှင့်ခရမ်းမြို့နယ်တို့ ပါဝင်သည်။ လျှပ်စစ်ရေတင်လုပ်ငန်းမှ နှစ်အလိုက် ရေပေးဝေနိုင်မှုမှာ မြောက်ပိုင်းခရိုင်တွင် ၂၀၁၄-၂၀၁၅ ခုနှစ်က ဧက ၉၃၅၀၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၉၁၆၁ ဧကရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ၁၃၃၉၅ ဧက လျာထားပြီးဖြစ်သည်။ တောင်ပိုင်းခရိုင်တွင် ၂၀၁၄-၂၀၁၅ ခုနှစ်က ၁၅ ဧက၊ ၂၀၁၅-၂၀၁၆ ခုနှစ်က ဧက ၁၀၀ ရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ဧက ၃၀၀ ကို ရေပေးဝေရန် လျာထားပြီးဖြစ်သည်။ အဆိုပါ လျာထားဧကများ၌ မကြာမီ နွေစပါးစိုက်ပျိုးတော့မည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ကွင်းများမှာ ရေဖွေးဖွေးဖြင့် ပျိုးခင်းများ စိမ်းစိုလာတော့မည် ဖြစ်သည်။

မြစ်ရေတင်လုပ်ငန်းသည် စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် တောင်သူတို့၏စီးပွားရေး တိုးတက်ရေးတွင် အရေးပါလျက်ရှိနေသည်။ လယ်ယာစိုက်ပျိုးရေးအတွက် မြစ်ရေတင်ခြင်းနှင့် မြေအောက်ရေပေးဝေခြင်းတို့ကြောင့် ပတ်ဝန်းကျင်တွင် အကျိုးသက်ရောက်မှုများကို ရရှိစေသည်။

မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် အထက်အညာဒေသတို့တွင် နွေ၊ မိုး နှစ်သီး စိုက်ပျိုးနိုင်သည့်အပြင် ဝမ်းစာစပါး မဖူလုံသောဒေသတို့တွင်လည်း ယာမြေမှ လယ်မြေသို့ပြောင်းလဲ၍ စပါးစိုက်ပျိုးနိုင်ခြင်းကြောင့် ဝမ်းစာစပါးဖူလုံလာစေကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးလာစေမည်ဖြစ်သည်။ ထို့အပြင် ရေပေးမြောင်းကွန်ရက်များကြောင့် သောက်သုံးရေကိုပါ ရရှိစေပြီး မြစ်ရေတင်လုပ်ငန်း ရေပေးမြောင်းများတစ်လျှောက် စစ်ဆေးရေးလမ်းများကိုလည်း ကျေးရွာဆက်လမ်းအဖြစ် အသုံးပြုနိုင်သောကြောင့် ကျေးလက်နေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးကိုပါ ပိုကောင်းလာစေမည်ဖြစ်သည်။

ဒေသအချို့တွင် ရာသီဥတုပြောင်းလဲဖောက်ပြန်၍ မိုးခေါင်ပါက ဖြည့်စွက်ရေပေးဝေနိုင်သည့်အပြင် ဆည်ရေမရရှိသည့် ဒေသတို့ကိုလည်း နွေရာသီတွင် မြစ်ရေတင်လုပ်ငန်းနှင့် မြေအောက်ရေဖော်ထုတ်ရေးလုပ်ငန်းများမှ စိုက်ပျိုးရေပေး၍ ရေသွင်းစိုက်ပျိုးခြင်းဖြင့် တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့တွင်လည်း မြေအောက်ရေနှင့် မြစ်ရေတင်စီမံကိန်း အောင်မြင်မှုကြောင့် လယ်ယာကဏ္ဍနှင့် သီးနှံစိုက်ပျိုးရေး အောင်မြင်မှုများရရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ မြစ်၊ ချောင်းများကြောင့် စိုက်ပျိုးရေ ဖူလုံစွာရရှိနေခြင်းဖြစ်ရာ မြစ်ချောင်းများ ပြောင်းလဲသွားခြင်းသည် ထိုဒေသ၏ ရေသွင်းစိုက်ပျိုးရေးကို ထိခိုက်စေနိုင်သောကြောင့် အနာဂတ် စိုက်ပျိုးရေးအတွက် မြစ်၊ ချောင်းများ ထိန်းသိမ်းရေးကဏ္ဍသည်လည်း အရေးပါလာလျက်ရှိသည်။



ငမိုးရိပ် လျှပ်စစ်ရေတင်စီမံကိန်းမှ ရေငြိမ်ကန်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြစ်ရေတင်လုပ်ငန်းမှ ရေပေးဝေခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ထွန်းက "တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေနဲ့ လှည်းကူးမြို့နယ် လက်ပံရေတင် အပိုင်း ၂ ကင်မွန်းခြံရေတင်လုပ်ငန်းနဲ့ ခရမ်းမြို့နယ် ကျုံတုမြစ်ရေလုပ်ငန်းတို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်၊ ကင်မွန်းခြံရေတင်လုပ်ငန်းက နွေစပါးကို အဓိကထားပြီး ၉၈၈ ဧကအတွက် ဆောင်ရွက်မှာပါ၊ ကျုံတုအတွက် ဧက ၅၀၀ ကို မြစ်ရေတင်နဲ့ ဆောင်ရွက်သွားမှာပါ၊ ဒီနွေစပါးအချိန်မှာ ဆောင်ရွက်တဲ့အတွက် လာမယ့်နှစ် နွေစပါးရာသီမှာ ရေပေးနိုင်ပါပြီ၊ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်၊ ခရမ်းကို အဓိက ရေပေးဝေမှုလုပ်ပါတယ်၊ ရန်ကုန်တိုင်းဒေသကြီးမှာ မြစ်ရေတင်လုပ်ငန်းနဲ့ ရေပေးဝေဖို့ လျာထားတဲ့ဧက ၂၄၅၁၈ ရှိပါတယ်၊ ၁၄၄၈ ဧကကို ရေပေးဝေနိုင်ဖို့ ဒီနှစ်မှာ စတင်ဆောင်ရွက်နေပါပြီ၊ မြို့နဲ့နီးတဲ့နေရာတွေမှာ မြစ်ရေတင်ဆောင်ရွက်တဲ့အခါမှာ မြို့ကွက်ဖော်တာတွေကြောင့် စိုက်ဧကတွေ ကျဆင်းလာတာတော့ရှိတယ်၊ မြစ်ရေတင်လုပ်ငန်းမှာ မြေသားမြောင်းတွေဆိုတော့ ရေက လယ်ထဲကို အကုန်မရောက်ဘူး၊ လေလွင့်ဆုံးရှုံးတာတွေများတယ်၊ မြောင်းတွေကို မြေသားမြောင်းအစား အုတ်၊ကွန်ကရစ်နဲ့ ရေပို့လွှတ်နိုင်ရင် လယ်မြေအတွက် အကျိုးရှိရှိရရှိစေမှာပါ"ဟု ပြောသည်။

စနစ်တကျကောင်းမွန်သော ရေပေးဝေသည့်စနစ် ပေါ်ထွန်းစေရန် တူးမြောင်းဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရန်လည်း လိုအပ်သည်။ မြစ်ရေတင်စခန်းအချို့သည် မြစ်ကြောင်းများပြောင်းလဲခြင်း၊ ကမ်းပြိုခြင်း၊ သဲနုန်းပို့ချမှု များလာခြင်းနှင့် သောင်ထွန်းခြင်းတို့ကြောင့် ရေပေးဝေမှုလျော့နည်းခြင်းနှင့် ရေမပေးဝေနိုင်ခြင်းတို့ ဖြစ်ပေါ်တတ်၍ ရေလမ်းကြောင်း မကြာခဏပြောင်းလဲခြင်း၊ ရေတင်စခန်း နေရာမတည်ငြိမ်ခြင်းတို့ မဖြစ်ပေါ်အောင် ထိန်းသိမ်းရန်လည်း လိုအပ်သည်။

ရေလုညှိဇယား သတ်မှတ်ရေးဆွဲ၍ စနစ်တကျ ရေပေးဝေရန်လည်း လိုအပ်ပြီး ရေပေးပွဲနှ်အလိုက် ရေသုံးသူအဖွဲ့များ စနစ်တကျဖွဲ့စည်းလျက် မြောင်းအလိုက် ပြင်ဆင်ထိန်းသိမ်းမှုကို ရေပေးဝေမှုများမစတင်မီ ဆောင်ရွက်သွားရန်လည်း လိုအပ်သည်။ လယ်ကြားမြောင်းများကို ဌာနကသတ်မှတ်ပေးထားသော နေရာအတိုင်း ဆောင်ရွက်လျက် လယ်ကြားမြောင်း ရေပေးပွဲနှ်များတပ်ဆင်ရာတွင် ဌာနခွင့်ပြုချက်ဖြင့်သာ ပြုလုပ်ရန်လိုသည်။ သို့မှသာ လယ်ရေသောက်၊ ဆည်ရေသောက် မြောင်းပေါင်များ ရေရှည်တည်တံ့စေမည်ဖြစ်သည်။

သို့ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရန်နှင့် တောင်သူတို့၏ စီးပွားရေးတိုးတက်စေရန် မြစ်ရေတင်လုပ်ငန်းနှင့် ရေပေးဝေရေးလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍတွင် တည်ရှိနေကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြစ်ရေတင်လုပ်ငန်းဖြင့် မကြာမီ နွေစပါးများ စိမ်းစိုလန်းဆန်းလျက် မြစ်ရေတင်လုပ်ငန်း၏ အသီးအပွင့်ကို ရရှိခံစားရတော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**သော်တာနမ့်စန်၊ ဓာတ်ပုံ-သစ္စာ**

# ရေထွက်ပို့ကုန်ကဏ္ဍမှ ခုနစ်လအတွင်း ဒေါ်လာ ၃၆ သန်းကျော် ရရှိထား

**ဇာလင်းသူ** (AMIA)၊ **ဓာတ်ပုံ-ကေဇူး**(AMIA)

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လက်ရှိအချိန်အထိ ခုနစ်လတွင် ပြည်ပသို့ ရေထွက်ပို့ကုန် ၂၅၈၈၉ ဒသမ ၉၃၈ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၅၈ ဒသမ ၄၃၅ သန်း တင်ပို့ထားပြီး ယခင်နှစ် ကာလတူ အချိန်ထက် ၃၇၃၆၀ ဒသမ ၁၁၆ တန်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃၆ ဒသမ ၃၉ သန်း ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

လက်ရှိ ဘဏ္ဍာနှစ်တွင် ရေထွက်ပို့ကုန်ကဏ္ဍမှ အမေရိကန် ဒေါ်လာသန်း ၆၅၀ ရရှိရန် လျာထားကြောင်း၊ ယခင်ဘဏ္ဍာနှစ်က ပြည်ပတင်ပို့မှု ၄၃၈၇၀၆ မက်ထရစ်တန် ရှိခဲ့ပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၆၀၅ သန်း ရရှိခဲ့ကြောင်း သိရသည်။ ငါးလုပ်ငန်းဦးစီးဌာနသည် ရေထွက်ပို့ကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရရှိရန် မျှော်မှန်းလုပ်ဆောင်နေပြီး ပို့ကုန်ပမာဏသည် ဆယ်နှစ်အတွင်း မက်ထရစ်တန်လေးသိန်းအောက်သာ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင်က "ရေထွက်ပစ္စည်းတွေ တိုးတက်တင်ပို့နိုင် အောင် ဆောင်ရွက်နေတယ်၊ လိုအပ်တဲ့ငွေကြေးကိုလည်း ဘဏ်နဲ့ချိတ်ပြီးတော့ ရနိုင်အောင်အထိပါ"ဟု ပြောသည်။ မြန်မာနိုင်ငံသည် ရေထွက်သယံဇာတ ပေါကြွယ်ဝသော်လည်း ငွေကြေး၊ ခေတ်မီငါးဖမ်းပစ္စည်း များ ရရှိသုံးစွဲနိုင်မှုမှာ အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ် ပါက နောက်ကျနေသေးသောကြောင့် လိုအပ်သော ချေးငွေများရရှိရန် ဘဏ်ဖြင့် ချိတ်ဆက်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ရေထွက်ပို့ကုန်ကဏ္ဍမှ နှစ်အလိုက် တင်ပို့နိုင်မှုနှင့် ဝင်ငွေရရှိမှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၄၅၂၆၇ ဒသမ ၃၆ တန် (အမေရိကန်ဒေါ်လာ ၅၃၆ ဒသမ ၂၇ သန်း)၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ၂၂၈၂၉၀ဒသမ ၅၉ တန်(အမေရိကန်ဒေါ်လာ ၄၈၂ ဒသမ ၂၅ သန်း)၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၆၈၉၇၀ ဒသမ ၈၉ တန် (အမေရိကန်ဒေါ်လာ ၅၀၂ ဒသမ ၆၃ သန်း) ရရှိခဲ့သည်။

မြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းကို ၁၉၅၃ ခုနှစ်မှစ၍ စမ်းသပ်မွေးမြူလုပ်ကိုင်ခဲ့ရာမှ ၁၉၇၀ ခုနှစ် နောက်ပိုင်းတွင် တိုးချဲ့မွေးမြူလုပ်ကိုင်လာခဲ့ရာ အစိုးရပိုင်း၏ ထောက်ပံ့ပေးမှုများကြောင့် လုပ်ငန်းများ အောင်မြင်ခဲ့သည့်အတွက် ပြည်တွင်း၊ ပြည်ပတွင် မွေးမြူရေး ငါးများ ဈေးကွက်ရရှိခဲ့ကြောင်း သိရသည်။ ယခုအချိန်တွင် ပြည်တွင်း၌ ငါးမွေးမြူသည့်ကန်ပေါင်း ဧက ၄ ဒသမ ၅ သိန်းအထိ ရှိနေပြီး ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူများအနေဖြင့် ချေးငွေရရှိမှုမှာ ယခင်က ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ် ယခုကမ္ဘာ့ရတနာ ဘဏ်တွင်သာ ချေးယူခွင့်ရရှိခဲ့ကာ ချေးငွေမရရှိပါက ပြင်ပမှချေးငှားကာ လုပ်ငန်းများလုပ်ကိုင်ရကြောင်း မွေးမြူရေးလုပ်ငန်းရှင်များက ပြောကြားသည်။



နယ်စပ်ဂိတ်တစ်ခုမှ ရေထွက်ကုန်များ ပြည်ပတင်ပို့မည့် ကားတစ်စီး

# ရွှေဘိုပေါ်ဆန်းဆန်ဈေး စံချိန်တင် မြင့်တက်နေ

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

ရွှေဘို ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ်ငါးသောင်းခွဲအထိ ဈေးတက်လျက်ရှိနေပြီး ထိုဈေးနှုန်းမှာ နှစ်နှစ်အတွင်း စံချိန်တင်ဈေးဖြစ်နေကြောင်း ဆန်ကုန်သည်များက ပြောကြားသည်။ ရွှေဘို ပေါ်ဆန်းဆန် ဈေးနှုန်းမှာ ၂၀၁၅ ခုနှစ်က တစ်အိတ်လျှင် ကျပ် ၄၅၀၀၀၊ ၂၀၁၆ ခုနှစ်အတွင်းက တစ်အိတ်လျှင် ကျပ် ၄၆၀၀၀ နှုန်းသာ ဈေးပေါက်ခဲ့ကြောင်း သိရသည်။

"ဈေးကွက်အတွင်းမှာ ဝယ်လိုအားများပြီးတော့ ရောင်းလိုအား နည်းနေတယ်၊ ရာသီဥတုကြောင့် အထွက်နှုန်းကလည်း လျော့နည်းနေသလို ထွက်ရှိမှုကလည်း တစ်နေရာနဲ့ တစ်နေရာ မတူဘူး၊ ဆန်ဈေးကို ဆွဲတင်ဆွဲတင်ရင်းနဲ့ ဈေးတက်လာတာဖြစ်ပါတယ်၊ တစ်နိုင်ငံလုံးကလည်း စားသုံးကြတာ နှစ်သက်ကြတော့ ဈေးတက်လာတာပေါ့"ဟု မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

လက်ရှိအချိန်တွင် ဆန်ကုန်သည်များက ရွှေဘိုပေါ်ဆန်းမွှေးကို ပါကင်ထုပ်ပိုးမှုပြောင်းလဲ၍ ရောင်းချနေခြင်း၊ အနံ့အရသာ ရှိစေခြင်းတို့ကြောင့် စားသုံးသူများ ပိုမိုကြိုက်နှစ်သက်ကာ ဝယ်ယူမှုများပြားလာခြင်းကြောင့်လည်း ဈေးတက်လာခြင်းဖြစ်ကြောင်း သိရသည်။ ကုန်ကြမ်းစပါးကို အရောင်တင်သန့်စင်ပြီး လေလုံသည့် ပါကင်ထုပ်ပိုးမှု ပြုလုပ်နိုင်ပါက ကျန်းမာရေးအတွက် ပိုမိုအကျိုးရှိသည့် စားသောက်နေထိုင်မှုစနစ်သို့ ပြောင်းလဲနိုင်မည်ဖြစ်ကြောင်းလည်း ဆန်စက်လုပ်ငန်းရှင်များက ပြောသည်။



ရွှေဘိုပေါ်ဆန်းကို ဒေသန္တရ မူပိုင်ခွင့်ရရှိရေးအတွက်လည်း ဆောင်ရွက်နေပြီး ထိုကိစ္စအတွက် ဆွေးနွေးပွဲ သုံးကြိမ်၊ မူပိုင်ကာကွယ်ခွင့် ဆောင်ရွက်ရေးအတွက် ကော်မတီတစ်ရပ် ဖွဲ့စည်းထားပြီး ရွှေဘိုပေါ်ဆန်းမွှေးဆန်ကို ပထဝီဆိုင်ရာအညွှန်း(GI) စာရင်းတွင် ပါဝင်ခွင့်ရရှိရန် လိုအပ်သည့် အချက်အလက်များလည်း စစ်တမ်းကောက်ယူထားကာ (GI)စာရင်းဝင်ဖြစ်ပါက မူပိုင်ခွင့်ရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရရှိအောင် လုပ်နေပါတယ်၊ နိုင်ငံရဲ့ ထုတ်ကုန်တံဆိပ်ပေါ့"ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။ လက်ရှိတွင် ရွှေဘိုပေါ်ဆန်းမွှေး ဆန်၏ မျိုးရိုးဗီဇနှင့် အရည်အသွေး တည်ငြိမ်မှုရှိစေရန် မျိုးကောင်း၊ မျိုးသန့်များ စနစ်တကျ ထုတ်လုပ်ရေး၊ ဘက်စုံပိုးမွှားကာကွယ်ရေးစနစ် အသုံးပြုရေး၊ မြို့နယ်အလိုက် မြေနှင့်ရေ ဓာတ်ခွဲစမ်းသပ်ရေးတို့ကို ဆောင်ရွက်နေသည်။

## နွေစပါး စိုက်ဧက ၁၀၀၀၀ ကျော်သို့ စိုက်ပျိုးရေများ ပေါင်းလောင်းရေလှောင်တမံမှ ပေးဝေသွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော် ပျဉ်းမနား၊ လယ်ဝေးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တို့ရှိ လယ်ယာမြေဧက ၁၀၀၀၀ ကျော်ကို ယခုနှစ်တွင် ပျဉ်းမနားမြို့အရှေ့ဘက်ရှိ ပေါင်းလောင်းရေလှောင်တမံမှ စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ပေါင်းလောင်းရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်၍ ထွက်ရှိသောရေကို ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီးတွင် ရေလွှဲဆည်တည်ဆောက်၍ လက်ဝဲ၊ လက်ယာ တူးမြောင်းစနစ်များမှတစ်ဆင့် လယ်ယာမြေများသို့ ဆည်ရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဆည်ရေသောက်စနစ် တည်ဆောက်ပြီးစီးသည့် အပိုင်းအလိုက် နှစ်စဉ် နွေစပါး၊ မိုးစပါး(နှစ်သီး) ဆည်ရေပေးဝေလျက်ရှိရာ ယခုအခါ မိုးစပါးဆည်ရေပေးဝေအပြီးတွင် ပေါင်းလောင်းရေလှောင်တမံ၌ ကန်ရေပြည့်ပမာဏ ဧကပေ ၅၄၉၀၀ ခန့်ကို သိုလှောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါသိုလှောင်ရေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဧရိယာအတွင်း ဧက ၈၅၀၀ ခန့်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧက ၁၈၀၀ ခန့် စုစုပေါင်းဧက ၁၀၃၀၀ ကို ရေပေးသွားရန် လျာထားပြီး ထိုသို့ ရေပေးဝေစိုက်ပျိုးနိုင်ရေးအတွက် လယ်ဝေးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးနေဇော်နှင့် တည်ဆောက်ရေး ၅ ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများက မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များနှင့်အတူ လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာနှင့် ပေါက်မြိုင်ကျေးရွာသို့ နိုဝင်ဘာ ၁၁ ရက်က ကွင်းဆင်းပြီး ပေါင်းလောင်းဆည်ရေသောက် စနစ်အတွင်းမှ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ပေါင်းလောင်းရေလှောင်တမံမှ ရေစတင်ပေးဝေမည်ဖြစ်ပြီး နွေစပါးလျာထားဧရိယာ ၁၀၃၀၀ ဧကကို ပြည့်မီအောင် စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် တူးမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ဆည်ရေစတင်ပေးဝေမည့် နေ့ရက်ဖော်ပြချက် ဆိုင်းဘုတ်၊ တူးမြောင်းတာဝန်ကျ ဆည်ရေပေးဝေမည့် ဝန်ထမ်းအမည်နှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် ဖော်ပြချက် ဆိုင်းဘုတ်၊ ဆည်ရေရောက်ရှိမည့်နေရာ ဖော်ပြထားသည့်ဆိုင်းဘုတ်၊ လိုက်နာရမည့် တူးမြောင်းများဥပဒေစသည့် ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ တောင်သူများနှင့် တွေ့ဆုံ ရှင်းလင်းအသိပေးပြောကြားခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွှေး**



## စပါးခွံထွက်ရှိမှု များပြားလာသည့်အတွက် ပြန်လည်အသုံးပြုပြီး လျှပ်စစ်ထုတ်လုပ်သင့်ဟု ဆန်စက်ပိုင်ရှင်များဆို

**ဇာလင်းသူ (AMIA)/ဓာတ်ပုံ-ကေဇူး(AMIA)**

ဧရာဝတီတိုင်းဒေသကြီးတွင် နွေစပါး၊ မိုးစပါး စိုက်ပျိုးဧက ငါးသန်းကျော် နှစ်စဉ် စိုက်ပျိုးပြီး စပါးခွံထွက်ရှိမှုပမာဏ များပြားလာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် နည်းပညာသုံးပြီး လျှပ်စစ်ထုတ်လုပ်သင့်ကြောင်း ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စပါး ကုန်သည်များက ပြောကြားသည်။

"စပါးခွံထုတ်လုပ်မှုပမာဏက အရမ်းများတယ်၊ စွန့်ပစ်ရတာခက်ခဲသလို မီးရှို့ရင်လည်း အလွန်အန္တရာယ်များတယ်၊ မြစ်ထဲစွန့်ပစ်ရင်လည်း ရေနေသတ္တဝါတွေ ထိခိုက်သေကြေနိုင်တယ်၊ ဒါကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိတဲ့ နည်းပညာသုံးပြီး လျှပ်စစ် ထုတ်လုပ်မယ်ဆိုရင် မဂ္ဂါဝပ် ၂၀-၃၀ကို အသာလေး ထုတ်လုပ်နိုင်တယ်၊ ဒါကို နိုင်ငံတော်အပိုင်းနဲ့ မြန်မာနိုင်ငံ ဆန်ကုန်သည်အသင်းက ဦးဆောင်ပြီးတော့ ဆောင်ရွက်သင့်တယ်"ဟု ဘိုကလေးမြို့နယ်မှ ဆန်စက်ပိုင်ရှင် ဦးဇေယျာလင်းက ပြော သည်။

ဧရာဝတီတိုင်းဒေသကြီးတွင်သာမက ပဲခူး၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း အလားတူစီမံကိန်းများ ဆောင်ရွက်သင့်ကြောင်း ဆန်စက်ပိုင်ရှင်များက ဆိုသည်။

MAPCO ဥက္ကဋ္ဌ ဦးချစ်ခိုင်က "ကျွန်တော်တို့အနေနဲ့ လယ်ယာကဏ္ဍ၊ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် နေပြည်တော်မှာ စက်ရုံတစ်ရုံ ဖွင့်လှစ်ခဲ့ပြီးဖြစ်သလို ကျိုက်လတ်မှာက ဒုတိယအကြိမ် ဖွင့်လှစ်တာပါ၊ ကျန်ရှိတဲ့ ဒေသတွေမှာလည်း ဖွင့်လှစ်သွားနိုင်အောင် ဆောင်ရွက်သွားမှာပါ၊ ဆန်တစ်မျိုးတည်း ထုတ်လုပ်ခြင်းက တွက်ခြေကိုက်မှု နည်းပါတယ်၊ ဒီအတွက် ဆန်စပါးသိုလှောင်မှု တိုးတက်မြင့်မားဖို့ လိုအပ်တယ်၊ နိုင်ငံတကာနည်းတူ ဆန်စပါးတွေ သိုလှောင်ပြီး ဘေးထွက်ပစ္စည်းတွေကို တန်ဖိုးမြှင့်ကုန်ပစ္စည်းတွေ ထုတ်လုပ်မှုတွေလုပ်ဖို့ လိုအပ်တယ်၊ ဆန်စပါးကဏ္ဍအပြင် လျှပ်စစ်ဓာတ်ထုတ်လုပ်တာ၊ ဖွဲနုဆီ၊ ဆန်မှုန့်၊ ကြာဆံ ထုတ်လုပ်တာတွေကို ကျွန်တော်တို့ ဆက်စပ်ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ရမှာပါ၊ ဒီအတွက် ဘဏ္ဍာရေး အထောက်အပံ့ပေးမှုတွေလည်း လိုအပ်တယ်၊ စက်ရုံကြီးကြောင့် ဆန်စက်လုပ်ငန်းရှင်ငယ်တွေကလည်း စိုးရိမ်စရာ မရှိပါဘူး၊ ဆက်စပ်လုပ်ဆောင်စရာတွေ ရှိပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်ချက်များဖြစ်နေသည့် တောင်သူလယ်သမားများနှင့် ဆန်စက်များကြား လေလွင့်မှုလျော့ပါးရေး၊ ဆန်စက်ငယ်များနှင့် ပြည်ပတင်ပို့သည့် ကုန်သည်များအကြား ဆန်အရည်အသွေး မြှင့်တင်ရေး၊ လယ်သမားများ စပါးဈေးပိုရရှိရေး စသည်တို့ကို ဖြည့်ဆည်းရန်လိုနေကြောင်း သိရသည်။

# ကျေးလက်ဒေသများတွင် တစ်ပိုင်တစ်နိုင် ဝါးစိုက်ပျိုးရေးကို ခွင့်ပြုပေးသင့်

**သတင်းဆောင်းပါး-ဇာလင်းသူ(AMIA)**
**ဓာတ်ပုံ-ကေဇူး(AMIA)**

ကျေးလက်ဒေသများတွင် တစ်ပိုင်တစ်နိုင် ဝါးစိုက်ပျိုးရေးကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေရှာဖွေရာ ဇာစ်မြစ်တစ်ခုဖြစ်လာနိုင်ကြောင်းနှင့် ဝါးပင်ကို လယ်ယာစိုက်ခင်းများရှိ ကန်သင်းရိုးများပေါ်တွင် တွဲဖက်စိုက်ပျိုးခြင်း၊ နေအိမ်ခြံဝင်းများတွင် စိုက်ပျိုးထားခြင်းနှင့် အခြားသော မြေလွတ်များပေါ်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် တောင်သူတို့ ဝင်ငွေတိုးပွားလာနိုင်စေသောကြောင့် အစိုးရအနေဖြင့်လည်း စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ လွတ်လပ်စွာ ခွင့်ပြုပေးရန် လိုအပ်ကြောင်း ဝါးစိုက်ပျိုးရေး ကျွမ်းကျင်သူများက ပြောသည်။

"လွတ်လွတ်လပ်လပ်စိုက်ဖို့မှာ အကန့်သတ်တွေ ရှိနေတယ်၊ အိမ်ခြံဝင်းမှာက ခြံစည်းရိုးလည်းကာရင်း အလွယ်တကူ စိုက်ထားလို့ရပေမယ့် စပါးခင်းတွေမှာ တွဲဖက်စိုက်ဖို့ကျတော့ ဥပဒေတွေနဲ့ ကန့်သတ်ထားတာတွေ ရှိနေတယ်၊ ကျေးလက်နေပြည်သူတွေ ဝင်ငွေဇာစ်မြစ်တစ်ခုဖြစ်လာဖို့ အထောက်အကူပြုနိုင်သလို ဝါးကို မြို့ရော၊ တောပါ အသုံးပြုကြတာဖြစ်လို့ စိုက်လိုက်တာကြောင့် တောတောင်တွေမှာ အရွယ်မရောက်သေးဘဲ ခုတ်ခံရတာတွေကို ဟန့်တားနိုင်သလို သဘာဝပတ်ဝန်းကျင်အတွက်လည်း အထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး အစိမ်းရောင်ချစ်သူ ကွန်ရက်ဝင် ဦးနိုင်လင်းစိုးက ပြောသည်။

မြက်ပင်ကြီးမျိုးနွယ်ဖြစ်သော ဝါးသည် သစ်တောထွက်ပစ္စည်းအမျိုးအစားတွင်လည်း ပါဝင်ပြီး လယ်သမားများအနေဖြင့် ဝါးစိုက်ပျိုးလိုပါက လုပ်ကွက်နယ်နိမိတ် (ခြံစည်းရိုး) တစ်လျှောက်တွင် စိုက်ပျိုးနိုင်သည်။ တောင်သူလယ်သမားများအနေဖြင့် လယ်ယာများ၌ ဈေးကွက် ကောင်းမွန်သော သီးနှံများ ပြောင်းလဲစိုက်ပျိုးလိုကြသော်လည်း လယ်မြေဆိုလျှင် စပါးမှလွဲ၍ စိုက်ပျိုးခွင့်မပြုထားပေ။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရ မူလသီးနှံတစ်ခုမှ အခြားသီးနှံတစ်ခုသို့ ပြောင်းလဲစိုက်ပျိုးလိုပါလျှင် နည်းလမ်းတကျ လျှောက်ထားခွင့်ရှိသည် ဆိုသော်လည်း လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ ရှိရမည်ဖြစ်သည်။ ထိုလက်မှတ်ရှိပါက လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်သို့ လျှောက်ထားကြရမည်ဖြစ်ပြီး ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုမိန့် ပုံစံ ၇ ရရှိမှသာ အခြားသီးနှံ ပြောင်းလဲစိုက်ပျိုးရမည်ဟု ပြဋ္ဌာန်းထားကြောင်း သိရသည်။

"တောင်သူများအနေနဲ့ရော အစိုးရပိုင်းကပါ အားပေး အကောင်အထည်ဖော်သင့်တဲ့ စီမံချက်ပါ၊ ဆည်ရေသောက် နွေစပါးစိုက် လယ်ကန်သင်းများမှာ နွေရေရတာကြောင့် ဝါးပိုးဝါးတွေကို စိုက်ပျိုးနိုင်ပါတယ်၊ ဆန်စပါးက နိုင်ငံတော်ရဲ့ အဓိက စားနပ်ရိက္ခာသီးနှံမို့ စပါးမစိုက်ဘဲ ဝါးပိုးဝါးပဲစိုက်ကြဖို့ မဆိုလိုပါဘူး၊ စပါးလည်းရ၊ ပဲလည်းရ၊ ဝါးကလည်း ဝင်ငွေရမို့ သေသေချာချာ စဉ်းစားစေချင်ပါတယ်"ဟု ဝါးစိုက်ပျိုးရေးအတွက် တက်ကြွလှုပ်ရှား ပုံဖော်နေသူ ဦးခင်လှအောင်က ပြောသည်။

ဝါးပိုးဝါးသည် အအေးကြိုက်ဝါးမျိုးဖြစ်သည့်အတွက် မိုးများသောဒေသများဖြစ်သည့် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ ရေရရှိပြီး နွေစပါးစိုက်ပျိုးနေသည့် လယ်ကန်သင်းများတွင် စိုက်ပျိုးနိုင်၍ ရေမရရှိသည့် ဒေသများတွင်မူ လယ်ကန်သင်းများပေါ်တွင် အပူကြိုက်ဝါးမျိုးများဖြစ်သည့် တင်းဝါး၊ ကြက်သောင်းဝါးနှင့် သိုက်ဝါးကဲ့သို့ ဝါးမျိုးများကို စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ဝါးစိုက်ပျိုးရန် ဝါးစေ့တစ်ထုပ်လျှင် ငွေ ၂၀၀၀ ကျပ်ဖြင့် ဝယ်ရသော်လည်း ဝါးပိုးဝါးပင် တစ်ပင်ကို ငွေ ၂၀၀၀ ကျပ်ဖြင့် ပြန်လည်ရောင်းချနိုင်ကြသည်။ ဝါးပိုးအပါအဝင် ဝါးအမျိုးမျိုးသည် လူတို့နေအိမ်၊ တိရစ္ဆာန်နေရာများ ဆောက်လုပ်ခြင်းအတွက်သာမက လူတို့၏ ပရိဘောဂများ၊ အသုံးအဆောင်များစွာလည်း ထုတ်လုပ်နိုင် ကြကာ အနုစိတ်သော တန်ဖိုးမြင့်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်သည်။

ဝါးစိုက်ပျိုးခြင်း၏ အားနည်းချက်များမှာ လယ်မြေများပေါ်တွင် ဝါးရုံတောကြီးများ ဖြစ်ထွန်းနေပါက လယ်ကွင်း၏အမြင်ကို အသွင် ညှိုးစေမည် ဖြစ်သကဲ့သို့ လယ်သမားတစ်ဦး ပိုင်ဆိုင်သော ဦးပိုင်၊ လုပ်ကွက်တစ်ကွက်၏ နယ်နိမိတ်ကို ဝါးပိုးဝါးများနှင့်ပတ်၍ စိုက်ပျိုးလျှင် ကန်သင်းတင် လယ်သမားများကြား အငြင်းပွားဖွယ်ရာများ ဖြစ်ပေါ်နိုင်ကြောင်း စိုက်ပျိုးရေးကဏ္ဍ ကျွမ်းကျင်သူများက ထောက်ပြပြောဆိုထားကြသည်။



# ရေယုန်ပေါက်လျှင် သတိထား

ကြည်လွင်မြင့် (မုံရွာ)

စာရေးသူငယ်စဉ် ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝက ရေယုန်ပေါက်ဖူးသည်။ မှတ်မှတ်ရရ နှစ်ပတ်ခန့် ကြာသည်ဟု ထင်သည်။ ကျောင်းကင်န်တီးရှိ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်၊ စမူဆာကြော်စားပြီး နှုတ်ခမ်းထောင့်တွင် ဆီပေနေသဖြင့် စားပွဲပေါ်တွင်ချထားသော လက်သုတ်ပဝါခေါက်ကိုယူပြီး နှုတ်ခမ်းထောင့်ကို ခပ်ကြမ်းကြမ်း သုတ်လိုက်မိသည်။ နောက်တစ်နေ့တွင် စပ်သလို ဖြစ်နေပြီး နောက်တစ်ရက်တွင် အဖုလေးများ ထွက်လာပြီး နာလာသည်။ ထို့နောက် အဖုလေးများပွားလာတော့မှ ရေယုန်မှန်းသိသည်။

ကျောင်းစာမေးပွဲ နီးချိန်တွင် ပါးစပ်ထောင့်တွင် ရေယုန်ပေါက်သဖြင့် ပါးစပ်ဟပြီး စာကိုအသံထွက်ပြီး မကျက်နိုင်ဖြစ်ရသည်။ တိုးတိုးရွတ်ပြီး စိတ်မှပင် ကျက်ရသည်။ အစားအသောက်စားလျှင်လည်း ပါးစပ်ကောင်းကောင်း မဟနိုင်၊ အစပ်ပါသောအရာ စားမရသဖြင့် အတော်ပင် ဒုက္ခရောက်ခဲ့သည်။

ထိုစဉ်က မှတ်မှတ်ရရ ရေယုန်ပျောက်စေရန် ကင်းမုံရွက် အရည် ညှစ်လိမ်းရမည်ဆိုသဖြင့် လိုက်ရှာရသည်။ တောနယ်တွင်နေစဉ်က ခြံစည်းရိုးများတွင် အလွန်ပေါသော ကင်းမုံရွက်မှာ ရန်ကုန်တွင် အလွန်ရှားသည်။ နောက်ဆုံး ထောက်ကြံ့ဘက်ရှိ ခြံတစ်ခြံမှ ရရှိသည်။ ထိုသို့မရရှိမီ ကြားကာလတွင် သွားတိုက်ဆေးသိပ်လျှင်ပျောက်သည်ဟု ပြောသဖြင့် သိပ်လိုက်ရာ ယောင်သွားသဖြင့် ပို၍ခံရခက်သည်။ မီးသွေးကို ထောင်းပြီးသိပ်ရသည် ဆိုသဖြင့်လည်း အဆောင်ရှိ မီးဖိုမှ မီးသွေးတောင်းပြီးလည်း ထောင်း၍သိပ်ဖူးသည်။

ရေယုန်၏ဒဏ်ချက်မှာ အလွန်ဆိုးသည်။ အနာကျက်လိုက်၊ အနာဖေးခွာလိုက်၊ ပြန်နာလိုက်ဖြင့် အတော်ပင် ကြာသည်။ နောက်ဆုံး အနာရွတ်ကျန်ခဲ့သည်။ ၁၉၇၄ ခုနှစ်က ပေါက်ခဲ့သော ရေယုန်၏အနာရွတ်မှာ ယခု အနှစ်လေးဆယ်ကျော်အထိ နှုတ်ခမ်းထောင့်တွင် အမဲစက်ကဲ့သို့ ကျန်နေသေးသည်။

ယနေ့ တစ်နေ့တည်းမှာပင် စာရေးသူ၏ဆေးခန်းသို့ ရေယုန်ပေါက်သူနှစ်ဦး လာပြသည်။ ရေယုန်ပြရန်လာခြင်း မဟုတ်။ ရေယုန်က အင်္ဂလိပ်ဆေးလိမ်း၍ ပျောက်ပြီဖြစ်သည်။ နောက်ဆက်တွဲအဖြစ် အကြောများနာနေသဖြင့် လာပြခြင်း ဖြစ်သည်။

ပထမတစ်ဦးမှာ အသက် ၅၀ ကျော် ယောကျ်ားကြီး တစ်ဦးဖြစ်သည်။ လွန်ခဲ့သောလက ရေယုန် ပေါက်သည်။ အင်္ဂလိပ်ဆေးခန်းပြသည်။ ဆရာဝန်က ဆေးထိုးပေးသည်။ ရေယုန်လိမ်းဆေး (ညှစ်ဆေးတောင့်) ပေးသည်။ နှစ်ပတ်ကြာတော့ လုံးဝပျောက်ကင်းသွားသည်။ သို့သော် သူရေယုန်ပေါက်သည့် ညာဘက်ချိုင်းအောက်မှ ရှေ့ရင်ဘတ် တစ်လျှောက်မှာ အမာရွတ်များဖြင့် မည်းနေပြီး ပူနေသလို ခံစားနေရသည်။ ညတွင် ပို၍ပူသည်။ အိပ်မပျော်ဟု ဆိုသည်။ ညာဘက်လက်မှာလည်း ချိုင်းအောက်မှာ အနာပေါက်ခဲ့သော ဒဏ်ဖြင့် ကောင်းစွာမြှောက်မရဟု ဆိုသည်။

အခြားတစ်ဦးမှာ အသက် ၆၁ နှစ်အရွယ်ရှိ အငြိမ်းစား ဆရာမကြီးတစ်ဦးဖြစ်သည်။ သူဖြစ်နေသည်မှာ ခန္ဓာကိုယ် တစ်ခြမ်းပူ၊ တစ်ခြမ်းအေး ဖြစ်နေသည်။ သေချာစွာပြောရလျှင် ခန္ဓာကိုယ် အပူအအေး မညီ။ ညာဘက်အခြမ်းမှာ အေးနေပြီး ဘယ်ဘက်အခြမ်းမှာ ပူနေသည်။ ညာဘက်ခြမ်းမှာ ချွေးထွက်သည်။ ဘယ်ဘက်ခြမ်းမှာ ချွေးမထွက် ဖြစ်နေသည်။ ထိုချွေးမထွက်သောအခြမ်းမှာ သူ၏ အထင်အရ လွန်ခဲ့သော နှစ်နှစ်က ရေယုန်ပေါက်ပြီးနောက်မှ ဖြစ်လာသည်ဟု ယူဆကြောင်း ပြောပြသည်။ လွန်ခဲ့သော နှစ်နှစ်က ရေယုန်ဘယ်ဘက်အခြမ်း ခါးပတ်ပြီး ပေါက်သဖြင့် အင်္ဂလိပ်ဆေးဖြင့် တစ်လခန့် ကုခဲ့ရဖူးသည်ဟု ပြောသည်။

> **"ယခုခေတ်တွင် ခန္ဓာကိုယ် ခုခံအားကျသည့်ရောဂါ(AIDS) ဝေဒနာသည်များတွင် ရေယုန်ကြီးများပေါက်သည်ကို တွေ့ရှိလာရသဖြင့် ရေယုန်ကြီးဖြစ်သူများကို ဆရာဝန်ကြီးများက (HIV) ပိုး ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်သည်ကို တွေ့ရသည်"**

ရေယုန်ပေါက်ခြင်းသည် အနောက်တိုင်းဆေးပညာအရ ပိုးကြောင့် ဖြစ်သည်။ ဟားပီး(Herpes)ခေါ် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်သည်။ သာမန်ရေယုန် (Herpes Simplex)နှင့် ရေယုန်ကြီး (Herpeies Zoster) ဟူ၍ နှစ်မျိုးရှိသည်။ ရေယုန်ကြီးကို မြန်မာအခေါ် ဆင်ရေယုန်ဟုလည်း ခေါ်သည်။ အရေပြားအောက်မှ ပြန်ရည်ကြောတစ်လျှောက် အမှီပြု၍ ပွားများပြီး အာရုံကြောကိုပါ ထိခိုက်စေနိုင်သော ဗိုင်းရပ်စ်ပိုးမျိုး ဖြစ်သည်။

ရေယုန်သည် လေနှင့် နေရောင်ခြည် အထိအတွေ့နည်းသော ချိုင်းအောက်၊ ရင်ဘတ်စသည် နေရာများတွင် ပို၍ ပွားလွယ်သည်ကို တွေ့ရသည်။ အထူးသဖြင့် ခါးတွင် ရေယုန်ပတ်ပြီးပေါက်လျှင် သေတတ်သည်ဟု ရှေးလူကြီးများက ပြောကြသည်။ ရေယုန်ဖြစ်လျှင် ပေါ့ပေါ့မနေရန် ပြောခြင်းဖြစ်မည် ထင်သည်။ ခါးပတ်၍ ရေယုန်ပေါက်လျှင် အမှန်ပင် ပျောက်ခဲသည်။ ပျောက်ရန် ရက်ကြာသည်။

ယခုခေတ်တွင် ခန္ဓာကိုယ် ခုခံအားကျသည့်ရောဂါ(AIDS) ဝေဒနာသည်များတွင် ရေယုန်ကြီးများပေါက်သည်ကို တွေ့ရှိလာရသဖြင့် ရေယုန်ကြီးဖြစ်သူများကို ဆရာဝန်ကြီးများက (HIV)ပိုး ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်သည်ကို တွေ့ရသည်။

**အာယုဗေဒ ဆေးပညာမှ ရေယုန်ရောဂါ**

အိန္ဒိယနိုင်ငံတွင် ရှေးနှစ်ပေါင်း တစ်ထောင်ကျော်က ပေါ်ပေါက်ခဲ့သော အာယုဗေဒ ဆေးပညာကျမ်းများကို လေ့လာကြည့်သောအခါ ရှေးကပင် ရေယုန်ရောဂါနှင့် ကုထုံးများ ရေးသားမှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

မြန်မာပညာရှင်များသည် အာယုဗေဒ ဆေးပညာကျမ်းများကို ဘိုးတော်ဘုရားလက်ထက်နှင့် မင်းတုန်းမင်းကြီး လက်ထက်တို့တွင် သက္ကတစာပေမှ မြန်မာစာပေသို့ ပြန်ဆိုခဲ့ကြသည်။ တချို့တဝက်ကို ဘာသာပြန်နိုင်ခဲ့သော်လည်း အများအသုံးပြုနိုင်လောက်အောင် မပြည့်စုံခဲ့ပေ။ ၁၉၆၀ ခုနှစ် ဝန်းကျင်တွင် ရန်ကုန်မြို့တွင် အာယုဗေဒဆေးသိပ္ပံဆရာတော် ခေါ် သိမ်ဖြူဆရာတော်နှင့် ဆရာကြီးဦးတင်ဦး (သီရိပရဝဓမ္မာစရိယ)တို့က ဆက်၍ ဘာသာပြန်ဆိုခဲ့သည်။

အာယုဗေဒဆေးပညာ၏ မူလအခြေခံကျမ်းဖြစ်သော 'အမြိတ္တသာဂရ' ဆေးကျမ်း (၁၉၆၂ ဆရာကြီး ဦးတင်ဦး သက္ကတမှ ဘာသာပြန်)တွင် ရောဂါနှင့် ကုထုံးဆိုင်ရာကဏ္ဍ ၇၁ ခု ဖော်ပြထားရာ ရောဂါကုထုံး ၆၇ တွင် ရေယုန်နာအကြောင်း ရေးသားဖော်ပြထားသည်။

ထိုအာယုဗေဒ ကျမ်းတွင် ပိုးရောဂါအကြောင်းကို ဖော်ပြထားပြီး ပိုးမျိုး ၂၀ ရှိသည်ကို ပြထားသည်။

၁။ အညစ်အကြေးမှ ဖြစ်သော ပိုး ၂ မျိုး
၂။ သလိပ်မှဖြစ်သော ပိုး ၇ မျိုး
၃။ သွေးမှဖြစ်သော ပိုး ၆ မျိုး
၄။ ကျင်ကြီးမှ ဖြစ်သော ပိုး ၅ မျိုး

ထိုအထဲတွင် သွေးမှဖြစ်သော ပိုး ၆ မျိုး

၁။ သောရ မည်သောပိုး (အရေပြားပိုး)
၂။ မာတု မည်သောပိုး (ပိုးမကြီး)
၃။ ကေသာဒ မည်သောပိုး (ဆံစားပိုး)
၄။ ရောမဒ္ဒိပ မည်သောပိုး (မွေးကွက်ပိုး)
၅။ ဥ ဗမ္ဗရ မည်သောပိုး (ပိုးသဖန်း)
၆။ ရောမဝိဒ္ဓံသ မည်သောပိုး (မွေးကျွတ်ပိုး)

အထက်ပါ ပိုးအမျိုးမျိုးတို့တွင် ရေယုန်သည် (အရေပြားပိုး) တွင် ပါဝင်မည်ဟု ယူဆရသည်။ ထိုပိုးကြောင့် ခန္ဓာကိုယ်၌ အဖျားရောဂါ ဖြစ်တတ်၏။ ခန္ဓာကိုယ် အရောင်အသွေးသည် အမျိုးမျိုးဖြစ်၏။ ဝမ်းဗိုက်၌ ထိုးကျင်၏။ နှလုံး၌ နာကျင်၏။ ပျို့အန်၏။ မူးဝေ၏။ အစားအစာ မစားချင်သော ဝမ်းသက်ရောဂါ ဖြစ်၏။ စသည်ဖြင့် နောက်ဆက်တွဲ ရောဂါများကိုပါ ဖော်ပြထားသည်ကို တွေ့ရသည်။ (ရှေးက ဆေးဆရာများသည် ပိုးအကြောင်းကို မသိဆိုသည်မှာ မမှန်ကန်ပေ)

**ကျမ်းတွင် ဖော်ပြထားသည်မှာ**

ဝိသပ္ပ- ရေယုန်နာ။ ။ဆားကို အစားများခြင်းကြောင့်လည်းကောင်း၊ အချဉ်ကို အစားများခြင်းကြောင့်လည်းကောင်း၊ ပူသော အစာအာဟာရကို အစားများခြင်းကြောင့်လည်းကောင်း၊ ဝိသပ္ပရောဂါခေါ် ရေယုန်နာ ဖြစ်ပွား၏။ မသင့်တင့်သော အစာတို့ကို စားခြင်းကြောင့် လေသည် ဖောက်ပြန်၍ ခန္ဓာကိုယ်၏ များစွာသောနေရာတို့၌ အလုံးများ ပေါက်၏။ ထို့နောက် အနာလုံးတို့သည် ပွားများပျံ့နှံ့လာ၏။ ထိုအနာတို့သည် နာကျင်ကိုက်ခဲ၏။ အလွန်ယား၏။

ဒသင်္ဂလိမ်းဆေး။ ။သနပ်ခါး၊ ကုက္ကိုမြစ်၊ နွယ်ချိုနံ့သာနီ၊ ဖာလာစေ့၊ လင်းနေကြီး၊ နနွင်း ၂-မျိုး (နနွင်းဝါ၊ နနွင်းနက်)၊ ရှဉ့်မတက်၊ ဤအလုံးစုံတို့ကို ရေနှင့်သွေး၍ ထောပတ်နှင့် လိမ်းကျံခဲ့ပေးခဲ့သော် အလုံးစုံသော ဝိသပ္ပအနာတို့ ပျောက်ကင်း၏။

တစ်နည်း။ ။ရှမ်းဆေးခါး၊ မုရားကြီးရွက်၊ ကုလား ဆောင်းမေးခါး၊ သဘော်ဗုံလုံရွက်၊ တြိဖိုလ်၊ နံ့သာနီ၊ တမာခေါက် ဤအလုံးစုံသောဆေးတို့ကို ပြုတ်၍ သောက်ခဲ့သော် ဝိသပ္ပအနာ၊ ပူလောင်သောရောဂါ၊ ဖျားသောရောဂါ၊ ဖောရောင်သောအနာ၊ ယားသောအနာ၊ ပျို့အန်ခြင်းတို့သည် ပျောက်ကင်း၏။ ထိုမှတစ်ပါး ကုက္ကိုခေါက်ကို ထောပတ်နှင့် ရော၍ လိမ်းကျံခဲ့သော် ဝိသပ္ပအနာ ပျောက်ကင်း၏။

(ဤသည်မှာ ရှေးဟောင်း အာယုဗေဒ ဆေးကျမ်းပါ ရေယုန်ကုထုံး အကြောင်းပင်ဖြစ်သည်)

ရေယုန်သည် အပူနာပင်ဖြစ်သည်။ ကိုယ်အပူချိန်ငွေ့ငွေ့နှင့် ဖျားလာတတ်သည်။ သို့သော် ရေယုန်ပိုးသည် အဖျားပိုးတော့ မဟုတ်ပေ။ အရေပြားနှင့် အာရုံကြောများကို ရောင်စေသော ပိုးသာဖြစ်သည်။

ရေယုန်ဖြစ်လျှင် ရေမချိုးရ၊ ရေထိလျှင် ပွားတတ်သည်ဟု ဆိုကြသည်။ အမှန်က ရေမချိုးလျှင် ကိုယ်အပူချိန် ပိုတက်လာပြီး ဖျားနိုင်သည်။ ရေချိုးပေးပြီး အနာပေါ်တွင် ရေမတင်အောင် ဝါဂွမ်းဖြင့် သုတ်ပေးခြင်းသာ အကောင်းဆုံး ဖြစ်သည်။ ရေခြောက်ပြီးနောက် အနာသန့်စင်သည့်ဆေးရည်များ သုတ်လိမ်းပေးပါ။

**ရေယုန်အတွက် မြန်မာ့ရိုးရာ ဆေးနည်းတိုများ**

- ကင်းမုံရွက်ကို သန့်စင်အောင် ရေဆေးပြီး သတ္တုရည် ညှစ်ယူ၍ အနာပေါ်တွင် မကြာခဏ သုတ်လိမ်းပေးပါ။ အရည်ဆွတ်ပေးပါက ရေယုန်နာခြောက်ပြီး မပြန့်ပွားနိုင်။
- ကျွန်းသားမီးသွေးကို အမှုန့်ထောင်းခြေ၊ အုန်းဆီဖြင့် ဖျော်ပြီး ရေယုန်အနာတွင် သုတ်လိမ်းပေးပါ။
- လေးညှင်းပွင့်ကို အမှုန့်ထောင်းပြီး အနာပေါ်တွင် ဖြူးပေးပါ၊ သို့မဟုတ် သွေးလိမ်းပါ။
- ပိစပ်ရွက်၊ ကုက္ကိုရွက်များ ပြုတ်၍ ရေယုန်အနာကို ဖန်ဆေးပေးနိုင်သည်။
- နှုတ်ခမ်းထောင့်တွင်ပေါက်သော ရေယုန်နာကို ထမင်းအိုးတည်ပြီး ပွက်သောအခါ ရသည့်အမြှုပ်ဖြင့် ခံနိုင်သမျှအပူခံပြီး တို့ပေးလျှင် ပျောက်ကင်းနိုင်သည်။
- ကြောင်ပန်းရွက် အရည်ညှစ်လိမ်းပါ။ သောက်လည်း သောက်ပါ။
- ကွမ်းရွက်ကိုချေပြီး အဖတ်လေးများဖြစ်အောင် ပြုလုပ်၍ ကပ်ပေးပါ။
- ကုက္ကိုခေါက်အမှုန့်ကို ထောပတ်နှင့် ဖျော်၍လိမ်းပါ။
- ငုပင်မှရသော ငုရွက်သတ္တုရည်ကို လိမ်းကျံပေးပါ။
- ပူစီနံရွက်(ပူဒီနာ)ကို အရည်ညှစ်ပြီး သုတ်လိမ်းပေးပါ။ ပူဒီနာရွက်ကိုစားပေးလျှင် ရေယုန်နာကိုက်ခဲခြင်း သက်သာပြီး အရောင်ကျစေသည်။
- သံပရာရည်နှင့် ပျားရည်ရောစပ်၍ သုတ်လိမ်းပေးလျှင် ရေယုန်နာ ပြန့်ပွားခြင်းကို တားဆီးနိုင်သည်။
- ရေသဖန်းပင်ကို ဓားဖြင့်ထစ်ပါက အစေးအဖြူများ ထွက်လာမည်။ ထိုအစေးဖြင့် သုတ်လိမ်းပေးပါ။
- ခွေးတောက်ရွက်ကို မီးကင်ပြီး အရည်ညှစ်၍ သုတ်လိမ်းပေးပါ။
- ရေသဖန်းရွက်ကို ပြာချ အုန်းဆီဖြင့် လိမ်းပါ။
- ညောင်ဗောဓိအမြစ်ခေါက်ကို ရေဖြင့် ထက်ဝက်ခန်းအောင် ကျို၍သောက်လျှင် ရေယုန်ကြီးနာ ပျောက်၏။

**မှီငြမ်း (ရှေးဟောင်းပေစာနှင့် ဆေးကျမ်းများမှ)**



## မြဝတီမြို့နယ်၌ ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြဝတီ နိုဝင်ဘာ ၁၉**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း ကလေးစာပေပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၇ ရက်က မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက ထူးချွန်ထက်မြက်သောလူငယ်များ ပေါ်ပေါက်လာရေး၊ ကိုယ်ပိုင်ဖန်တီးမှု စွမ်းရည်နှင့် ပြောဆိုဆက်ဆံမှုစွမ်းရည် ပိုမိုမြင့်မားလာစေရေး၊ စာပေနှင့် ပိုမိုရင်းနှီး ကျွမ်းဝင်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရေးစသည့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်ကို စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က ကလေးစာပေပွဲတော် ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မည့်အခြေအနေများ၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်စောလင်းက ကလေးစာပေပွဲတော် ကျင်းပပုံများနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိန်းသန်းဌေးက ကလေးစာပေပွဲတော်တွင် ထည့်သွင်းကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြဝတီခရိုင်စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ အသင်းအဖွဲ့များက ဝိုင်းဝန်းအကြံပြုဆွေးနွေးပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

မြဝတီမြို့နယ်အနေဖြင့် ကလေးစာပေပွဲတော်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၇ ရက်အထိ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကလေးများအတွက် ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်၊ စကားပုံဆက်နှင့် အခြားပျော်ရွှင်ဖွယ်ရာကစားနည်းများ ပါဝင်မည်ဖြစ်သလို စာပေဟောပြောပွဲ အစီအစဉ်ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## သံတွဲမြို့မ နာရေးကူညီမှုအဖွဲ့သို့ ထာဝရငွေပဒေသာပင်နှင့် ပစ္စည်းများလှူဒါန်း

**သံတွဲ နိုဝင်ဘာ ၁၉**

ရခိုင်ပြည်နယ် သံတွဲမြို့ မြို့မနာရေးကူညီမှုအဖွဲ့သို့ လှူဒါန်းထားသည့် နာရေးသုံး အအေးခန်းအခေါင်းငါးလုံး၊ မီးစက်နှစ်လုံးနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာလ ဒုတိယပတ်က သံတွဲမြို့မ သုသာန်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတွဲမြို့တရော်တောတိုက်ကျောင်း ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ အလှူရှင်များက မြို့မနာရေးကူညီမှုအဖွဲ့အတွက် ထာဝရငွေပဒေသာပင်များ စိုက်ထူလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ကျွန်တော်နဲ့ ပြည့်ဝမ်းဗိုက်



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

တစ်လောက စက်မှုကုန်သည်ကြီးများအသင်းက ကြီးမှူးကျင်းပတဲ့ ကထိန်သင်္ကန်းကပ်လှူပွဲကို တက်ရောက်ခဲ့တယ်။ ကြွရောက်လာခဲ့တဲ့ ဆရာတော်တွေကို ဆွမ်းကပ်ခွင့်ရခဲ့တယ်။ လှူဖွယ်ပစ္စည်းတွေ၊ ကထိန်သင်္ကန်းတွေ ကပ်လှူခွင့်ရခဲ့တယ်။ ပထမပါမောက္ခဆရာတော်ကြီးက ကထိန်သင်္ကန်း ကပ်လှူပွဲနဲ့ ပတ်သက်ပြီး တရားပေးခဲ့တယ်။ ဆရာတော်ကြီးက သူဌေးသူကြွယ်တွေဟာ တိုင်းပြည်ရဲ့ဝမ်းဗိုက်တွေဖြစ်ကြောင်းသတိပေးခဲ့တယ်။ ပြည့်ဝမ်းဗိုက်ဆိုတဲ့ ဝေါဟာရကို ပုဂံခေတ်က မိဖုရားဖွားစောက စတင်သုံးနှုန်းခဲ့ကြောင်း အမိန့်ရှိခဲ့တယ်။ နိုင်ငံအုပ်ချုပ်သူတွေဟာ ပြည့်ဝမ်းဗိုက်တွေကို ကာကွယ်စောင့်ရှောက်ဖို့လိုကြောင်း သတိပေးခဲ့တယ်။ ဒီအသုံးအနှုန်းဟာ ကျွန်တော့်အဖို့ ပထမဆုံးအကြိမ် ကြားဖူးခဲ့တာဖြစ်ပြီး ဆရာတော်ကြီးကို ကျေးဇူးတင်မိပါတယ်။

အမှန်တော့ ကျွန်တော်တို့နိုင်ငံမှာ သူဌေးသူကြွယ်တွေ၊ ကုန်သည်လုပ်ငန်းရှင်တွေနဲ့ ပတ်သက်ပြီး အယူအဆအမြင်တွေဟာ ခေတ်အဆက်ဆက်မှာ ပြောင်းလဲခဲ့တာ တွေ့ရပါတယ်။ အမှန်တော့ ဒီလိုဖြစ်တာဟာ နိုင်ငံရေးဘောဂဗေဒကြောင့်ဖြစ်တယ်။ လွတ်လပ်ရေး မရခင်ကာလ၊ ကိုလိုနီခေတ်မှာ နိုင်ငံရဲ့စီးပွားရေးဟာ နိုင်ငံခြားသားတွေလက်ထဲမှာ ရှိခဲ့တယ်။ အနောက်နိုင်ငံတွေဖြစ်တဲ့ အင်္ဂလိပ်နဲ့ ဂျာမနီနိုင်ငံတွေဟာ ပထမကမ္ဘာစစ်မတိုင်မီ လက်ဝါးကြီးအုပ်နိုင်ခဲ့တယ်။ နောက်ပိုင်းမှာတော့ အင်္ဂလိပ်ကုမ္ပဏီတွေဟာ စီးပွားရေးလောကကို လွှမ်းမိုးခဲ့တယ်။ တစ်ဖက်က တရုတ်နိုင်ငံသားတွေနဲ့ အိန္ဒိယနိုင်ငံသားတွေဟာလည်း စီးပွားရေးဘဝမှာ နေရာယူခဲ့ကြတယ်။ မြန်မာနိုင်ငံသားတွေက နေရာမရခဲ့တာ တွေ့ရတယ်။ ဒါကြောင့်လည်း နိုင်ငံရေးလှုပ်ရှားသူတွေဟာ သူဌေးသူကြွယ်တွေ၊ ကုန်သည်ပွဲစားတွေအပေါ် အမြင်စောင်းခဲ့တယ်။ အရင်းရှင်စနစ်ကို မုန်းတီးခဲ့တယ်။ ဒါကြောင့်လည်း လွတ်လပ်ရေး ရပြီးချိန်မှာ အရေးကြီးတဲ့ နိုင်ငံ့စီးပွားရေး လှုပ်ရှားမှုတွေမှာ နိုင်ငံတော်က ပါဝင်ပတ်သက်ခဲ့တယ်။ တော်လှန်ရေးကောင်စီတက်ပြီးချိန်မှာတော့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တာမို့ ပုဂ္ဂလိကကဏ္ဍတစ်ခုလုံးကို ဖျက်ဆီးခဲ့တယ်။ ပြည်သူပိုင်သိမ်းပိုက်တဲ့ အစီအစဉ်နဲ့ နိုင်ငံခြားသားတွေပိုင်ဆိုင်တဲ့ ကုမ္ပဏီတွေ၊ နိုင်ငံခြားသားတွေပိုင်ဆိုင်တဲ့ လုပ်ငန်းကြီးငယ်ကို ပြည်သူပိုင်သိမ်းခဲ့တယ်။ ဒါကြောင့်လည်း ပုဂ္ဂလိကကဏ္ဍတစ်ခုလုံး ဆိတ်သုဉ်းခဲ့တယ်။ တစ်ဖက်က မှောင်ခိုလုပ်ငန်းတွေကြီးထွားလာခဲ့ပြန်တယ်။ စီးပွားရေးလုပ်သူတွေဟာ ဥပဒေပြင်ပက လှုပ်ရှားလာခဲ့ပြန်တယ်။ ပုဂ္ဂလိကကဏ္ဍဆိတ်သုဉ်းမှုနဲ့အတူ နိုင်ငံရဲ့စီးပွားရေးဟာလည်း ကျဆင်းလာခဲ့ပြီး ၁၉၈၇ ခုနှစ်မှာ မြန်မာပြည်ဟာ အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့တယ်။

တပ်မတော်အစိုးရလက်ထက်မှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့တယ်။ နိုင်ငံတကာစီးပွားရေး၊ နိုင်ငံရေးပိတ်ဆို့မှုတွေ ခံခဲ့ရတယ်။ တစ်ဖက်ကလည်း နိုင်ငံရဲ့စီးပွားရေးကို မိမိနဲ့ပတ်သက်တဲ့၊ ရင်းနှီးတဲ့ ခရိုနီလို့ ခေါ်ဝေါ်သတ်မှတ်တဲ့ သူတွေလက်ထဲ ထိုးအပ်ခဲ့တယ်။ ဒီလိုဖြစ်တာဟာလည်း ခေတ်တစ်ခေတ်မှာ ဖြစ်ပေါ်လာတဲ့အခြေအနေကို တုံ့ပြန်မှုပဲဖြစ်တယ်။ ၂၀၁၀ ပြည့်နှစ်က ရွေးကောက်ပွဲပြီးချိန်မှာ သူဌေး သူကြွယ်တွေနဲ့ ပတ်သက်ပြီး အယူအဆတွေပြောင်းဖို့ ကြိုးစားပေမယ့် ထူးခြားမှု မရှိလှတာ တွေ့ရတယ်။

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအပြီး အနိုင်ရရှိတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရဟာ ပြည့်ဝမ်းဗိုက်နဲ့ပတ်သက်ပြီး ထူးခြားတဲ့ အခွင့်အရေးရခဲ့တယ်။ ဒီအခွင့်အရေးကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ရဲရဲဝံ့ဝံ့ခံယူခဲ့တယ်။ လွန်ခဲ့တဲ့တစ်လက နေပြည်တော်မှာ ပြည့်ဝမ်းဗိုက်အချို့ကို ဖိတ်ခေါ်ပြီးတိုင်းပြည်မှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုမှာ ပုဂ္ဂလိကကဏ္ဍကိုပါဝင်ပတ်သက်ဖို့ ကမ်းလှမ်းဖိတ်ခေါ်ခဲ့တယ်။ အခုလို ဆောင်ရွက်တာကို ကျွန်တော့်အနေနဲ့ကြိုဆိုမိတယ်။ သူဖိတ်ကြားခဲ့တဲ့သူတွေဟာ အမှန်တော့ နိုင်ငံအတွက် စေတနာထက်သန်တဲ့ သူတွေဖြစ်တယ်။ လုပ်ပေးချင်တဲ့စိတ်ဆန္ဒတွေရှိတယ်။ ဒါကြောင့်လည်း နိုဝင်ဘာ ၂၀ ရက်မှာ အလှူငွေကျပ် ၁၇ ဒသမ ၉ ဘီလီယံကိုရယူနိုင်ခဲ့တယ်။ အခုလို လှူတန်းတဲ့သူတွေ အားလုံးဟာ အခုချိန်မှာ စီးပွားရေးမှာ စိန်ခေါ်မှုတွေ ရင်ဆိုင်နေပေမယ့် အရေးကြုံကြိုက်ရင် ဝင်ကူမယ်ဆိုတဲ့ စိတ်ကူးဟာ လေးစားထိုက်တဲ့အရာတစ်ခု ဖြစ်တယ်။

ထူးခြားချက်တစ်ခုက အခုခေတ်မှာ 'ရော့ပတ္တမြား ရော့နဂါး' ဆိုတဲ့ အယူအဆဟာ အကျုံးမဝင်တော့ပါဘူး။ အခုလို ပါဝင်တဲ့အတွက် အခြားတစ်ဖက်က အခွင့်ရေးရမယ်၊ ဂွင်ရိုက်လို့လည်း မဖြစ်နိုင်ပါဘူး။ ဒီကိစ္စကို ပြတ်ပြတ်သားသားပြောခဲ့တာဖြစ်တယ်။ ဒါကြောင့်လည်း လှူတဲ့သူတွေဟာ ဘာကိုမှ မျှော်လင့်မှုမရှိဘဲ စေတနာသက်သက်နဲ့ ပါဝင်ကြတာဖြစ်တယ်။

အခုအချိန် ရခိုင်ပြည်မှာ ရင်ဆိုင်နေရတဲ့ အခြေအနေတွေဟာ နိုင်ငံရဲ့အရေးဖြစ်တယ်။ နိုင်ငံသားတိုင်းနဲ့ ဆိုင်တယ်၊ ပတ်သက်တယ်။ နိုင်ငံတကာက ဖိအားတွေပုံစံအမျိုးမျိုးနဲ့ ပေးနေတာဖြစ်တယ်။ လူ့အခွင့်အရေးကို ရှေ့တန်းတင်ပြီး မတရားစွပ်စွဲချက်တွေ လုပ်နေကြတယ်။ မီဒီယာရဲ့အင်အားကို တွင်တွင်သုံးပြီး နိုင်ငံကို အပုပ်ချနေတယ်။ တိုင်းပြည်ရဲ့ ခေါင်းဆောင်တွေကို ဝေဖန်စွပ်စွဲနေကြတယ်။ ရခိုင်အရေးဟာ အမျိုးသားလုံခြုံရေးကိစ္စတစ်ရပ်ဖြစ်တယ်။ နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးစော်ကားမှုဖြစ်တယ်။ ဒီလိုဖြစ်နေရက်နဲ့ ဘာသာရေး၊ လူမျိုးရေးပြဿနာတစ်ခု ဖြစ်လာအောင် လုပ်ဇာတ်တွေခင်းပြီး အစိုးရနဲ့ နိုင်ငံကာကွယ်ရေး ဝန်ထမ်းတွေကို ပြစ်တင်ဝေဖန်နေကြတယ်။ သူတို့နိုင်ငံမှာ လက်မခံနိုင်တဲ့ ကိစ္စတွေကို မြန်မာနိုင်ငံမှာ ကျင့်သုံးရမယ်ဆိုတဲ့ မှားယွင်းတဲ့ စံနှုန်းတွေ အသုံးချခဲ့ကြတယ်။

ဒီစွပ်စွဲမှုတွေကို စကားစစ်ထိုးပြီး တုံ့ပြန်မလား။ အလုပ်နဲ့သက်သေပြဖို့စတင်ဆောင်ရွက်နေတယ်။ ပြည်တွင်းအင်အားတွေကို အသုံးချပြီး တုံ့ပြန်နိုင်အောင် ကြိုးစားနေတယ်။ အစိုးရကဦးစီးဦးဆောင်ပြီး ပုဂ္ဂလိက ကဏ္ဍကတက်ကြွစွာ ပါဝင်ဖို့ အစီစဉ်တွေ ချမှတ်နေတာဖြစ်တယ်။ ဒီစိန်ခေါ်မှုတွေကို ပြည့်ဝမ်းဗိုက်တွေက ဝမ်းပန်းတသာကြိုဆိုခဲ့ကြတယ်။ သူဌေးသူကြွယ်၊ ကုန်သည်ပွဲစားတွေက တစ်တပ်တစ်အား ပါဝင်လှုပ်ရှားနေတယ်။ မိမိကျွမ်းကျင်လိမ္မာတဲ့ ကဏ္ဍအသီးသီးတွေမှာ ပါဝင်လျက်ရှိတယ်။ အခုလို ဆောင်ရွက်ရာမှာ လူသားချင်းစာနာထောက်ထားမှုအကူညီတွေ ပြန်လည်နေရာချထားရေးအစီစဉ်တွေနဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေကို ဖော်ထုတ်ဖို့ စတင်နေကြတယ်။ ဆောက်လုပ်ရေး အခြေခံအဆောက်အအုံတွေကို စတင်လျက်ရှိခဲ့တယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သားငါးလုပ်ငန်းတွေ ဖော်ထုတ်လျက်ရှိပါတယ်။ စီးပွားရေးဇုန်တွေ ဖော်ထုတ်ပြီး အလုပ်အကိုင်အခွင့်ရေးတွေ ဖန်တီးဖို့ကြိုးစားနေကြတယ်။ အသေးစားချေးငွေတွေ ထုတ်ပေးပြီးအသေးစား၊ အလတ်စား လုပ်ငန်းတွေကိုစနေကြတယ်။ ကျန်းမာရေး၊ ပညာရေးလုပ်ငန်း တွေကိုလည်း ဆောင်ရွက်လျက်ရှိတယ်။

အခုလိုဆောင်ရွက်မယ့်နေရာဟာ ရန်ကုန်ကလုပ်ငန်းရှင်တွေသာမက ရခိုင်ပြည်နယ်က လုပ်ငန်းရှင်တွေနဲ့လည်း လက်တွဲပြီး ဆောင်ရွက်လျက်ရှိတယ်။ ပြည်နယ်အစိုးရအနေနဲ့လည်း လိုအပ်တဲ့အထောက်အပံ့တွေ ပေးနေလျက်ရှိတယ်။

အမှန်တော့ ရခိုင်ပြည်နယ်ဟာ စီးပွားရေးအရအသွားအလာကောင်းတဲ့ ဒေသဖြစ်တယ်။ တစ်ချိန်တုန်းကလည်း စီးပွားရေးဖွံ့ဖြိုးမှုအဆင့်မြင့်မားတဲ့ ဒေသဖြစ်တယ်။ မဟာဗျူဟာကျလှတဲ့ တည်နေရာ၊ ကြွယ်ဝပေါများလှတဲ့ သယံဇာတ၊ တန်ဖိုးကြီးမားလှတဲ့ ယဉ်ကျေးမှုဒီအခြေခံတွေကို အခြေခံပြီး အောင်မြင်တိုးတက်အောင် လုပ်နိုင်မှာ ဖြစ်တယ်။

အခုလို ဆောင်ရွက်တဲ့နေရာမှာ ပွင့်လင်းမြင်သာမှုရှိဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ကြားခဲ့တယ်။ ဒါကြောင့်လည်း သုံးစွဲမှုတွေကို အစစ်ဆေးခံနိုင်အောင် ဆောင်ရွက်ရမှာ ဖြစ်တယ်။ ဒီလိုဆောင်ရွက်ရာမှာ လူမျိုးဘာသာမခွဲခြားဘဲ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ရမှာဖြစ်တယ်။

ကျွန်တော့်ယုံကြည်မှုက စိန်ခေါ်မှုတိုင်းမှာ အခွင့်အရေးတွေရှိတယ်လို့ ယုံကြည်တယ်။ အခုလို ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေဟာ ကာလတိုသာဖြစ်တယ်။ ဒီပြဿနာကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီး ဖြေရှင်းရမှာဖြစ်တယ်။ ဖြေရှင်းရာမှာလည်း နိုင်ငံတော်က ဦးစီးပြီး ပြည့်ဝမ်းဗိုက်တွေက တက်တက်ကြွကြွ ပါဝင်ကြရမှာဖြစ်တယ်။ ကျွန်တော်က လုပ်ငန်းရှင်တွေကို ယုံကြည်တယ်။ သူတို့အနေနဲ့ တိုင်းပြည်အတွက် အလုပ်ကျွေးပြုချင်တဲ့ စိတ်ထား အပြည့်ရှိတယ်။ သူတို့နဲ့ ပူးပေါင်းပြီး ပတ်သက်နေရတာကို ဂုဏ်ယူမိပါတယ်။ ဒီပုံစံကို ရခိုင်ပြည်နယ်တစ်ခုတည်းသာမက နိုင်ငံတစ်ဝန်းလုံးဆောင်ရွက်သွားနိုင်အောင် ကြိုးစားရမှာသာဖြစ်တယ်။ ။

> "၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီး အနိုင်ရရှိတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရဟာ ပြည့်ဝမ်းဗိုက်နဲ့ ပတ်သက်ပြီးထူးခြားတဲ့ အခွင့်အရေးရခဲ့တယ်။ ဒီအခွင့်အရေးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရဲရဲဝံ့ဝံ့ ခံယူခဲ့တယ်။ လွန်ခဲ့တဲ့ တစ်လက နေပြည်တော်မှာ ပြည့်ဝမ်းဗိုက်အချို့ကို ဖိတ်ခေါ်ပြီး တိုင်းပြည်မှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုမှာ ပုဂ္ဂလိက ကဏ္ဍကို ပါဝင်ပတ်သက်ဖို့ ကမ်းလှမ်းဖိတ်ခေါ်ခဲ့"

## ကောလင်းမြို့၌ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်နှင့် လွတ်လပ်ရေးကျောက်တိုင်ဖွင့်ပွဲ ကျင်းပ

**ကောလင်း နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့ ရွှေမင်းဝံပန်းခြံ၌ နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်နှင့် လွတ်လပ်ရေးကျောက်တိုင်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမှုံနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်နှင့် လွတ်လပ်ရေးကျောက်တိုင်တို့အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်နှင့် လွတ်လပ်ရေးကျောက်တိုင် မွမ်းမံတည်ဆောက်ရာတွင် လှူဒါန်းပေးခဲ့ကြသည့် အလှူရှင်များကို ဂုဏ်ပြု



မှတ်တမ်းလွှာများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့သည်။ အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ပြုလုပ်ခဲ့ပြီး နိဗ္ဗာန်ဈေးပွဲတော်ကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## စက်မှုနှင့် သက်မွေးပညာ ရွှေ့လျားသင်တန်း ဖွင့်လှစ်

**မြင်းခြံ နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာ သုံးဆူကျောင်းတိုက်အတွင်း၌ အမှတ် ၆ စက်မှုသင်တန်းကျောင်း (မြင်းခြံ)နှင့် မြင်းခြံလျှပ်စစ်မန်နေဂျာရုံးတို့ ပူးပေါင်းစီစဉ်မှုဖြင့် စက်မှုနှင့်သက်မွေးပညာ ရွှေ့လျားသင်တန်းကို နိုဝင်ဘာလ ဒုတိယပတ်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အမှတ် ၆ စက်မှုသင်တန်းကျောင်း ( မြင်းခြံ ) ကျောင်းအုပ်ကြီး ဦးဟန်ညိမ်းဆွေက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြင်းခြံခရိုင် လျှပ်စစ်မန်နေဂျာ ဦးမြသောင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်အေးတို့ကသင်တန်းသားများအနေဖြင့် သင်တန်းတွင်သင်ကြားသည့် အခြေခံလျှပ်စစ်ပညာရပ်များကို ကြိုးကြိုးစားစားသင်ယူပြီး လက်တွေ့အသုံးချလုပ်ကိုင်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

အဆိုပါ စက်မှုနှင့် သက်မွေးပညာ ရွှေ့လျားသင်တန်းကို စက်မှုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် အမှတ် ၆ စက်မှုသင်တန်းကျောင်း (မြင်းခြံ)နှင့် မြင်းခြံလျှပ်စစ်မန်နေဂျာရုံးတို့ ပူးပေါင်းစီစဉ်၍ ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းသို့ ကျေးရွာများမှ သင်တန်းသား ၄၀ တက်ရောက်ကြပြီး သင်တန်း တွင် အခြေခံလျှပ်စစ်ပညာနှင့် အခြေခံဂဟေဆက်ပညာများကို သင်တန်းကာလ ၁၄ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းပြီးဆုံးပါက သင်တန်းဆင်း (ကျွမ်းကျင်မှု) လက်မှတ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ရေရှားပါးသည့်ဒေသများတွင် စက်ရေတွင်း တူးဖော်မှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**အုတ်တွင်း နိုဝင်ဘာ ၁၉** - တောင်ငူခရိုင် အုတ်တွင်းမြို့နယ်အတွင်းမှ နွေရာသီကာလရောက်လျှင် သောက်သုံးရေရှားပါးလေ့ရှိသော ကျေးရွာများ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ ရေတွင်းတူးဖော်နေမှုများအနက် အုတ်ဖိုကျေးရွာအုပ်စု တလုပ်ကုန်းကျေးရွာ၌ ရန်ပုံငွေကျပ် ၁၀ ဒသမ ၅ သန်းဖြင့် စက်ရေတွင်း(တွင်းနက်)နှင့် ရေစက်ရုံ၊ ရေကန်များ တည်ဆောက်နေမှုလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာကော်မတီဝင်များက နိုဝင်ဘာ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါ စက်ရေတွင်း တူးဖော်မှုလုပ်ငန်းများ ပြီးစီးသွားပါက သောက်သုံးရေရှားပါးလျက်ရှိသော တလုပ်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၉၉ စုမှ လူဦးရေ ၅၀၀ နီးပါးအတွက် ရေရရှိအဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

မိတ်ဆက်ခြင်း

MYANMAR Digital News

Presented by NPE



နောက်ဆုံးရသတင်းများကို ကလစ်တစ်ချက်တည်းဖြင့်ရယူလိုက်ပါ

မြန်မာ့အလင်း ကြေးမုံ GLOBAL NEW LIGHT OF MYANMAR

အက်ပ် (အပလီကေးရှင်း) ကို ယနေ့ ပဲ ကူးယူလိုက်ပါ

GET IT ON Google play

Available on the App Store

သို့မဟုတ် နောက်ဆုံးရသတင်းများနှင့် ကြားဖြတ်သတင်းများကို

www.mdn.gov.mm

တွင်ကြည့်ရှုနိုင်ပါသည်

ကုန်သတ်ထားသော အချိန်အတွင်း အခမဲ့ရယူပါ


The Republic of the Union of Myanmar

Modernization of Public Finance Management

Supply of Computer

Ref No: MPFMp-B2-GS 311

Date: November 20, 2017

1. This Invitation for Bids is for the supply of Computer for the Planning Department.
2. The Government of the Republic of the Union of Myanmar has received financing from the World Bank and a Grant from UK and Australian governments towards the cost of Modernization of Public Finance Management Project (MPFMp) and it intends to apply part of the proceeds to payments under the agreement(s) resulting from this Invitation for Quotation: Supply of Computers, Ref No: MPFMp-B2-GS311
3. The Ministry of Planning and Finance of the Republic of the Union of Myanmar serves as the implementing agency for the project now invites sealed bids from eligible Bidders for the Supply as indicated above.
4. Bidders are required to meet the following **minimum key qualification criteria and shall furnish documentary evidence that it meets the following requirement(s):**
   a) **Have completed within the last 3 years at least one contract of a similar nature of at least 50% of the value of the bid or have sold similar goods of at least twice the volume /quantity required**
   b) **Have authorization or dealership from the manufacturer to sell the goods**
   c) **Have shops or offices in Myanmar to provide after sales services**
   d) **Demonstrate that they are paying taxes to the Government.**
   e) **Not be under any notice of suspension or debarment issued by the Government, or the World Bank**
5. Bids must be delivered to the address given below at or before **2 p.m. of 20 December 2017**.Late bids will be rejected. Bids will be opened in public immediately thereafter at the address given below in the presence of the Bidders' representatives and the project's beneficiaries who choose to attend shall be allowed to be present in person.
6. The Purchaser shall award the Contract to the Bidder whose offer has been determined to be the lowest evaluated bid and is substantially responsive to the Bidding Documents, provided further that the Bidder is determined to be qualified to perform the Contract satisfactorily.
7. **All bids must be accompanied by a bid securing declaration as described in the bidding documents**, any bid not accompanied by one will be rejected as non-compliant.
8. The address where the document may be inspected and obtained is:

**Modernization of Public Finance Management Project**
**Ministry of Planning and Finance**
**Project Office, Building No 26, Nay Pyi Taw**
**Email:** mmt.budget@gmail.com, zawnaing652011@gmail.com, sukumarshep@gmail.com, susuhtunthein@gmail.com, majthanhtunaung@gmail.com, dawtintinmyint.2009@gmail.com
**Telephone: 067-410575,067-407003,067-407099, 067-407093, 067-407480, Fax: 067-410575**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
# ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
# (၂၆) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး
# ဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏
(၂၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို
အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍
ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

- နေ့ရက် - ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)
- အချိန် - ၁၃း၀၀ နာရီ (၁၂း၃၀ နာရီတွင် ကြိုတင်နေရာယူပေးပါရန်)
- နေရာ - အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်ဖုန်း - ၀၁- ၂၃၁၄၃၄၄~၄၉
လိုင်းခွဲ - ၁၃၁၊ ၄၁၂၊ ၁၄၀၊ ၁၁၈၊ ၄၁၀

အလုပ်အမှုဆောင်အဖွဲ့
ကုန်သည်စက်မှုအသင်းချုပ်

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၁၁၈၈၁ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီသန်း ၆/ထဝန(နိုင်)၀၀၁၀၃၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3H/9645 Nissan Wingroad Y 12, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီလှိုင် ၁၂/တတန(နိုင်)၀၇၉၃၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## အလိုတော်ပြည့်ဘုရားပွဲ ဖိတ်ကြားလွှာ

ညောင်ဦးခရိုင်၊ ပုဂံ-ညောင်ဦးမြို့နယ် နှစ်စဉ်ကျင်းပမြဲဖြစ်သော အလိုတော်ပြည့်ဘုရားပွဲတော်ကို ၁၃၇၉ခုနှစ် နတ်တော်လဆန်း ၁၄-၁၅ရက် (၂၀၁၇ခုနှစ် ဒီဇင်ဘာ ၂-၃ရက်)များတွင် အလိုတော်ပြည့်ဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များမှ ဦးစီး၍ အမြို့မြို့အနယ်နယ်မှ ဆွမ်း၊ရေချမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး(၅၀၀၀)တို့ဖြင့် ဗုဒ္ဓပူဇနိယ ထီးဖြူတော်ဖွင့်ပွဲအခမ်းအနားဖြင့် လှူဒါန်းပူဇော်ပြီး ပင့်သံဃာ(၅၂၈)ပါးတို့အား တစ်ပါးလျှင် ကျပ် ၁၀၀၀၀ဖြင့် ငွေပဒေသာပင်များ လှူဒါန်းပူဇော်မည် ဖြစ်ပါသည်။ မိမိတို့လောင်းလှူလိုသော ပစ္စည်းများကို ပင့်သံဃာ ၅၂၈ပါးအတွက် သံဃဒါန သံဃာစေ့လှူဒါန်းနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးနှိုးဆော် ဖိတ်ကြားအပ်ပါသည်။

'ပျော်ပွဲရွှင်ပွဲများအနေဖြင့် အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။'

**အလိုတော်ပြည့်ဘုရားဂေါပကအဖွဲ့၊ ပုဂံ-ညောင်ဦး**

## မြန်မာနိုင်ငံဆရာဝန်အသင်း
### ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်
**အမှတ် (၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်သည် မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၈-၂၀၂၀) ရွေးချယ်တင်မြှောက်ပွဲကိုပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတမှုရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါရွေးတင်မြှောက်ပွဲကို ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် (စနေနေ့) ၁၁း၀၀ နာရီ မှ ၁၆း၀၀ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပမည်ဖြစ်ပါသည်။

၁။ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏အရည်အချင်းသတ်မှတ်ချက်များ။**
- (က) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ရာသက်ပန်အသင်းဝင် (သို့မဟုတ်) အသင်းဝင်ကြေးအကြွေးမရှိသူဖြစ်ရမည်။
- (ခ) ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူဖြစ်ရပါမည်။
- (ဂ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
- (ဃ) ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းကမ်းများကို တိကျစွာလိုက်နာနိုင်သူဖြစ်ရပါမည်။

၂။ **မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် အရွေးချယ်ခံမည့်သူများ၏ သတ်မှတ်အရည်အချင်းများ။**
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏နိုင်ငံသားဖြစ်ရမည်။
- (ခ) ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူဖြစ်ရမည်။
- (ဂ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
- (ဃ) မြန်မာနိုင်ငံဆရာဝန်အသင်း ရာသက်ပန်အသင်းဝင် (သို့မဟုတ်) အသင်းဝင်ကြေးအကြွေးမရှိသူဖြစ်ရမည်။
- (င) သက်တမ်းရှိ (ဆမ) လက်ဝယ်ရှိသူ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီ၏ မှတ်ပုံတင်လက်ဝယ်ရှိသူဖြစ်ရမည်။
- (စ) မိမိဆန္ဒအလျောက် ဆရာဝန်အသင်း၏တာဝန်များကို ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဆ) နိုင်ငံရေးပါတီတစ်ခုခု၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင်လည်းကောင်း၊ လွှတ်တော်တစ်ရပ်ရပ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေသူလည်းကောင်း မဖြစ်စေရ။
- (ဇ) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူဖြစ်ရပါမည်။

အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရန် (၂၂-၁၁-၂၀၁၇) ရက်မှ (၁၂-၁၂-၂၀၁၇) ရက်အတွင်း ရွေးကောက်ပွဲကော်မရှင်ရုံးခန်းတွင် နေ့စဉ် နံနက် (၁၀း၀၀)နာရီမှ ညနေ (၄း၀၀) နာရီအတွင်း (ရုံးပိတ်ရက်များမှအပ) ဆန္ဒပြုလွှာပုံစံနှင့် ကိုယ်ရေးမှတ်တမ်းပုံစံကို လာရောက်ထုတ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး အထောက်အထားများနှင့်တကွ (၁၂-၁၂-၂၀၁၇) ရက်နေ့ ညနေ (၄း၀၀)နာရီနောက်ဆုံးထားလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းစာရင်းနှင့် ၎င်းတို့၏ ကိုယ်ရေးမှတ်တမ်းများကို (၁၅-၁၂-၂၀၁၇) ရက်နေ့ နံနက်ပိုင်းမှစတင်၍ ကော်မရှင်ရုံးခန်း၌ ကြေညာထားမည်ဖြစ်ပါသည်။

ရွေးချယ်တင်မြှောက်ပွဲကို Computer Software ဖြင့် လျှို့ဝှက်မဲပေးခြင်းစနစ်ကိုကျင့်သုံးမည်ဖြစ်၍ ဆောင်ရွက်ရမည့်အဆင့်များကို မြန်မာနိုင်ငံဆရာဝန်အသင်း website: www.mmacentral.org နှင့် Facebook:www.facebook.com/mmacme တွင်ကြည့်ရှုလေ့လာနိုင်ပါသည်။

ဥက္ကဋ္ဌ
ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/5804 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ရန်ကုန်ပညာရေးတက္ကသိုလ်
## (၂၇) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွာဦးလမ်းနေ(ဗိုလ်မှူးစောလွင်-ငြိမ်း-ဒေါ်တင်လေး)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးညဏ်မြင့်-ဒေါ်သန်းမြင့်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ၄၈လမ်း၊ တိုက်၇၀/၇၂၊ ငါးလွှာနေ ဒေါက်တာသက်သက်မော်၏ ခင်ပွန်း၊ မောင်ဇရာလွင်မော်(ခေတ္တ-USA)၊ မကုဋေလွင်မော်ထူး(Easia Travel)တို့၏ဖခင်၊ (ကိုအောင်မှူးလွင်)၊ ဒေါ်မြတ်သက်လွင် (ကညန-ပြည်)၊ ဒေါ်အေးအေးလွင်၊ ဦးတင်အောင်လှိုင်-ဒေါ်သန္တာလွင်(Daimaru Kogyo.,Ltd.) တို့၏အစ်ကိုသည် ၁၉-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁း၁၅နာရီတွင် အမှတ်(၂)တပ်မတော် ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၇ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ဗိုလ်တထောင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ခိုင်ဝင်း(ခ)စိုးသရီး
### မင်းတိုင်ပင်ရွာ၊ ပုလဲမြို့နယ်
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း(၃)လမ်းနေ(ရဲအုပ်ကြီး ဦးခင်မောင်-ဒေါ်ဒေါင်း) တို့၏သား၊ (ဦးချစ်လှိုင်)-ဒေါ်အုန်းကြည်တို့၏သားသမက်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ မင်းတိုင်ပင်ရွာနေ ဦးနေမင်းဆွေ(ကျန်းမာရေးမှူး-ငြိမ်း)-ဒေါ်အမာ(အထက်တန်းသူနာပြု-ငြိမ်း)၊ (ဦးခင်စန်း)-ဒေါ်ခင်မမမော် (ပြည်တက္ကသိုလ် သင်္ချာဌာနမှူး၊ ပါမောက္ခ-ငြိမ်း)၊ (ဦးစိုးကိုကို)-ဒေါ်အေးအေးချို၊ ဦးမောင်မောင်အေး-ဒေါ်ခင်မမကျော်(အထက-၂၊ ပုဇွန်တောင်)၊ ဦးနိုင်ဝင်း(အောင်သရဖူ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းအေဂျင်စီ)-ဒေါ်ခင်နှင်းညွန့်(အလယ်တန်းပြဆရာမ-ငြိမ်း)တို့၏ညီ/မောင်၊ ဒေါက်တာဆုဒါလီအောင် (ကလေးမြို့၊ ပြည်သူ့ဆေးရုံလက်ထောက်ဆရာဝန်)၊ ဗိုလ်ကြီးဇေယျာအောင် (ခလရ-၂၅၁)-ဒေါ်နီမီမီကို(ရေနံချောင်းတက္ကသိုလ်)၊ မောင်မိုးထက်အောင်(ခ) ရှောင်ကွမ်းတို့၏ဖခင်၊ ဒေါ်ဝင်းဝင်းငွေး(မင်းတိုင်ပင်ရွာ)၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မင်းတိုင်ပင်ရွာ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ မင်းတိုင်ပင်ရွာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာစာပေသည် နှစ်ပေါင်း ၉၀၀ ကျော် ပုဂံခေတ်ကတည်းက စတင်ကာ ခိုင်ခိုင်မာမာတည်ရှိခဲ့

## ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး အမျိုးသားစာပေတစ်သက်တာဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဆုရွေးချယ်ရေးကော်မတီများ၊ ဆုရစာပေပညာရှင်ကြီးများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် စာပေဆိုင်ရာ ဆုချီးမြှင့်ပွဲသည် မြန်မာစာပေသက်တမ်းတစ်လျှောက်တွင် ရှင်သန်ခိုင်မာနေသည့် စာပေဆုချီးမြှင့်ခြင်း အစဉ်အလာကောင်းများ ဆက်လက်ရှင်သန်ရန်တည်မှီရာ ပွဲတစ်ခုဖြစ်ပါကြောင်း၊ စာပေကို အကြောင်းပြုပြီး

*စာမျက်နှာ ၈ ကော်လံ ၁* ❁




**ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာကြီး ဦးသာနိုး(မောင်သာနိုး) အား ဆုပေးအပ်ချီးမြှင့်စဉ်။**

သတင်းစဉ်

### (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

(၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနား ကျင်းပပုံများကို ယင်းနေ့နံနက် ၈ နာရီ မိနစ် ၄၀ မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်သည့်အပြင် MRTV Facebook page မှလည်း Live Streaming ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**လူတိုင်းမနှစ်မြို့တဲ့ ထရန့်ရဲ့ အခွန်အစီအစဉ်**

စာ » ၁၅

### နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၉**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

# အေဆမ်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

## ဒေသတွင်း ပူးပေါင်းဆောင်ရွက်သွားမည့် အခန်းကဏ္ဍများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် အေဆမ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASEM Senior Official's Meeting) တတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) ရှိ မြခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် အေဆမ် မိတ်ဖက်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများက (၃)ကြိမ်မြောက် ASEM Pathfinder Group on Connectivity(APGC) အစည်းအဝေး တင်ပြချက်၊ အေဆမ်တွင် လုပ်ဆောင်သွားမည့် အစည်းအဝေးများနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ဆက်လက်ကျင်းပမည့် (၁၄)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်သွားမည့် အခန်းကဏ္ဍများကို ဆွေးနွေးကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖









# (၁၁) ကြိမ်မြောက် အာရှ – ဥရောပထိပ်သီးဆွေးနွေးပွဲ

တက္ကသိုလ် ဟန်စိုးဦး

(၁၁) ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးဆွေးနွေးပွဲတွင် နိုင်ငံတော် သမ္မတ ဦးထင်ကျော် အပါအဝင် အေဆမ်အဖွဲ့ဝင် ၅၁ နိုင်ငံမှ နိုင်ငံအကြီးအကဲများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**နိဒါန်း**

**(၁၁) ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့ကနေ ၁၆ ရက်နေ့အထိ မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ထိပ်သီးအစည်းအဝေးကို အေဆမ်အဖွဲ့ဝင် ၅၁ နိုင်ငံက နိုင်ငံ့ခေါင်းဆောင်တွေ၊ အစိုးရအဖွဲ့အကြီးအကဲတွေ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနဲ့ ဥရောပသမဂ္ဂက အကြီးအကဲတွေ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ အေဆမ်အဖွဲ့ဝင်ဖြစ်တဲ့ မြန်မာနိုင်ငံက နိုင်ငံတော်သမ္မတ ဦးထင်ကျော် ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါတယ်။**

(၁၁) ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးဆွေးနွေးပွဲရဲ့ ထူးခြားချက်က အေဆမ် ဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်ခဲ့တဲ့ နှစ် (၂၀) ပြည့်ကာလနဲ့ တိုက်ဆိုင်နေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အူလန်ဘာတာထိပ်သီးဆွေးနွေးပွဲရဲ့ ဆောင်ပုဒ်ကို "နှစ် ၂၀ ပြည့် အေဆမ်-ပေါင်းစည်းဆက်နွှယ်မှုမှတစ်ဆင့် အနာဂတ်အတွက် မိတ်ဖက်ဆက်ဆံမှု" လို့ သတ်မှတ်ခဲ့ပါတယ်။ ထိပ်သီးဆွေးနွေးပွဲမှာ ဘယ်လိုအကြောင်းအရာတွေ ညှိနှိုင်းဆွေးနွေးခဲ့ကြတယ်၊ ဘယ်လိုရလဒ်တွေ ရရှိခဲ့တယ်ဆိုတာ ဆွေးနွေးပြောကြားမှုမပြုလုပ်မီ အေဆမ်ဆွေးနွေးပွဲတွေနဲ့ ပတ်သက်ပြီး နောက်ခံသမိုင်းကြောင်းဆိုင်ရာ အချက်အလက်တွေကို သိရှိထားခြင်းဖြင့် ပိုမိုအထောက်အကူပြုစေမှာ ဖြစ်တဲ့အတွက် အေဆမ်ရဲ့ သမိုင်းကြောင်းကို ဦးစွာရှင်းလင်းပြောကြား လိုပါတယ်။

**အေဆမ်၏ သမိုင်းကြောင်း**

အာရှ-ဥရောပ ဆွေးနွေးပွဲ (အေဆမ်) ကို အာရှနဲ့ဥရောပဒေသရှိ နိုင်ငံများ အကြား နှစ်ဖက်အကျိုးတူကိစ္စရပ်တွေမှာ ညှိနှိုင်းဆွေးနွေး ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ၁၉၉၆ ခုနှစ်က စတင်ကျင်းပလာခဲ့တာ ဖြစ်ပါတယ်။ အေဆမ်ဆွေးနွေးပွဲတွေ စတင်လာခဲ့ရတဲ့ အကြောင်းရင်းတွေကို ပြန်ကြည့်ရင် အာရှရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက စပြောရမှာ ဖြစ်ပါတယ်။

၁၉၆၅ ခုနှစ်အတွင်းက ဥရောပဒေသဟာ တစ်ကမ္ဘာလုံး ဂျီဒီပီထုတ်လုပ်မှုရဲ့ ၂၅ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ အာရှကတော့ ၉ ရာခိုင်နှုန်းသာ ရှိခဲ့ပါတယ်။ ဒါပေမယ့် ၁၉၉၄ ခုနှစ်မှာတော့ ဂျီဒီပီကို ဝယ်ယူသုံးစွဲနိုင်မှုစွမ်းအားနဲ့ နှိုင်းယှဉ်တွက်ချက်လာတဲ့အခါ ထိုစဉ်က အဖွဲ့ဝင် ၁၅ နိုင်ငံရှိတဲ့ အီးယူအဖွဲ့ကြီးက အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၂၈ ထရီလီယံရှိပြီး အာရှဘက်မှာတော့ ၇ ဒသမ ၆၅၆ ထရီလီယံအထိ ရှိလာခဲ့ပါတယ်။ ကုန်သွယ်မှုဘက်ကကြည့်ရင်လည်း ၁၉၇၀ ပြည့်နှစ်များအတွင်းက ဥရောပဒေသဟာ ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၄၄ ရာခိုင်နှုန်းရှိခဲ့ပြီး အာရှကတော့ ၁၀ ရာခိုင်နှုန်းပဲရှိခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာတော့ အာရှဒေသဟာ ၁၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး ဥရောပဒေသကတော့ ၃၈ ရာခိုင်နှုန်းကို ကျဆင်းသွားခဲ့ပါတယ်။

အာရှဒေသမှာ ဒီလိုတိုးတက်မှုတွေ ရှိလာတာနဲ့အမျှ အာရှဒေသမှာ ဖြစ်ပျက်နေတာတွေကို မျက်ခြည်မပြတ်စောင့်ကြည့်ဖို့၊ အာရှဒေသရဲ့ ဖြစ်ပေါ်လာတဲ့ အခွင့်အလမ်းကောင်းတွေကို လက်မလွှတ်စေဖို့၊ ဒါ့အပြင် နှစ်ဖက်အကျိုးရှိနိုင်မယ့်ကဏ္ဍတိုင်းကိုလည်း ပိုမိုလေ့လာသွားဖို့ ဥရောပဒေသမှာရှိတဲ့ အစိုးရတွေအပေါ် စီးပွားရေးလုပ်ငန်းရှင်တွေက ဖိအားပေးလာခဲ့ကြပါတယ်။ ဒါ့ကြောင့် ၁၉၉၄ ခုနှစ်မှာ ဥရောပကော်မရှင်က အာရှဒေသနှင့်

**အချပ်ပို (ခ) သို့**



(၁၂) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပစဉ်။

## အာရှ – ဥရောပဆွေးနွေးပွဲ (အေဆမ်)

အာရှနှင့် ဥရောပဒေသရှိ နိုင်ငံများအကြား နှစ်ဖက်အကျိုးတူကိစ္စရပ်များတွင် ညှိနှိုင်းဆွေးနွေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ၁၉၉၆ ခုနှစ်မှ စတင်ကျင်းပလာခဲ့သည်။

၁၉၉၆ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံး အာရှ-ဥရောပ ယဉ်ကျေးမှုဖိုရမ်ကို အီတလီနိုင်ငံ ဗင်းနစ်မြို့၌ စတင်ကျင်းပခဲ့သည်။

၁၉၉၆ ခုနှစ် မတ်လတွင် အာရှဘက်မှ ၁၀ နိုင်ငံ၊ အီးယူ ၁၅ နိုင်ငံ ပါဝင်သည့် ပထမဆုံး အာရှ-ဥရောပထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စတင်ကျင်းပခဲ့ရာမှ အာရှ-ဥရောပဆွေးနွေးပွဲဟူ၍ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

အေဆမ်စတင်ဖွဲ့စည်းစဉ်က ဒေသနှစ်ခုမှ နိုင်ငံ ၂၅နိုင်ငံနှင့် ဥရောပကော်မရှင်တို့သာ ပါဝင်ခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများ တဖြည်းဖြည်း များပြားလာခဲ့ပြီး ယခုအချိန်တွင် အာရှမှ ၂၁ နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဥရောပဒေသမှ အီးယူအဖွဲ့ဝင်နိုင်ငံ ၃၀ နှင့် ဥရောပကော်မရှင်တို့ ပါဝင်လာပြီဖြစ်သည့်အတွက် နိုင်ငံပေါင်း ၅၁ နိုင်ငံနှင့် ဒေသဆိုင်ရာအဖွဲ့ကြီး နှစ်ခု စုစုပေါင်း အဖွဲ့ဝင် ၅၃ ခု ရှိလာခဲ့ပြီ ဖြစ်သည်။

လက်ရှိအေဆမ်အဖွဲ့ဝင်နိုင်ငံများမှာ ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ဘရူနိုင်း၊ ဘူလ်ဂေးရီးယား၊ ကမ္ဘောဒီးယား၊ တရုတ်၊ ခရိုအေးရှား၊ ဆိုက်ပရပ်စ်၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟန်ဂေရီ၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ အိုင်ယာလန်၊ အီတလီ၊ ဂျပန်၊ ကာဇက်စတန်၊ တောင်ကိုရီးယား၊ လာအို၊ လတ်ဗီးယား၊ လစ်သူယေးနီးယား၊ လူဇင်ဘတ်၊ မလေးရှား၊ မော်လ်တာ၊ မွန်ဂိုလီးယား၊ မြန်မာ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေး၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပေါ်တူဂီ၊ ပိုလန်၊ ရိုမေးနီးယား၊ ရုရှား၊ စင်ကာပူ၊ ဆလိုဗေးကီးယား၊ ဆလိုဗေးနီးယား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်း၊ ဗြိတိန်၊ ဗီယက်နမ်တို့ဖြစ်ပြီး အဖွဲ့အစည်းနှစ်ခုမှာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဥရောပကော်မရှင်တို့ ဖြစ်သည်။

အချပ်ပို (က) မှ

ဆက်ဆံရေးဆိုင်ရာမဟာဗျူဟာလို့ အမည်ပေးထားတဲ့ ကနဦးအစီရင်ခံစာ တစ်စောင်ကို ပြုစုထုတ်ဝေခဲ့ပါတယ်။ အာရှနဲ့ ဥရောပအကြား ဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာဖို့ အလေးထားဆောင်ရွက်ခဲ့ကြတဲ့ ခေါင်းဆောင် နှစ်ဦးကတော့ ပြင်သစ်သမ္မတ ဂျက်ရှီရက်စ်နဲ့ စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်တို့ပဲ ဖြစ်ပါတယ်။

၁၉၉၆ ခုနှစ် ဇန်နဝါရီလမှာတော့ ပထမဆုံး အာရှ-ဥရောပ ယဉ်ကျေးမှုဖိုရမ် ကို အီတလီနိုင်ငံ ဗင်းနစ်မြို့မှာ စတင်ကျင်းပခဲ့ပါတယ်။ အဲဒီနောက် သုံးလအကြာ ၁၉၉၆ ခုနှစ် မတ်လမှာ အာရှဘက်က ၁၀ နိုင်ငံ၊ အီးယူ ၁၅ နိုင်ငံပါဝင်တဲ့ ပထမဆုံး အာရှ-ဥရောပထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့မှာ စတင်ကျင်းပခဲ့ရာကနေပြီး အာရှ-ဥရောပဆွေးနွေးပွဲဆိုတာ ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ အေဆမ်စတင်ဖွဲ့စည်းစဉ်က ဒေသ နှစ်ခုက နိုင်ငံ ၂၅ နိုင်ငံနဲ့ ဥရောပကော်မရှင်တို့သာ ပါဝင်ခဲ့ပေမယ့် အဖွဲ့ဝင်နိုင်ငံတွေ တဖြည်းဖြည်းများပြားလာခဲ့ပြီး အခုအချိန်မှာ အာရှက ၂၁နိုင်ငံနဲ့ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ ဥရောပဒေသက အီးယူအဖွဲ့ဝင် နိုင်ငံ ၃၀ နဲ့ ဥရောပကော်မရှင်တို့ ပါဝင်လာပြီဖြစ်တဲ့အတွက် နိုင်ငံပေါင်း ၅၁ နိုင်ငံနဲ့ ဒေသဆိုင်ရာ အဖွဲ့ကြီး နှစ်ခု စုစုပေါင်း အဖွဲ့ဝင် ၅၃ ဦး ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

လက်ရှိ အေဆမ်အဖွဲ့ဝင် နိုင်ငံတွေကတော့ ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ဘရူနိုင်း၊ ဘူလ်ဂေးရီးယား၊ ကမ္ဘောဒီးယား၊ တရုတ်၊ ခရိုအေးရှား၊ ဆိုက်ပရပ်စ်၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟန်ဂေရီ၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ အိုင်ယာလန်၊ အီတလီ၊ ဂျပန်၊ ကာဇက်စတန်၊ တောင်ကိုရီးယား၊ လာအို၊ လတ်ဗီးယား၊ လီသူယေးနီးယား၊ လူဇင်ဘတ်၊ မလေးရှား၊ မော်လ်တာ၊ မွန်ဂိုလီးယား၊ မြန်မာ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေး၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပေါ်တူဂီ၊ ပိုလန်၊ ရိုမေးနီးယား၊ ရုရှား၊ စင်ကာပူ၊ ဆလိုဗေးကီးယား၊ ဆလိုဗေးနီးယား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်း၊ ဗြိတိန်၊ ဗီယက်နမ်တို့ ဖြစ်ပြီး အဖွဲ့အစည်း နှစ်ခုကတော့ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနဲ့ ဥရောပကော်မရှင်တို့ ဖြစ်ပါတယ်။

**အေဆမ်၏ ဦးတည်ရည်မှန်းချက်များ**

အေဆမ်ဆွေးနွေးပွဲတွေရဲ့ အဓိက ဦးတည်ရည်မှန်းချက်လေးရပ်ကတော့ -

- အာရှ-ဥရောပတိုက်ကြီး နှစ်တိုက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အထောက်အကူ ဖြစ်စေရန်၊
- ကမ္ဘာ့စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် နှစ်ဖက်ညှိနှိုင်း ပူးပေါင်းအဖြေရှာသွားရန်၊
- ကမ္ဘာ့ရေးရာ ကိစ္စရပ်တွေမှာ အာရှ-ဥရောပတိုက်ကြီး နှစ်တိုက်ရဲ့ အရေးပါအရာရောက်မှုကို မြှင့်တင်သွားရန် ၊
- မတူညီတဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများနဲ့ မတူညီတဲ့ယဉ်ကျေးမှု ထွန်းကားတဲ့ လူ့ဘောင်အဖွဲ့အစည်း နှစ်ရပ်အကြား အပြန်အလှန် နားလည်သဘောပေါက်မှုနဲ့ ယုံကြည်မှုများ ပိုမိုဖြစ်ထွန်းလာစေပြီး ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အေးချမ်းသာယာဝပြောရေးအတွက် အတူတကွ ယှဉ်တွဲနေထိုင်သည့် လူ့ဘောင်အဖွဲ့အစည်း တည်ဆောက်သွားရန်တို့ပဲ ဖြစ်ပါတယ်။

**အေဆမ်၏ လုပ်ထုံးလုပ်နည်းနှင့် အစည်းအဝေးများ**

အေဆမ်ဆွေးနွေးပွဲဟာ စာချုပ်စာတမ်း၊ သဘောတူညီချက်တွေနဲ့ တရားဝင် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းအသွင်မဆောင်ဘဲ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ တန်းတူညီမျှမှု၊ အာရှ-ဥရောပဒေသကြီး နှစ်ခုရဲ့တူညီသော အကျိုးစီးပွားဖြစ်ထွန်းစေမှု၊ တစ်ဖက်နဲ့တစ်ဖက် ထိပ်တိုက်ရင်ဆိုင်မှု ၊ တင်းမာမှုတွေမဖြစ်စေဘဲ အပြန်အလှန် နားလည်ယုံကြည်မှုကို တန်ဖိုးထားအခြေခံပြီး အမြင်ချင်းဖလှယ် ဆွေးနွေးကြတဲ့ ဆွေးနွေးပွဲ ဖြစ်ပါတယ်။ အေဆမ်လုပ်ငန်းစဉ်တွေအတွက် ၂၀၀၀ ပြည့်နှစ်က ချမှတ်ခဲ့တဲ့ အေဆမ်ပူးပေါင်းဆောင်ရွက်ရေး မူဘောင်သဘောတူညီချက်နဲ့အညီ ဆောင်ရွက်လေ့ရှိပါတယ်။ အေဆမ်ဆွေးနွေးပွဲကနေ ဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ တူညီဆန္ဒနဲ့သာ ချမှတ်ပါတယ်။

အေဆမ်ဆွေးနွေးပွဲတွေကို ထိပ်သီးအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အခြားဝန်ကြီးအဆင့် အစည်းအဝေးများနဲ့ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဆိုပြီး ယေဘုယျအားဖြင့် လေးမျိုးခွဲခြားနိုင်ပါတယ်။

ထိပ်သီးအစည်းအဝေးတွေကိုတော့ အေဆမ်အဖွဲ့ဝင်နိုင်ငံတွေက အစိုးရအဖွဲ့ အကြီးအကဲတွေ တက်ရောက်ပြီး နှစ်နှစ်မှာ တစ်ကြိမ်၊ အာရှနဲ့ ဥရောပမှာ တစ်လှည့်စီ ကျင်းပပြုလုပ်ပါတယ်။ အေဆမ်မှာ အရေးကြီးတဲ့ ကိစ္စရပ်တွေကို အဆုံးအဖြတ်ပေးနိုင်တဲ့အတွက် ထိပ်သီးအစည်းအဝေးတွေဟာ အမြင့်ဆုံးအာဏာပိုင် အဖွဲ့ဖြစ်ပါတယ်။ နိုင်ငံရေးအရလည်း အရေးပါ တဲ့အနေအထားမှာ ရှိပါတယ်။ ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၁၉၉၆ ခုနှစ်မှာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၁၉၉၈ ခုနှစ်မှာ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ တတိယအကြိမ်ထိပ်သီးအစည်း အဝေးကို ၂၀၀၀ ပြည့်နှစ်မှာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ၊ စတုတ္ထအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၂ ခုနှစ်မှာ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ ၊ ပဉ္စမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၊ ဆဌမအကြိမ်ထိပ်သီးအစည်းအဝေးကို ၂၀၀၆ ခုနှစ်မှာ ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးမြို့၊ သတ္တမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၈ ခုနှစ်မှာ တရုတ်နိုင်ငံ ပေကျင်းမြို့ ၊ အဋ္ဌမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၀ ပြည့်နှစ်မှာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ် မြို့ နဝမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၂ ခုနှစ်မှာ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၊ ဒသမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ်မှာ အီတလီနိုင်ငံ မီလန်မြို့မှာ အသီးသီးကျင်းပခဲ့ပြီး ဧကာဒသမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၆ ခုနှစ်မှာ မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့မှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။

အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၀၆ ခုနှစ်ကစပြီး နှစ်နှစ်မှာတစ်ကြိမ် ထိပ်သီးအစည်းအဝေး မရှိတဲ့နှစ်များမှာ ကျင်းပလေ့ရှိပါတယ်။ ထိပ်သီး အစည်းအဝေးကျင်းပတဲ့နှစ်မှာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပဖို့ လိုအပ်တယ်လို့ (အဖွဲ့ဝင်နိုင်ငံအားလုံးကသဘောတူရင်)လည်း ကျင်းပနိုင်ပါတယ်။ အခြားဝန်ကြီးအဆင့် အစည်းအဝေးတွေအနေနဲ့ ယဉ်ကျေးမှု၊ ပညာရေး၊ အလုပ်သမား၊ ဘဏ္ဍာရေး၊ သိပ္ပံနဲ့နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပို့ဆောင်ရေးဆိုင်ရာ ဝန်ကြီးများအစည်းအဝေးတွေကို ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။

အေဆမ်မှာ အခြေခံအကျဆုံးကတော့ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးပဲဖြစ်ပါတယ်။ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို တစ်နှစ်မှာ အနည်းဆုံး နှစ်ကြိမ် ကျင်းပဖို့ သတ်မှတ်ထားပေမယ့် လိုအပ်ရင်လိုအပ်သလို ခေါ်ယူကျင်းပလေ့ ရှိပါတယ်။ အေဆမ်အဖွဲ့ဝင် နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်လိုတဲ့ ကဏ္ဍရပ်တွေ၊ ဆွေးနွေး ညှိနှိုင်းလိုတဲ့ကိစ္စတွေကို အဆင့်မြင့်အရာရှိကြီးတွေအဆင့်မှာ စတင်ညှိနှိုင်းပြီး ရရှိလာတဲ့ သဘောတူညီချက်တွေကိုမှ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ နောက်ထိပ်သီးအစည်းအဝေးတွေကို အဆင့်ဆင့် တင်ပြဆောင်ရွက်လေ့ရှိပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာနိုင်ငံ အလိုက် စိတ်ဝင်စားမှုရှိတဲ့ ကဏ္ဍရပ်တွေမှာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ် အဆိုပြုချက်တွေကို အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှာ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်နိုင်ပါတယ်။

အေဆမ်အစည်းအဝေးတွေ ကျင်းပနိုင်ဖို့အတွက် ညှိနှိုင်းတာဝန်ယူဆောင်ရွက်ပေးမယ့် အတွင်းရေးမှူးချုပ်ရုံးမရှိတဲ့အတွက် အတွင်းရေးမှူးချုပ်ရုံးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနိုင်ဖို့ ညှိနှိုင်းရေးမှူးများဆိုပြီး အလှည့်ကျသီးခြားတာဝန်ပေးအပ်ထားတာ ရှိပါတယ်။ ၂၀၁၆ ခုနှစ် (၁၁) ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေး ကျင်းပတဲ့အချိန်အထိ ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်နေတဲ့ နိုင်ငံတွေကတော့ အာရှဘက်မှာ မြန်မာနဲ့ နယူးဇီလန်၊ ဥရောပဘက်မှာတော့ ဥရောပကော်မရှင်နဲ့ ဆလိုဗေးကီးယားနိုင်ငံတို့ပဲ ဖြစ်ပါတယ်။ လက်ရှိညှိနှိုင်းရေးမှူးတွေက အာရှဘက်မှာ ဖိလစ်ပိုင်နဲ့ ပါကစ္စတန်နိုင်ငံ၊ ဥရောပဘက်မှာတော့ ဥရောပသမဂ္ဂနဲ့ အက်စ်တိုးနီးယားနိုင်ငံတို့ ဖြစ်ပါတယ်။

**အာရှ-ဥရောပဖောင်ဒေးရှင်း**

အေဆမ်ဆွေးနွေးပွဲ အကြောင်းပြောရင် အာရှ-ဥရောပဖောင်ဒေးရှင်း အကြောင်းကိုလည်း ထည့်ပြောဖို့လိုပါတယ်။ အာရှ-ဥရောပ ဖောင်ဒေးရှင်းဟာ အေဆမ်ကတရားဝင် ဖွဲ့စည်းထားတဲ့ တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပါတယ်။ အေဆမ်အဖွဲ့ဝင်နိုင်ငံတွေအကြား အပြန်အလှန် နားလည်မှုကို တိုးမြှင့်နိုင်ဖို့ အာရှ-ဥရောပ ဖောင်ဒေးရှင်း အဖွဲ့အစည်းတစ်ရပ် တည်ထောင်သွားဖို့ ပထမအကြိမ် ထိပ်သီးအစည်းအဝေးကနေ ဆုံးဖြတ်ခဲ့ပါတယ်။ အာရှ-ဥရောပဖောင်ဒေးရှင်းကို ၁၉၉၇ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး ရုံးကတော့ စင်ကာပူနိုင်ငံမှာ ရှိပါတယ်။

အာရှ-ဥရောပ ဖောင်ဒေးရှင်းရဲ့ အဓိက လုပ်ငန်းတာဝန်တွေကတော့ အာရှနဲ့ ဥရောပ အကြားယဉ်ကျေးမှု၊ ပညာရေးနဲ့ ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်သွားဖို့ဖြစ်ပါတယ်။ အာရှ-ဥရောပဖောင်ဒေးရှင်းအနေနဲ့ ယဉ်ကျေးမှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အုပ်ချုပ်မှုကဏ္ဍ၊ ပြည်သူ့ကျန်းမာရေးကဏ္ဍနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍ၊ အစရှိတဲ့ ကဏ္ဍကြီး ခြောက်ရပ်မှာ စီမံချက်တွေ ဖော်ဆောင်အကောင်အထည် ဖော်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်အတွင်းမှာ အာရှ-ဥရောပ ဖောင် ဒေးရှင်းဟာ စီမံချက်ပေါင်း ၃၁ ခုကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သလို အာရှနဲ့

အချပ်ပို(ဂ)သို့



(၁၁) ကြိမ်မြောက် အေဆမ်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတဦးထင်ကျော် တက်ရောက်ဆွေးနွေးစဉ်။


(၁၂) ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် တက်ရောက်လာသောအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**အချပ်ပို (ခ)မှ**

ဥရောပဒေသနှစ်ခုက လူမှုအဖွဲ့အစည်းတွေအကြား ဆွေးနွေးပွဲတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ ကျင်းပပေးနိုင်ခဲ့တဲ့အတွက် ပြည်သူအချင်းချင်း ပေါင်းစည်းဆက်နွှယ်မှုကိုလည်း တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်။

အာရှ-ဥရောပဖောင်ဒေးရှင်းရဲ့ ဘတ်ဂျက်ကိုတော့ အေဆမ်အဖွဲ့ဝင်နိုင်ငံ အစိုးရတွေက မိမိကိုယ်ပိုင် ဆန္ဒအလျောက် ငွေကြေးသတ်မှတ်ထည့်ဝင်ခြင်းဖြင့်ရရှိပါတယ်။ ဒါ့အပြင် အာရှ-ဥရောပဖောင်ဒေးရှင်းရဲ့ စီမံချက်အများစုကို မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေက ငွေကြေးထောက်ပံ့လေ့ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း အေဆမ်အဖွဲ့ဝင်ဖြစ်လာပြီးနောက်ပိုင်း အာရှ-ဥရောပဖောင်ဒေးရှင်းကို နှစ်စဉ်ကြေး ပုံမှန်ထည့်ဝင်လျက်ရှိပါတယ်။

အာရှ-ဥရောပ ဖောင်ဒေးရှင်းရဲ့ဗဟိုအာဏာပိုင်အဖွဲ့ကတော့ အုပ်ချုပ်ရေးမှူးများအဖွဲ့ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးမှူးများကို အေဆမ်အဖွဲ့ဝင်နိုင်ငံများက တစ်နိုင်ငံကို တစ်ဦးကျ ခန့်အပ်ထားရှိပြီး များသောအားဖြင့် မိမိနိုင်ငံရဲ့သံတမန်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အငြိမ်းစားအရာရှိကြီးတွေ အစရှိသဖြင့် အထင်ကရပုဂ္ဂိုလ်တွေကို ခန့်အပ်လေ့ရှိပါတယ်။ မြန်မာနိုင်ငံက ခန့်အပ်ထားတဲ့ အုပ်ချုပ်ရေးမှူးကတော့ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးငွေးအောင်ဖြစ်ပါတယ်။ အုပ်ချုပ်ရေးမှူးများအဖွဲ့ဟာ အာရှ-ဥရောပဖောင်ဒေးရှင်းရဲ့ မူဝါဒလမ်းစဉ်ကို ချမှတ်ပါတယ်။

အာရှ-ဥရောပဖောင်ဒေးရှင်းရဲ့ အတွင်းရေးမှူးချုပ်ရုံးကို ကိုယ်စားပြုသူကတော့ အမှုဆောင်ညွှန်ကြားရေးမှူးနဲ့ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးတို့ ဖြစ်ပါတယ်။ သက်တမ်းလေးနှစ်ရှိတဲ့ အမှုဆောင်ညွှန်ကြားရေးမှူးနဲ့ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး ရာထူးတွေကို အာရှနဲ့ ဥရောပဒေသအလိုက် အလှည့်ကျထမ်းဆောင်ပါတယ်။ လက်ရှိ အမှုဆောင်ညွှန်ကြားရေးမှူးကတော့ ဂျာမနီနိုင်ငံသား Mr. Karsten Warnecke ဖြစ်ပြီး ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးကတော့ တရုတ်နိုင်ငံသား Mr. Sun Xiangyang ဖြစ်ပါတယ်။

**အေဆမ်နှင့် မြန်မာနိုင်ငံ**

မြန်မာနိုင်ငံဟာ ၂၀၀၄ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ ကျင်းပခဲ့တဲ့ ထိပ်သီးအစည်းအဝေးမှာစတင်ပြီး အဖွဲ့ဝင်ဖြစ်လာပြီးတဲ့နောက်ပိုင်း အေဆမ်အစည်းအဝေးတိုင်းမှာ ပါဝင်တက်ရောက်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာ ကျင်းပခဲ့တဲ့ အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာရရှိခဲ့တဲ့ သဘောတူညီချက်အရ အေဆမ်ထိပ်သီးအစည်းအဝေးမှာ ပါဝင်တက်ရောက်မယ့် ကိုယ်စားလှယ်အဆင့်ကို သက်ဆိုင်ရာနိုင်ငံမှ ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး အဲဒီဆုံးဖြတ်ချက်ကို ကျန်အဖွဲ့ဝင်နိုင်ငံတွေက လက်ခံရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၀၄ ခုနှစ် ထိပ်သီးအစည်းအဝေးမှာ အစိုးရအဖွဲ့အကြီးအကဲ ပါဝင်တက်ရောက်ဖို့ ဖိတ်ကြားချက်ရရှိခဲ့ပေမယ့် ဝန်ကြီးချုပ်ရုံးဝန်ကြီးမှ ဦးဆောင်တက်ရောက်ခဲ့ပါတယ်။ ၂၀၀၆၊ ၂၀၀၈ နဲ့ ၂၀၁၀ ပြည့်နှစ် ထိပ်သီးအစည်းအဝေးတွေမှာလည်း အစိုးရအဖွဲ့အကြီးအကဲကိုယ်စား နိုင်ငံခြားရေးဝန်ကြီးမှသာ ဦးဆောင်တက်ရောက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်က လာအိုနိုင်ငံ ဗီယန်ကျင်းမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၉)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးကစပြီး မြန်မာနိုင်ငံက နိုင်ငံတော်သမ္မတအဆင့် စတင်ပါဝင်တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။

**(၁၁) ကြိမ်မြောက် အေဆမ်ထိပ်သီး အစည်းအဝေး**

အေဆမ်ဆွေးနွေးပွဲတွေရဲ့ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီးတဲ့နောက် မွန်ဂိုလီးယားနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၁)ကြိမ်မြောက် အေဆမ်ထိပ်သီး အစည်းအဝေး အကြောင်း ပြန်လည်တင်ပြလိုပါတယ်။ ထိပ်သီးအစည်းအဝေးဖွင့်ပွဲကို ၁၅-၇-၂၀၁၆ ရက်နေ့ နံနက်ပိုင်းမှာ အူလန်ဘာတာမြို့မှာရှိတဲ့ Shangri-La ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ရာမှာ အိမ်ရှင် မွန်ဂိုလီးယားနိုင်ငံ သမ္မတ ဇတ်ဟီးယား အယ်လ်ဘက်ဒေါ့ချ်၊ ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တတ်စ်၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျင်းကလော့ ဂျန်ကာ၊ ဆလိုဗေးကီးယားနိုင်ငံ ဝန်ကြီးချုပ် ရောဘတ်ဖီကို၊ အာဆီယံညှိနှိုင်းရေးမှူးဖြစ်တဲ့ မြန်မာနိုင်ငံ သမ္မတ ဦးထင်ကျော်၊ အရှေ့မြောက်နဲ့ တောင်အာရှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်တဲ့ နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး မာရေး မက်ခူလီတို့က အဖွင့်မိန့်ခွန်း အသီးသီးပြောကြားခဲ့ကြပါတယ်။ ဒီနေရာမှာ ထူးခြားချက်တစ်ခုက ထိပ်သီးအစည်းအဝေးမတိုင်မီ ၁၄-၇-၂၀၁၆ ရက်နေ့က ပြင်သစ်နိုင်ငံ နီးစ်မြို့မှာ ကုန်တင်ကားတစ်စီးက လူအုပ်အတွင်း အပြင်းမောင်းနှင်တိုက်ခိုက်တဲ့ အကြမ်းဖက်မှု ဖြစ်ပွားခဲ့ပြီး လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့တဲ့အတွက် ထိပ်သီးအစည်းအဝေးတက်ရောက်လာတဲ့ခေါင်းဆောင်အားလုံးက တညီတညွတ်တည်း ရှုတ်ချခဲ့ကြပါတယ်။

ဆက်လက်ပြီး အေဆမ်ရဲ့ မိတ်ဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ အာရှ-ဥရောပ လွှတ်တော်များအစည်းအဝေးဆိုင်ရာ ကိုယ်စားလှယ်၊ အေဆမ်ဆိုင်ရာလုပ်ငန်းစဉ်တွေကို လူငယ်တွေအကြား ပိုမိုသိရှိနားလည်လာစေဖို့ ပြုလုပ်ပေးတဲ့ ဆွေးနွေးပွဲဆိုင်ရာကိုယ်စားလှယ်၊ အာရှ-ဥရောပစီးပွားရေးဖိုရမ်မှ ကိုယ်စားလှယ်များက မိမိတို့ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းများအလိုက် အခြေအနေကို အစီရင်ခံဖတ်ကြားခဲ့ကြပါတယ်။ ဆက်လက်ပြီး ထိပ်သီးအစည်းအဝေးကို တက်ရောက်လာတဲ့ ခေါင်းဆောင်များရဲ့ စုံညီအစည်းအဝေးကို နှစ် ၂၀ ပြည့် မိတ်ဖက်ဆက်ဆံမှု၊ အောင်မြင်မှုများနှင့် ရှေ့အလားအလာများ၊ ပေါင်းစည်းဆက်နွှယ်မှု ပိုမိုခိုင်မာလာစေရေးအတွက် အေဆမ်မိတ်ဖက်ဆက်ဆံမှုကို တိုးမြှင့်ခြင်းဆိုပြီး ခေါင်းစဉ်နှစ်ခုခွဲ၍ ကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံ သမ္မတကြီးဟာ နှစ် ၂၀ ပြည့် မိတ်ဖက်ဆက်ဆံမှု အောင်မြင်မှုများနှင့် ရှေ့အလားအလာများ ခေါင်းစဉ်အောက်ကနေ ပါဝင်ဆွေးနွေးခဲ့ပါတယ်။

မွန်းလွဲပိုင်းမှာတော့ အေဆမ်ထိပ်သီးအစည်းအဝေးကို တက်ရောက်လာတဲ့ အကြီးအကဲတွေ၊ ကိုယ်စားလှယ်တွေကို Chinggisiin Khuree အရပ်က ကွင်းပြင်ကျယ်ကြီးထဲမှာ မွန်ဂိုလီးယားနိုင်ငံရဲ့ ရိုးရာ နာဒန်း/နပန်းပွဲနဲ့ ယဉ်ကျေးမှုပွဲတော်ကို စနစ်တကျနဲ့ ခမ်းခမ်းနားနား ကျင်းပဖျော်ဖြေတင်ဆက် ပြသခဲ့ပါတယ်။

၁၆-၇-၂၀၁၆ ရက်နေ့မှာတော့ အေဆမ်အစည်းအဝေးကို တက်ရောက်လာတဲ့ ခေါင်းဆောင်များရဲ့ သီးသန့်အစည်းအဝေးကို ASEM Village မှာ အေဆမ်၏ မဏ္ဍိုင်ကြီးသုံးရပ် ပိုမိုခိုင်မာလာစေရေးခေါင်းစဉ်နဲ့ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ခေါင်းဆောင်များရဲ့ သီးသန့်အစည်းအဝေးဟာ (၁၁)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးရဲ့ နောက်ဆုံး အစီအစဉ်ဖြစ်တဲ့အတွက် အစည်းအဝေးအပြီးမှာ အချို့ခေါင်းဆောင်တွေဟာ မိမိနိုင်ငံကို ပြန်လည်သွားရောက်ခဲ့ကြသလို အချို့ခေါင်းဆောင်တွေဟာ အစည်းအဝေးတက်ရောက်လာကြတဲ့ ခေါင်းဆောင်များနဲ့ နှစ်နိုင်ငံချင်းအလိုက် ဆွေးနွေးပွဲတွေကို ပြုလုပ်ခဲ့ကြပါတယ်။

မြန်မာသမ္မတကြီးဟာ အေဆမ်ထိပ်သီးအစည်းအဝေးကာလအတွင်း မွန်ဂိုလီးယားနိုင်ငံ သမ္မတ Mr. Tsakhia Elbegdorj၊ ခရိုအေးရှားနိုင်ငံ သမ္မတ Mrs. Kolinda Grabar-Kitarovic၊ ဖင်လန်နိုင်ငံ ဝန်ကြီးချုပ် Mr. Juha Sipila၊ အက်စ်တိုးနီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Taavi Roivas၊ နယ်သာလန်နိုင်ငံ ဝန်ကြီးချုပ် Mr. Mark Rutte၊ လူဇင်ဘတ်နိုင်ငံ ဝန်ကြီးချုပ် Mr. Xavier Bettel၊ နော်ဝေးနိုင်ငံခြားရေးဝန်ကြီး Mr. Borge Brende၊ အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ Mr. Muhammad Jusuf Kalla၊ တရုတ်နိုင်ငံ ဝန်ကြီးချုပ် Mr. Li Keqiang၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် Mrs. Sheik Hasina တို့နဲ့ အသီးသီးတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး (၁၁)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးကနေ ထုတ်ပြန်ခဲ့တဲ့ ကြေညာချက်များနဲ့ပတ်သက်ပြီး ဆက်လက်ဖော်ပြလိုပါတယ်။ အေဆမ်ထိပ်သီးအစည်းအဝေးမတိုင်မီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကြိုတင်ကျင်းပပါတယ်။ ပုံမှန်အားဖြင့် အေဆမ်ထိပ်သီးအစည်း အဝေးကနေ ထုတ်ပြန်မယ့် Chair's Statementအပါအဝင်အခြား ထုတ်ပြန်ချက် တွေရှိခဲ့ပါက ထုတ်ပြန်ချက်ပါ စာသား တွေ၊ အသုံး အနှုန်းတွေကို အဖွဲ့ဝင်နိုင်ငံတွေအကြား သဘော တူညီချက်ရရှိဖို့ အဆင့်မြင့်အရာရှိကြီးများ အစည်း အဝေးမှာ ကြိုတင်ညှိနှိုင်း ဆွေးနွေးကြပါတယ်။ (၁၁)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးမှာ Chair's Statement နဲ့ အိမ်ရှင် မွန်ဂိုလီးယားနိုင်ငံက အဆိုပြုတဲ့ အူလန်ဘာတာ ကြေညာချက်အပြင် အစည်းအဝေးမတိုင်မီ ၁-၇-၂၀၁၆ ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှာ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဂျပန်နိုင်ငံသား ခုနစ်ဦးအပါအဝင် လူပေါင်း ၂၁ ဦး သေဆုံးခဲ့ရတဲ့ဖြစ်စဉ်ကြောင့် အကြမ်းဖက်မှုကို ရှုတ်ချတဲ့ သီးခြား ကြေညာချက်တစ်စောင် ထုတ်ပြန်ဖို့ ဂျပန်နိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က အဆိုပြုခဲ့ပါတယ်။

အေဆမ်ရဲ့ Chair's Statement မှာ နိုင်ငံရေးနဲ့ လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍပါဝင်ဖော်ပြလေ့ရှိတဲ့အတွက် ထိပ်သီးအစည်းအဝေးမတိုင်မီ ဖြစ်ပေါ်ခဲ့တဲ့နိုင်ငံရေးအရ ထူးခြားဖြစ်စဉ်တွေကလည်း အစည်းအဝေးအပေါ် သက်ရောက်မှုတွေ ရှိလာခဲ့ပါတယ်။ နိုင်ငံရေးအရ ထူးခြားဖြစ်စဉ် နှစ်ရပ်ရှိခဲ့ရာမှာ ပထမဖြစ်စဉ်က မြောက်ကိုရီးယားနိုင်ငံဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်တွေ၊ တားဆီးပိတ်ဆို့မှုတွေ ချမှတ်ထားတဲ့ကြားကနေ အဏုမြူစီမံကိန်းတွေ ဆက်လက်လုပ်ဆောင်နေမှုနဲ့ တာဝေးပစ်ဒုံးကျည်တွေ မကြာခဏ ပစ်လွှတ်စမ်းသပ်နေမှုတွေကြောင့် သူ့ရဲ့ခြိမ်းခြောက်မှုတွေကို တုံ့ပြန်နိုင်ဖို့ဆိုပြီး အမေရိကန်နိုင်ငံက သူ့ရဲ့မဟာဗျူဟာမြောက် THAAD အမျိုးအစား ဒုံးခွင်းဒုံးတွေကို တောင်ကိုရီးယားနိုင်ငံမှာ ဖြန့်ကြက်ချထားဖို့ တောင်ကိုရီးယားနဲ့ အမေရိကန် နှစ်နိုင်ငံအကြား သဘောတူညီခဲ့ကြောင်း ၄-၇-၂၀၁၆ ရက်နေ့က တရားဝင် သတင်းထုတ်ပြန်ခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ ဒုတိယ ထူးခြားဖြစ်စဉ်ကတော့ တောင်တရုတ်ပင်လယ်မှာ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဖြေရှင်းပေးဖို့ ဖိလစ်ပိုင်နိုင်ငံက အမြဲတမ်းအနုညာတခုံရုံးကို ၂၀၁၂ ခုနှစ်အတွင်းက တင်ပြထားတဲ့အပေါ် ခုံရုံးက ၁၂-၇-၂၀၁၆ ရက်နေ့က ဆုံးဖြတ်ချက်ချမှတ်ခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ ဆုံးဖြတ်ချက်အရ တရုတ်နိုင်ငံအနေနဲ့ အစက်အပြောက် မျဉ်းကိုးခုနဲ့ နယ်မြေပိုင်ဆိုင်ကြောင်း ကြေညာထားမှုဟာ တရားမဝင်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့တာဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ဖိလစ်ပိုင်နိုင်ငံ အမြဲတမ်းအနုညာတခုံရုံးကို စတင်လျှောက်ထားစဉ်ကတည်းက ဒီလိုတင်သွင်းမှုကို အသိအမှတ်ပြုမှာ မဟုတ်သလို ပါဝင်ဆောင်ရွက်သွားမှာလည်းမဟုတ်ကြောင်း ပြောကြားထားခဲ့ပါတယ်။ ဆုံးဖြတ်ချက် ထွက်ပေါ်လာတဲ့အချိန်မှာလည်း အသိအမှတ်မပြုကြောင်း တရုတ်နိုင်ငံက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။



ထိုင်းနိုင်ငံ၌ ၁၉၉၆ ခုနှစ်က ကျင်းပသည့်
ပထမအကြိမ် အေဆမ်ထိပ်သီးအစည်းအဝေးတွင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

အဲဒီဖြစ်စဉ်တွေနဲ့အညီ အေဆမ်ထိပ်သီးအစည်းအဝေးရဲ့ Chair's Statement မှာ တောင်တရုတ်ပင်လယ်အတွင်း နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေတွေကို ထည့်သွင်းဖော်ပြဖို့ ဖိလစ်ပိုင်နိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ ဥရောပသမဂ္ဂ အဖွဲ့ဝင် နိုင်ငံအချို့က ကြိုးစားကြသလို တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့က အပြင်းအထန် ကန့်ကွက်ခဲ့ကြပါတယ်။ အလားတူ တောင်ကိုရီးယားနိုင်ငံမှာ THAAD ဒုံးကျည်တွေ ဖြန့်ကြက်ချထားမယ့်ကိစ္စကို တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့က ထည့်သွင်းကန့်ကွက်ဖို့ ကြိုးစားကြသလို တောင်ကိုရီးယားနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့က ကန့်ကွက်ခဲ့ကြပါတယ်။ နှစ်ဖက်အကြား သဘောတူညီချက်မရဘဲ ရှေ့မတိုး နောက်မဆုတ် အခြေအနေဖြစ်နေတဲ့အတွက် သက်ဆိုင်တဲ့နိုင်ငံတွေ၊ ကြားဝင်ညှိနှိုင်းပေးတဲ့ နိုင်ငံတွေက ကိုယ်စားလှယ်တွေနဲ့ အစည်းအဝေးခန်းမပြင်ပမှာ သီးခြားစီ ညှိနှိုင်းစေသော်လည်း အဆင်မပြေမှုနဲ့ဘဲ ကြုံတွေ့ခဲ့ရပါတယ်။ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇူလိုင်လ ၁၂ ရက် နံနက် ၉ နာရီကနေ စတင်ကျင်းပလိုက်တာ ၁၃ ရက် နံနက် ၆ နာရီအထိ ညှိနှိုင်းလို့မရတဲ့အတွက် လေးနာရီခဏအနားပေးပြီး ၁၃ ရက်နေ့ နံနက် ၁၀ နာရီမှာ ပြန်ကျင်းပတာလည်း ၁၄ ရက်နေ့ နံနက်အထိ ညှိလို့မရတဲ့အဆုံး နောက်ဆုံးမှာ Chair ဖြစ်တဲ့ မွန်ဂိုလီးယားနိုင်ငံ အဆင့်မြင့်အရာရှိကြီးက သူ့ရဲ့လုပ်ပိုင်ခွင့် (Prerogative of the Chair) နဲ့ ယခင်ပြီးခဲ့တဲ့ အေဆမ်အစည်းအဝေးမှာ ဖော်ပြခဲ့တဲ့စာသားတွေ အတိုင်းပဲ ပြန်လည်ထည့်သွင်းဖော်ပြခဲ့ခြင်းဖြင့် Chair's Statement ကို အောင်မြင်စွာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

အလားတူ ဂျပန်နိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က အဆိုပြုခဲ့တဲ့ အကြမ်းဖက်မှုကို ရှုတ်ချတဲ့ကြေညာချက်နဲ့ပတ်သက်ပြီးလည်း အကြမ်းဖက်မှုဟာ တစ်ကမ္ဘာလုံးက ကြုံတွေ့ခံစားနေကြရတယ်။ ဒါကြောင့် အားလုံးနဲ့ သက်ဆိုင်တဲ့အနေအထားနဲ့ လွှမ်းခြုံဖော်ပြဖို့နဲ့ ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖြစ်စဉ်တစ်ခုတည်းကိုသာ အာရုံစိုက်မဖော်ပြဖို့ အခြားနိုင်ငံများက ညှိနှိုင်းခဲ့ကြသော်လည်း အဆင်မပြေမှုနဲ့ဘဲ ကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့်ထုတ်ပြန်ဖို့ အခြေအနေနည်းပါးနေချိန်မှာ ထိပ်သီးအစည်းအဝေးမကျင်းပမီ တစ်ရက်အလို ၁၄-၇-၂၀၁၆ ရက်နေ့မှာ ပြင်သစ်နိုင်ငံ နီးစ်မြို့ (Nice)မှာ ဘာစတီးလ်ပွဲတော် ကျင်းပနေစဉ်အတွင်း ကုန်တင်ကား တစ်စီးမှ လူအုပ်အတွင်း အပြင်းမောင်းနှင်တိုက်ခိုက်တဲ့ အကြမ်းဖက်မှုဖြစ်ပွားခဲ့ပြီး လူပေါင်းများစွာအသက်ဆုံးရှုံးခဲ့တဲ့အတွက် ထိပ်သီးအစည်းအဝေး တက်ရောက်လာတဲ့ ခေါင်းဆောင်အားလုံးက တညီတညွတ်တည်း ရှုတ်ချခဲ့ကြပါတယ်။ အကြမ်းဖက်မှုကို ရှုတ်ချတဲ့ကြေညာချက်ကိုလည်း ကျစ်ကျစ်လျစ်လျစ်နဲ့ အောင်မြင်စွာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

(၁၁)ကြိမ်မြောက် အေဆမ်ထိပ်သီး အစည်းအဝေးရဲ့ Chair's Statement မှာ အေဆမ်ဟာ နှစ်ပေါင်း ၂၀ ကာလအတွင်း ခေတ်ကာလအခြေအနေအမျိုးမျိုးရဲ့ စမ်းသပ်မှုကို ကျော်ဖြတ်နိုင်ခဲ့ပြီး အာရှနဲ့ဥရောပဒေသနှစ်ခုက ပြည်သူများရဲ့ အကျိုးစီးပွားအတွက် ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်နိုင်ခဲ့ပါတယ်၊ တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှုနဲ့ အကျိုးစီးပွားမျှဝေခံစားမှု မူဝါဒများနဲ့အညီ ဒေသနှစ်ခုအကြား ပေါင်းစည်းဆက်နွှယ်မှု ပိုမိုတိုးမြှင့်လာစေရေး၊ အလွှာပေါင်းစုံမှ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရေး၊ ပြည်သူအားလုံးအတွက် အခွင့်အလမ်းများ ဖန်တီးပေးရေးအပါအဝင် ပိုမိုလက်တွေ့ကျသည့် ရလဒ်များကိုလည်း ဖော်ဆောင်လာနိုင်ခဲ့ကြောင်း၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အေဆမ်အနေဖြင့် ပါဝင်အထောက်အကူပြုသွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင် ကွန်ဗင်းရှင်း အကောင်အထည်ဖော်ရေး တိုးမြှင့်ဆောင်ရွက်ရန်အတွက် ပါရီသဘောတူညီချက်အား အချိန်နှင့်တစ်ပြေးညီ အသက်ဝင်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား သဘာဝဘေးကြောင့်ဖြစ်ပေါ်လာမည့် အခက်အခဲများ လျော့နည်းလာစေရေး လက်တွဲဆောင်ရွက်သွားကြရန် ဖော်ပြခဲ့ပါတယ်။

အချပ်ပို(ဃ)သို့

**အချုပ်ပိုု (ဂ) မှ**

ဆက်လက်ပြီးအေဆမ်ရဲ့စွမ်းဆောင်ရည် ပိုမိုပြည့်ဝလာစေဖို့ အေဆမ်အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်သွားကြဖို့နဲ့ အေဆမ်ရဲ့လုပ်နည်းလုပ်ဟန်များ ပိုမိုကောင်းမွန်လာစေဖို့ ကြိုးပမ်းသွားကြရန်၊ အေဆမ်ရဲ့ လုပ်ငန်းစဉ်များမှာ လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ အမျိုးသမီး အဖွဲ့အစည်းများ၊ တတ်သိပညာရှင်များ၊ ကျောင်းသားလူငယ်များ၊ သတင်းထောက်များ၊ ပိုမိုပါဝင်လာစေဖို့ ကြိုးပမ်းသွားကြရန်၊ အေဆမ်စီးပွားရေး ဝန်ကြီးများအစည်းအဝေးအား ပြန်လည်ကျင်းပပြုလုပ်သွားရန်နှင့် အဆိုပါ အစည်းအဝေးအား တောင်ကိုရီးယားနိုင်ငံတွင် ၂၀၁၇ ခုနှစ်အတွင်း ကျင်းပပြုလုပ်သွားရန် တောင်ကိုရီးယားအစိုးရ၏ ကမ်းလှမ်းချက်ကို ကြိုဆိုကြောင်း၊ (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၁၇ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သွားရန် မြန်မာအစိုးရ၏ ကမ်းလှမ်းချက်ကို ကြိုဆိုကြောင်း ဖော်ပြခဲ့ပါတယ်။

အလားတူ အူလန်ဘာတာကြေညာချက်မှာလည်း အေဆမ် ပူးပေါင်းဆောင်ရွက်မှုတွေဟာ တတိယ ဆယ်စုနှစ်ထဲ ဝင်ရောက်လာပြီဖြစ်တဲ့အတွက် ယခင်အတွေ့အကြုံများအပေါ် မူတည်ပြီး အာရှ-ဥရောပ ဒေသနှစ်ခုအကြား မိတ်ဖက်ဆက်ဆံမှု ပိုမိုခိုင်မာလာစေဖို့၊ လက်တွေ့ကျတဲ့ အကျိုးအမြတ်တွေ ရရှိလာစေမယ့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေအပေါ် ပိုမိုအလေးထားဆောင်ရွက်သွားဖို့၊ ကဏ္ဍစုံမှာ ပေါင်းစည်းဆက်နွှယ်မှုတွေ တိုးတက်မြင့်မားလာစေဖို့ ဆောင်ရွက်သွားကြရန် တိုက်တွန်းဖော်ပြခဲ့ပါတယ်။

**သုံးသပ်ချက်**

အေဆမ်ဆွေးနွေးပွဲဟာ ကမ္ဘာပေါ်မှာ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအရ အရေးပါတဲ့ အာရှနဲ့ ဥရောပဒေသကြီးနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်နိုင်ဖို့ ညှိနှိုင်းဆွေးနွေးလျက်ရှိတဲ့ ဖိုရမ်တစ်ခု ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်ကနေ စတင်ခဲ့တဲ့ အေဆမ်ဆွေးနွေးပွဲတွေဟာ အခုဆိုရင် နှစ်ပေါင်း ၂၀ သက်တမ်းရှိလာခဲ့ပြီ ဖြစ်ပါတယ်။ စတင်ချိန်က ၂၆ နိုင်ငံနဲ့ စတင်ခဲ့တဲ့ အေဆမ်ဟာ အခုဆိုရင် နိုင်ငံ/အဖွဲ့အစည်းပေါင်း ၅၃ ဦးအထိ ကြီးမားကျယ်ပြန့်လာခဲ့တာကို ကြည့်ခြင်းဖြင့် အေဆမ်ဆွေးနွေးပွဲတွေရဲ့ဆီလျော်မှုနဲ့ အရေးပါမှုတွေကို တွေ့မြင်နိုင်ပါတယ်။ နှစ်ပေါင်း ၂၀ သက်တမ်းအတွင်း အေဆမ်ဟာ အာရှနဲ့ ဥရောပဒေသကြီးနှစ်ခုအကြား အပြန်အလှန် နားလည်မှုကို မြှင့်တင်နိုင်ခဲ့သလို နိုင်ငံရေး ဆွေးနွေးပွဲတွေ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍတွေမှာ အပြန်အလှန် ဖလှယ်မှုတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်နိုင်ခဲ့တာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

အေဆမ်ဟာ လက်ရှိအားဖြင့် အာရှတိုက်နဲ့ ဥရောပတိုက်က နိုင်ငံတွေအားလုံး ပါဝင်လာခြင်း မရှိသေးပေမယ့် ကမ္ဘာ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ဂျီဒီပီရဲ့ ၅၈ ရာခိုင်နှုန်းနဲ့ ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၆၀ ရာခိုင်နှုန်းကို ကိုယ်စားပြုနေတဲ့အချက်နဲ့ ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံး ၁၀ နိုင်ငံအနက် ခုနစ်နိုင်ငံပါဝင်နေပြီး G-20 အဖွဲ့ဝင် ၁၂ နိုင်ငံပါဝင်နေတဲ့ အချက်တွေကို ကြည့်ရင် အာရှနဲ့ဥရောပအတွက်သာမကဘဲ ကမ္ဘာ့နိုင်ငံရေးနဲ့ စီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အရေးပါတဲ့ ဆွေးနွေးပွဲတစ်ခုဆိုတာ ထင်ရှားပါတယ်။

အေဆမ်ဟာ အဖွဲ့ဝင်အရေအတွက်သာ တိုးတက်လာတာမဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်တွေကိုလည်း တိုးချဲ့နိုင်ခဲ့ပါတယ်။ အေဆမ်ရဲ့ ပင်မမဏ္ဍိုင်ကြီး သုံးရပ်ဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ငွေကြေးကဏ္ဍ၊ လူမှုရေး၊ ယဉ်ကျေးမှု ကဏ္ဍများအပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍ၊ လူ့အခွင့်အရေးနဲ့ အလုပ်သမား အခွင့်အရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စက်မှုကဏ္ဍများနဲ့ အေဆမ်အဖွဲ့ဝင်နိုင်ငံများအကြား ကားလမ်း၊ ရထားလမ်း၊ လေကြောင်းပို့ဆောင်ရေး စတဲ့ ရုပ်ပိုင်းဆိုင်ရာ ပေါင်းစည်းဆက်နွှယ်မှု တိုးမြင့်လာစေရေးနဲ့ သတင်းအချက်အလက်နဲ့ နည်းပညာကဏ္ဍ၊ ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဖလှယ်မှု စတဲ့ ကဏ္ဍတွေမှာလည်း ပေါင်းစည်းဆက်နွှယ်မှု တိုးမြင့်လာစေရေးအတွက် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တစ်နည်းအားဖြင့် ဆယ်စုနှစ် နှစ်ခုကြာမြင့်လာပြီဖြစ်တဲ့ အေဆမ်ဆွေးနွေးပွဲတွေဟာ အလွတ်သဘော ညှိနှိုင်းဆွေးနွေးမှုတွေကနေ ဒေသကြီး နှစ်ခုလုံးအတွက် လက်တွေ့ကျတဲ့ ရလဒ်တွေ၊ အကျိုးအမြတ်တွေ ပေါ်ထွက်လာစေဖို့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် လမ်းကြောင်းပေါ် ပြောင်းလဲလာနေပြီ ဖြစ်ပါတယ်။ အခု (၁၁)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးမှာလည်း တက်ရောက်လာတဲ့ ခေါင်းဆောင်တွေက အေဆမ်ရဲ့လာမယ့် တတိယ ဆယ်စုနှစ်အတွင်းမှာ ပြည်သူလူထုကို အခြေပြုတဲ့ အေဆမ် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တွေကို ပိုမိုအားဖြည့် ဆောင်ရွက်သွားကြဖို့ နိုင်ငံရေးဆန္ဒ ခိုင်ခိုင်မာမာ ရှိနေကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြတဲ့အတွက် အေဆမ်လုပ်ငန်းစဉ်တွေဟာ အနာဂတ်ကာလမှာ တက်တက်ကြွကြွနဲ့ ပိုမိုအရေးပါလာမယ့် အနေအထားမှာ ရှိနေပါတယ်။

မြန်မာနိုင်ငံဟာ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒနဲ့အညီ ကမ္ဘာ့နိုင်ငံများ အားလုံးနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ အီးယူအဖွဲ့ဝင် နိုင်ငံများရဲ့ ဆက်ဆံရေးဟာ တစ်ချိန်က အေးစက်နေခဲ့ရာကနေ မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ်အတွင်း ရွေးကောက်ပွဲနဲ့ တက်လာတဲ့အစိုးရ ပေါ်ထွက်လာခဲ့ပြီးနောက် နှစ်ဖက်ဆက်ဆံရေးဟာ တိုးတက်ကောင်းမွန်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ အဆိုပါ ဆက်ဆံရေးဟာ သိသာထင်ရှားစွာ ပိုမိုအရှိန်ကောင်းမွန်လာခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ ဥရောပနိုင်ငံများအကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်လာပြီး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ခြင်းဟာ မြန်မာအစိုးရရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးရည်မှန်းချက်များ အောင်မြင်မှုရရှိရေးအတွက် များစွာ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

အခုအချိန်မှာ အာရှနဲ့ ဥရောပဒေသနှစ်ခုစလုံးဟာ အကြမ်းဖက်မှု၊ ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာလုံခြုံမှု၊ ငွေကြေးအကျပ်အတည်း၊ အခြေခံအဆောက်အအုံလိုအပ်ချက် အပါအဝင် တူညီတဲ့ စိန်ခေါ်မှုနဲ့ အခက်အခဲတွေကို ရင်ဆိုင်ကြုံတွေ့နေကြရတဲ့အတွက် ဒေသနှစ်ခုဟာ အပြန်အလှန် မှီခိုလာနေကြရပြီဖြစ်ပါတယ်။ အာရှ-ဥရောပ ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံ ပါဝင်ခြင်းကြောင့် မြန်မာနိုင်ငံဟာ နိုင်ငံတကာအသိုက်အဝန်းက ကြုံတွေ့နေရတဲ့ အခက်အခဲများကို လက်တွဲဖြေရှင်းနိုင်ဖို့ နိုင်ငံတကာမိသားစုနဲ့အတူ အမြဲပါဝင် ပူးပေါင်းဆောင်ရွက်လျက်ရှိနေတာကို ဖော်ညွှန်းပြသနေတဲ့အပြင် ဥရောပနိုင်ငံများနဲ့ ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ဖို့ ညှိနှိုင်းဆွေးနွေးနိုင်တဲ့ အခွင့်အလမ်းတွေကိုလည်း ရရှိစေခဲ့ပါတယ်။ အခု (၁၁) ကြိမ်မြောက် အေဆမ် ထိပ်သီးအစည်းအဝေးမှာ မြန်မာနိုင်ငံက သမ္မတကြီး ပါဝင်တက်ရောက်ခဲ့ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများနဲ့ အခြားနိုင်ငံများမှ ခေါင်းဆောင်များနဲ့ နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်နိုင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးမျက်နှာစာကို ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပဖို့ ကမ်းလှမ်းမှုအပေါ် အေဆမ်အဖွဲ့ဝင် နိုင်ငံအားလုံးက သဘောတူညီခဲ့ခြင်းဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေအပေါ် နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှုကို ရရှိခဲ့ခြင်းဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ သံတမန်ရေးရာ အောင်မြင်မှုရလဒ်တစ်ခု ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်ထုတ် သားကောင်းတမန် မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော တက္ကသိုလ်ဟန်စိုးဦး၏ ဆောင်းပါးအား အချက်အလက်အချို့ ပြန်လည် ပြင်ဆင်ဖော်ပြခြင်း ဖြစ်ပါသည်။

## (၁၃)ကြိမ်မြောက် အေဆမ်အစည်းအဝေးသို့ တက်ရောက်သည့် နိုင်ငံခြားရေးဝန်ကြီးများ



Name - H.E. Ciaran Cannon
Position - Minister of State
Organization - Embassy of Ireland
Country - Ireland



Name - H.E. Saleumxay Kommasith
Position - Minister of Foreign Affairs of the Lao PDR
Organization - Ministry of Foreign Affairs of the Lao PDR
Country - Lao PDR



Name - Mr. Andrejs Pildegovics
Position - State Secretary
Organization - Ministry of Foreign Affairs
Country - Latvia



Name - Mr. Carmelo Abela
Position - Minister for Foreign Affairs and Trade Promotion
Organization - Ministry for Foreign Affairs and Trade Promotion
Country - Malta



Name - Mr. A H Mahmood Ali
Position - Hon'ble Foreign Minister
Organization - Ministry of Foreign Affairs
Country - Bangladesh



Name - H.E. Prak Sokhonn
Position - Minister
Organization - Ministry of Foreign Affairs and International Cooperation
Country - Cambodia



Name - H.E. Wang Yi
Position - Foreign Minister
Organization - Chinese Ministry of Foreign Affairs
Country - China



Name - H.E. Timo Soini
Position - Minister for Foreign Affairs of Finland
Organization - Ministry for Foreign Affairs of Finland
Country - Finland



Name - H.E. Le Drian
Position - Minister for Europe and Foreign Affairs
Organization - Ministry for Europe and Foreign Affairs
Country - France



Name - Mr. Sven Mikser
Position - Minister
Organization - Ministry of Foreign Affairs
Country - Estonia



Name - Mrs. Retno L.P. Marsudi
Position - Minister for Foreign Affairs of the Republic of Indonesia
Organization - Ministry of Foreign Affairs of the Republic of Indonesia
Country - Indonesia



Name - Mr. Sigmar Gabriel
Position - Federal Foreign Minister
Organization - German Federal Foreign Offi ce
Country - Germany



Name - H.E. Peter Szijjarto
Position - Minister
Organization - Ministry of Foreign Affairs and Trade
Country - Hungary



Name - Mrs. Ine Marie Eriksen Soreide
Position - Minister of Foreign Affairs
Organization - Ministry of Foreign Affairs
Country - Norway



Name - Mr. Kazuyuki Nakane
Position - Minister of State for Foreign Affairs
Organization - Ministry of Foreign Affairs
Country - Japan



Name - Mr. Vijay Kumar Singh
Position - Minister of State for Foreign Affairs
Organization - Ministry of External Affairs
Country - India

(၁၃)ကြိမ်မြောက် အေဆမ်အစည်းအဝေး အချုပ်ပိုစာမျက်နှာများကို ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပါသည်။